www.burmeseclassic.com

မန္တလေးမြို့ ညောင်ကန်ကျောင်းတိုက်

အောင်မြေရတနာကျောင်းပဓာနနာယက

## ဆရာတော် ဘဒ္ဒန္တနေမိန္ဒ-၏




# လူတိုင်းအတွက် ဓမ္မလက်ဆောင်

## အမှတ် (၂)

## နှစ်(၃၀)ပြည့် မွေးနေ့ကုသိုလ်

သာသနာ - ၂၅၆၀ ကောဇာ - ၁၃၇၈

www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်းစကား

လူတိုင်းအတွက် ဓမ္မလက်ဆောင် အမှတ်(၁)၊ အမှတ်(၂) စသည် ခွဲပြီး ရိုက်နှိပ်ရခြင်း၏အကြောင်းရင်း-

လူ့ဘောင်, လူ့ဘဝ, လူ့လောကမှာ ပလိဗောဓဒုက္ခက များလေတော့ စာဖတ်စာကြည့် အချိန်မရှိက များကြပါ၏။ စာအုပ်က ထူနေရင် စာအုပ်ကိုကြည့်ရင်း ပင်ပန်းဖွယ်ရှိ၏။ ထို့ကြောင့် အမှတ်(၁)၊ (၂) ခွဲခြားလိုက်ရခြင်း ဖြစ်ပါ၏။

ဘာသာရေးစာပေဆိုတာ စီးပွားရေး, ကြီးပွားရေးနဲ့ မပတ်သက်ဘူးလို့ ထင်ကြမိသူတွေချည်းပါပဲ။ တကယ်တမ်း ဆန်းစစ်လေ့လာရင် ပတ်သက်မှုများစွာ ရှိပါ၏။

မြတ်ဗုဒ္ဓက လူဖြစ်လာပြီဆိုကတည်းက တာဝန်၊ ဝတ္တရား ကိုယ်စီရှိကြပါ၏ဟု သုတ်ပါထေယျပါဠိတော် သိင်္ဂါလောဝါဒ သုတ်မှာ မိန့်ဟခဲ့ပါ၏။

မိဘဝတ္တရား (တာဝန်)၊ သားသမီးဝတ္တရား (တာဝန်)၊ ဆရာဝတ္တရား (တာဝန်)၊ တပည့်ဝတ္တရား (တာဝန်) စသည်ပေါ့၊ ရင်းသုတ်မှာ တွေ့ရှိရပါ၏။ လိမ္မာမှု၊ ယဉ်ကျေးမှုတွေဟာ ဘာသာရေးကို အခြေခံသလို တိုးတက်ရေး၊ ကြီးပွားရေးဆိုတာ လည်း ဘာသာရေးကို အခြေခံလျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စာပေကို တန်ဖိုးမထားတဲ့ခေတ်ဆိုတော့ စာအုပ်စာပေက ပေးလာမည့်အသိဉာဏ် မိမိမှာ မရှိတာ သေချာပါ၏။ ဘာသာရေး လေ့လာဆည်းပူးမှု နည်းပါးလျှင် ထိုနည်းတူစွာ မှတ်သင့်ပါ၏။ ဘယ်လို ပြောရမလဲ၊ စာအုပ် လက်ဆောင်ကို ငွေတစ်ထောင်လောက် မမက်ဘူးပြောရမလား။ တန်ဖိုးမထားတတ်ဘူးပြောရမလား။ လူတစ်ယောက် အကြိုက်တစ်မျိုးဆိုတော့ လူတစ်ထောင်ဆိုရင် အကြိုက်တစ်ထောင် ရှိသွားမှာပေါ့နော်။

အရာဝတ္ထုပစ္စည်းမှန်သမျှ တန်ဖိုးရှိကြတာချည်းပါပဲ။ သုံးတဲ့သူက တန်ဖိုးမထားရင် တန်ဖိုးမများတော့ဘူး။ မသုံးတတ်ရင် အသုံးမတဲ့တော့ဘူးပေါ့။ ဒါဘယ်သူ၏အပြစ်လဲ၊ ဘယ်သူ၏ အမှားလဲ စဉ်းစားစေလိုပါ၏။ အသုံးအဆောင်ပစ္စည်းမှန်သမျှ တန်ဖိုးရှိကြသလို သုံးတဲ့သူမှန်သမျှ တန်ဖိုးရှိကြဖို့ လိုအပ်ပါ၏။

ဥပမာ- လုံချည်တစ်ကွင်း သိမ်းမထား၊ ထိန်းမထားရင် ပျက်စီးသွားသလိုမျိုးကို ဆိုလိုပါ၏။ သုံးတဲ့သူက အသုံးမကျရင် ပျက်စီးလွယ်ခြင်းသဘော မျက်မှောက်ခေတ် နေရာတိုင်း တွေ့နိုင်ပါ၏။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ-ဟူသော ဒေသနာတော်ကို ကြည့်မယ်ဆိုရင် အလှူတကာတို့တွင် တရားအလှူသည် အမြတ်ဆုံးဟု ဆိုထားပါ၏။ အမြတ်ဆုံးတရားကို ဆည်းပူးမှ အမြတ်ဆုံးလူဖြစ်မည်ဟု သဘောပေါက်သင့်ပါ၏။

စာအုပ်စာပေ ဖတ်ရှုလေ့လာခြင်းသည် ငွေကြေးကုန်ကျမှု နည်းပါးပြီး ပစ္စုပ္ပန်ရော သံသရာပါ ကောင်းကျိုးများနိုင်ပါ၏။ မနှမြောတဲ့သူ မတွန့်တိုတဲ့သူ လောကမှာ မရှိပါဘူး။ အိတ်သွင် ဖာမှောက်ကို ဆိုလိုပါ၏။

ဒါကြောင့် အချိန်ယူပြီး စာအုပ်စာပေ ဖတ်ရှုလေ့လာကြပါ၊ ဆည်းပူးမှတ်သားကြပါဟု အားလုံး အားလုံးရဲ့ အကျိုးကို မျှော်၍ နှိုးဆော်လိုက်ပါသတည်း။

**ဘဒ္ဒန္တနေမိန္ဒ**
သာသနဇောတိပါလဓမ္မာစရိယ
စာချကထိက၊ တိုက်အကျိုးတော်ဆောင်
အောင်မြေရတနာကျောင်း
ညောင်ကန်ကျောင်းတိုက်
မန္တလေးမြို့။



www.burmeseclassic.com

www.burmeseclassic.com

# စိတ်အကြောင်းသိကောင်းစရာ

**အာရမ္မဏံ စိန္တေတီတိ စိတ္တံ၊ ဝိဇာနာတီတိ အတ္ထော။**
ဟုဋီကာဆရာများ၊ အဋ္ဌကထာဆရာများ ဖွင့်ဆိုထားသည့် အားလျော်စွာ ကြံတတ်သောကြောင့် စိတ်မည်၏။ ကြံစည်တယ်ဆိုတာ အာရုံသိခြင်းသဘောကို ဆိုလိုသည်။

တစ်နည်းအားဖြင့်ပြောရရင် ပြေးလွှားသွားလာနေသော သူတစ်ယောက်နှင့် ဥပမာတူ၏။ အမြဲတမ်း မနားတမ်း လှုပ်ရှားနေသောသဘောကို ဆောင်၏။ စိတ်မှာ အမြဲတမ်းယှဉ်တွဲ ဖြစ်လေ့ရှိသော ကုသိုလ်, အကုသိုလ် သဘောတရားများ ရှိ၏၊ ဒီသဘောတရားများကို အဘိဓမ္မာသင်ဖူးလေ့လာဖူးသော သူများသာ ပိုင်ပိုင်နိုင်နိုင်သိနိုင်၏ သိခွင့်ရှိ၏။

စာပေအရပြောရရင် အဘိဓမ္မတ္ထသင်္ဂဟကျမ်းဝယ် စေတသိက်ပိုင်း၌ ကုသိုလ်တရား အကုသိုလ်တရားများ ဖေါ်ပြပါရှိ၏၊ ထို့ကြောင့် စေတသိက်တရားများ ဖြစ်၏။

စေတသိက်ဟူသည်-

**စေတသိ ဘဝါ စေတသိကာ**။ စေတသိ- စိတ်၌။ ဘဝါ- ဖြစ်ကုန်သော တရားတို့။ စေတသိကာ၊ စိတ်၌ဖြစ်ကုန်သော တရားတို့၊ (ဝါ) စေတသိက်တို့။

www.burmeseclassic.com

www.burmeseclassic.com



စိတ်၌မှီတွယ်ပြီး အကောင်းအဆိုးအာရုံ၏ အရသာကို ခံစားခြင်း သဘောရှိ၏။ ဒါပေမဲ့ လောကလူတွေ သိထားတာ သိနေကြတာကတော့ စိတ်ပဲ။

စိတ်ကတော့ စိတ်ပါပဲ၊ အကောင်းအဆိုးဖြစ်အောင် ခြယ်လှယ်ခြင်း၊ ဖန်တီးခြင်းပြုလုပ်နေတာ နောက်ကွယ်က စေတသိက်ပါပဲ မသိသေးသူများ သိသာရုံမျှ ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

စိတ်၏ဆန်းကြယ်ပုံကို ကြည့်ကြစို့-

ယနေ့ခေတ်ဟာ သိပ္ပံခေတ်ပါ၊ သိပ္ပံ အတတ်ပညာလည်း ဘယ်ကလာသလဲ? ဆန်းစစ်ကြည့်လျှင် လူတစ်ဦးတစ်ယောက်၏ စိတ်က လာတာပါ။

ယနေ့ခေတ် အသုံးအဆောင် အဝတ်အစား အဆန်းအပြားတွေ ဘယ်ကလာလဲ? ဆန်းစစ်လိုက်တဲ့အခါ လူတစ်ဦးတစ်ယောက်၏စိတ်က လာတာပါ။ ဆန်းကြယ်တဲ့ပန်းချီပုံကား အဆန်းအပြားတွေ တွေ့ဘူး မြင်ဘူးကြမှာပါ။ ပန်းချီပုံကား ဆန်းပြားတာ ဆန်းကြယ်တာထက် စိတ်က ပိုပြီးဆန်းပြား ဆန်းကြယ်ပါတယ်။

စာရေးသူ ငယ်ငယ်က စာထဲမှာ သတ္တဝါအနန္တပုဒ်၏ သဘောသွားကို ကောင်းကောင်း နားမလည်ခဲ့ပါဘူး။ အမြင်အသိ မရှင်းခဲ့ပါဘူး။ Discovery ကြည့်လိုက်မှ သတ္တဝါအနန္တ ဆိုတဲ့စာပုဒ်ကို ရှင်းသွားတော့တယ်။



အံ့မခန်းပွါးယ်က သတ္တဝါတွေဟာ မရေမတွက်နိုင်အောင် များပြားလွန်းတယ်၊ ဆန်းကြယ်လွန်းတယ်။ ဒီဆန်းကြယ်မှုကိုလည်း ဘယ်သူက ပြုသလဲ၊ စိတ်ကပဲ သတ္တဝါအမျိုးမျိုးဖြစ်အောင် ဖန်တီးပေးလိုက်တာပဲ၊ ဆန်းကြယ်အောင် ဆန်းပြားအောင် တီထွင်ပေးလိုက်တာပဲ။ လောကကြီးရဲ့ အဆန်းအပြား မှန်သမျှဟာ လူတစ်ဦးတစ်ယောက်စိတ်ကပဲဖြစ်ပေါ် လာတာပါဟု မှတ်သင့်ပါသည်။

ဗုဒ္ဓဘာသာဝင်များ သိသင့်တာကိုမသိ ဖြစ်နေပါတယ်။ ဗုဒ္ဓဝါဒဗုဒ္ဓ၏ အယူအဆ လေ့လာကြည့်ရင် စိတ်ကိုပြုပြင်တဲ့ဝါဒ၊ တစ်နည်းပြောရရင် စိတ်ကို မိမိလိုရာရအောင်၊ ရောက်အောင် ထိန်းသိမ်းတဲ့ဝါဒ။ ယခုခေတ်က ရုပ်ကိုပြုပြင်တဲ့ဝါဒ၊ ရှုံးဝါဒ၊ မော်ဒယ်ဝါဒခေတ်ဖြစ်နေကြပြီ။ ဗုဒ္ဓဝါဒ, ဗုဒ္ဓအယူအဆနဲ့ ယှဉ်ကြည့်လျှင် ပြောင်းပြန်ဖြစ်နေပြီ။

ဗုဒ္ဓက စိတ်အေးချမ်းအောင် တည်ဆောက်တဲ့ဝါဒ၊ ယခုခေတ် လူတွေလုပ်နေတာ လိုက်နေတာတွေက စိတ်ညစ်ရတဲ့ဝါဒ၊ ဗုဒ္ဓဘာသာ ဗုဒ္ဓဘာသာနဲ့ ဗုဒ္ဓကို ညာနေကြတဲ့သူတွေများနေကြပြီ၊ ညာနေသမျှ ငြိုးငြူမှုမပြတ် ဖြစ်နေကြဦးမည်ဟု စာရေးသူမှ သတိပေးချင်ပါသည်။

ငြိုးငြူဟူသည် စိတ်ဆင်းရဲ ကိုယ်ပင်ပန်းခြင်းကိုဆိုလိုသည်၊ စိတ်၏သဘောကို စစ်ဆေးကြည့်လျှင် စိတ်အကြောင်း စိတ်၏သဘော မသိသူ နားမလည်သူများကို မိမိစိတ်ကပဲ ဗလောင်းဗလဲဖြစ်အောင် ဆင်းရဲခြင်းတွေ ပူပန်ခြင်းတွေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အောင် လုပ်ဆောင်လျက်၊ ပြောဆိုလျက် ကြံစည်လျက်ရှိနေသည်ကို တွေ့မြင်ရပါသည်။

အမှားကိုလည်း အမှန်ထင်အောင် အမှန်ကိုလည်း အမှားထင်အောင်၊ အရှိကိုလည်း မရှိထင်အောင် မရှိကိုလည်း အရှိထင်အောင် လုပ်ဆောင်လျက်ရှိနေပါသည်။

စိတ်ဆိုတာ စာပေအရ တကယ်ရှိပါတယ်၊ သို့သော် တကယ်မြင်ရတဲ့အရာ, ကိုင်ပြလို့ရတဲ့အရာမျိုး မဟုတ်ဘူး။ လူတစ်ဦးတစ်ယောက်နာမည်၊ ပစ္စည်းတစ်ခုနာမည်လို ခေါ်ဝေါ်ဖြစ်အောင် မှည့်ထားတာမျိုးလည်း မဟုတ်ဘူး။

မင်း ငါ့စိတ်ကို စမ်းနေတာလား၊ သတ္တိရှိရင် ငါ့ထိကြည့်ပါလားဆိုသော စကားလုံးတွေဟာ မရှိကို အရှိထင်အောင် လုပ်ထားတာပါ။ ငါဆိုတာ တကယ်ရှာလျှင် တကယ်မရှိဘူး။ နားလည်လွယ်အောင် သုံးနှုန်းထားတာပါ၊ ပုထုဇဉ်လူတွေဆိုတာ အတော်ကို ခက်ပါတယ်။ ဘာပြုလို့လဲ ကိုယ်လုပ်တာ ကိုယ်ပြောတာ ကိုယ်ကြံစည်တာမှ ဟုတ်တယ်လို့ထင်နေလို့ပဲ။

**"ပုထု ကိလေသေ ဇနေတီတိ ပုထုဇ္ဇနော"** ဟု အဋ္ဌကထာဆရာတို့ ဖွင့်ဆိုကြ၏။

ပုထု၊ များစွာကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ဇနေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်မည်၏။ များစွာကုန်သော ကိလေသာ (စိတ်ညစ်နွမ်းခြင်းသဘော)တို့ကို ဖြစ်စေတတ်သောကြောင့် ပုထုဇဉ်မည်ပါသတဲ့။



**သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ။**
**စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။**

[ဓမ္မပဒ-၁၈]

သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲစွာထသော။ သုနိပုဏံ၊ အလွန်သိမ်မွေ့စွာထသော။ ယတ္ထကာမနိပါတိနံ၊ မျိုးနွယ်နိမ့်မြင့် သင့်မသင့်ကို မချင့်တွက်ဘဲ အမှတ်မရှိ ကာမဂုဏ်အာရုံ၌ ကျက်စားလေ့ရှိထသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ ပညာရှိသည်။ ရက္ခေထ၊ စောင့်ထိန်းရာ၏။ ဂုတ္တံ၊ စောင့်၍လုံသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ ချမ်းသာကိုဆောင်တတ်၏။

စိတ်ဆိုတာ မြင်နိုင်ခဲတဲ့ အရာဝတ္ထု၊ အလွန်သိမ်မွေ့နူးညံ့တဲ့အရာဝတ္ထု၊ မြင်မြင်သမျှ ကောင်းလျှင်လိုချင်၊ လှလျှင်လိုချင်တတ်သော သဘောရှိတဲ့စိတ်ကလေးကို ပညာရှိပီပီ စောင့်ထိန်းပါ၊ အောင့်အည်းထားပါ၊ စောင့်ထိန်းနိုင်၊ အောင့်အည်းနိုင်တဲ့စိတ်ကလေးက သင့်ကို ချမ်းသာအောင် ဆောင်ရွက်ပေးနိုင်ပါတယ်လို့ ဆိုလိုခြင်း ဖြစ်သည်။

ကောက်နုတ်ချက်ကို ဖော်ပြပါဆိုလျှင် မေဓာဝီပုဒ်ကိုပဲ စာရေးသူက ဖော်ပြချင်ပါသည်။

ဘာကြောင့်လဲ? စိတ်ကို ထိန်းသိမ်းနိုင်တယ်ဆိုတာ ပညာရှိမှ, အသိဉာဏ်ရှိမှ ပညာမဲ့, အသိဉာဏ်မဲ့နေလျှင် မိမိခန္ဓာကိုယ်ဟာ စိတ်၏တမန်သည်ဘဝ ရောက်မှန်းမသိရောက်နေသလို ခိုင်းမှန်းမသိ အခိုင်းခံနေကြသူတွေဖြစ်နေမှာ သေချာ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ စာဖတ်သူတို့ကိုယ်တိုင်လည်း အဖြေရှာကြည့်သင့်ပါတယ်။ အဖြေရှာတဲ့နေရာမှာ ဗုဒ္ဓစာပေနှင့်ညီလျှင် အမှန်ပဲပေါ့။ မညီလျှင် မှားကောင်း မှားနိုင်ပါ၏။ ဤကား ဓမ္မသဘာဝအလိုတည်း၊ လောကသဘာဝအလိုနှင့်တော့ ပုံသေပြောလို့ ရနိုင်မည် မဟုတ်ပေ။

အချို့က ဗုဒ္ဓစာပေကို ကြည့်ရှုံနဲ့ ငြီးငွေ့ကြတာ ရှိကြပါတယ်။ ဗုဒ္ဓစာပေကိုဖတ်လျှင်ပဲ စိတ်ဓာတ်ကျသလို ဖြစ်သွားကြတာ တွေ့နေရပါတယ်။ ဒါလည်း ဖြစ်နိုင်လောက်ပါတယ်၊ အရက် မကြိုက်သူတစ်ယောက် အရက်သောက်သလို ဖြစ်သွားလို့ ရှိမှာပါ။

လောကအာရုံ လောကအတွေ့တွေဟာ ငယ်ငယ်ကတော့ ဟုတ်သယောင်ယောင်ပဲ၊ ကြီးလာလေ ကြာလာလေ ဘာတစ်ခုမှ ဟုတ်တာ မတွေ့ရဘူး။ မဟုတ်တာတွေနဲ့ လုံးထွေးပြီး ဖြတ်သန်းနေကြတာပဲ။ လောကအာရုံကို အဟုတ်ထင်နေတာလည်း စိတ်ပဲ၊ လောကအတွေ့ အမှန်ထင်နေတာလည်း စိတ်ပါပဲ။

**ပါပသ္မိံ ရမတိ မနော**။ [ဓမ္မပဒ]

မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းမှု၌။ ရမတိ၊ မွေ့လျော်၏။ (ဝါ) ပျော်၏။

စိတ်ဟာ မကောင်းတဲ့နေရာ မကောင်းတဲ့အလုပ်မှာ မွေ့လျော်ပျော်တဲ့သဘောရှိတယ်လို့ ဆိုလိုခြင်း ဖြစ်သည်။



ဘုရားကတော့ မမှန်တာ မဟောခဲ့ပါဘူး၊ ဒီဒေသနာလေးနဲ့ လောကကို တိုက်ကြည့်၊ ယှဉ်ကြည့်မယ်ဆိုလျှင် ဘုရားဟောခဲ့တာ လက်ဖျားခါလောက်အောင်မှန်တာ တွေ့ရပါလိမ့်မည်။

လူတွေဟာ စားဝတ်နေရေး အချိန်ပေးနေကြတာ တွေ့ရပါတယ်၊ ကုသိုလ်ရေး၊ ဒါနရေး၊ ကူညီရေးဆိုလျှင် အချိန်မပေးချင်ကြဘူး။ ဘာပြုလို့ မပေးနိုင်ကြသလဲ? အတ္တစိတ်ကြောင့်ပဲ၊ ငါစွဲစိတ်ကြောင့်ပဲ ငါ့အတွက်အကျိုးမရှိလျှင် မကူညီနိုင်ဘူး, မပေးနိုင်ဘူးဟူသော စိတ်ကြောင့်ပဲဆိုတာ စဉ်းစားကြည့်လိုက်ပါ။

အဲဒီလို မပေးနိုင်, မကူညီနိုင်တဲ့သူတွေဟာ သူတစ်ပါးဆီက အကူအညီရလျှင် အားမနာတမ်း ယူတတ်တယ်။ ပေးလျှင်, ကျွေးလျှင် အားမနာတမ်း စားတတ်တယ်။ ဘာစိတ်လဲ? ငါစွဲစိတ် အတ္တစိတ်ကြောင့်ပဲ၊ အတ္တစိတ် ငါစွဲစိတ်ရှိသူများဟာ စားဝတ်နေရေး အချောင် ရှာတတ်တယ်။ အချောင်လုပ်တတ်တယ်ဆိုတာ သတိရှိစေချင်ပါတယ်။

ဒီနေရာမှာ စာရေးသူ ဘယ်သူ့ကိုမှ မရည်ညွှန်းပါဘူး၊ စိတ်၏ဖြစ်စဉ်ကို ကြည့်ပြီး ရေးသားလိုက်ခြင်းဖြစ်ပါ၏။

**"စိတ်ဟုမည်ငြား၊ ဤတပါးမျှ၊ တရားကိုကြပ်၊ စောင့်စည်းကွက်က၊ လူ့ရပ်နတ်ရွာ၊ ပြဟ္မာနိဗ္ဗာန်၊ ရောက်ကြောင်းမှန်၏"** ဟု မဃဒေဝအကျော် မိန်လည်ဆရာတော်ကြီး ရေးစပ်ထားသည်ကို တွေ့ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မိမိကိုယ်ကို ကောင်းချင်လျှင်, ချမ်းသာချင်လျှင် စိတ်ကို တရားနှင့်ထိန်းကြပါ။ ဒီစိတ်ဟာ အသက်ကြီးလာလေ ဘယ်သူမှ ထိန်းလို့ မရလေဘဲ၊ ဘယ်သူမှ ထိန်းလို့မရလေ ဒုက္ခသုက္ခနှင့် တွေ့ရလေ, ကြုံရလေပဲ။

လောကသဘောသွား လောကသဘာဝတွေဟာ စဉ်းစားကြည့်လျှင် ဒုက္ခကို ဖြတ်သန်းရတဲ့ သဘောပါ။ ခန္ဓာရလာတာကိုက ဒုက္ခကို ရင်ဆိုင်ဖို့ပဲ၊ ထားပါတော့. . ။

လက်ာသဘောသွားကို ဆက်ကြည့်ရအောင်. . .

စိတ်ကို ထိန်းကွပ်နိုင်လျှင် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်, နိဗ္ဗာန်ထိ ရနိုင်ရောက်နိုင်ပါသည်ဟု ဆိုလိုခြင်း ဖြစ်သည်။ အကယ်၍ မိမိစိတ်ကို မထိန်းနိုင်လျှင် ယခုပစ္စုပ္ပန်လည်း စိတ်ပူပန်မှုဖြစ်ကြမှာ သေချာပါတယ်။ နောက်နောင်ဘဝတွေလည်း **"စိတ္တာရော အပါယံ ဘူမိဂတော"**ဟု ဘုရားဟောရှိသည့်အတိုင်း အပါယ်လေးဘုံသို့ မှားရန်မရှိ လားရန် သွားရန်သာ ရှိပေလိမ့်မည်။ ဘာကြောင့်လဲ စောဒကတက်ရန်ရှိ၏။

မိမိစိတ်ကို မထိန်းနိုင်လေတော့ မကောင်းမှုအကုသိုလ်တွေ အဖြစ်များ အပြုများကြမှာပဲ၊ မကောင်းမှုအကုသိုလ်ဆိုတာ အပါယ်သို့ သွားရာလမ်းကြောင်းဖြစ်နေလို့ပဲ။

ရှင်းပါဦးမည်-

အပါယ်ဘုံတို့ နတ်ပြည်, ဗြဟ္မာ့ပြည်တို့ဆိုတာ ဟိုရွာဒီမြို့သွားသလို သွားလို့ရတဲ့ အရာမျိုး မဟုတ်ဘူး။ မိမိအလေ့အကျက်များသော ကုသိုလ်စိတ်ကြောင့် နတ်ပြည်, ဗြဟ္မာပြည်



စသည်၊ မိမိအလေ့အကျက်များသော အကုသိုလ်စိတ်ကြောင့် အပါယ်လေးဘုံသို့ သွားရခြင်းရောက်ရခြင်းဖြစ်သည်ဟူ၍မှတ်။

စာရေးသူဟာ ပညာရှိ ပညာတတ် မဟုတ်ပါဘူး၊ ပညာပျက် ပညာတော်တစ်ယောက်ပါ၊ အချိန်တွေ နာရီတွေ နေ့တွေ အလကားဖြစ်မသွားအောင် အသုံးချတဲ့အနေနဲ့ စာရေးသားခြင်းဖြစ်တယ်ဆိုတာ အမှန်ကိုအမှန်အတိုင်း ဝန်ခံလိုက်ပါရစေ။

မိမိခန္ဓာကိုယ်ကို စဉ်းစားကြည့်လျှင် စိတ်က အရှင်သခင်၊ ခန္ဓာက ကျွန်ပါပဲ၊ စိတ်မှာဖြစ်ပေါ်လာတဲ့အရာမှန်သမျှ ခန္ဓာနှင့် အကောင်အထည် ဖော်နေကြတာပါ။ စိတ်က အရာကျယ်သလို လောကကလည်း အရာကျယ်ပါတယ်။ ဗုဒ္ဓစာပေတွေလည်း အရာကျယ်တယ်။

ဗုဒ္ဓစာပေတွေမှာ ဂမ္ဘီရ-နက်နဲတယ် နက်ရှိုင်းတယ်ဆိုတဲ့ သဘောပါရှိလေတော့ မိမိ၏ဉာဏ် အနုအရင့်ပေါ်မှာ မူတည်ပြီး နုရင်နုသလောက်, ရင့်ရင်ရင့်သလောက် မြင်နိုင်သိနိုင်ကြတာပါ။

အရိယာတို့မှာ သူတို့စိတ်ကို သူတို့လိုရာ ရအောင်ရောက်အောင် စရဏပေါ်မှာမူတည်ပြီး ထိန်းထားနိုင်စွမ်းသဘောရှိ၏။

တစ်နည်းပြောရရင် ကိလေသာရန်သူတွေကို ပယ်နိုင်တဲ့ အစွမ်းသတ္တိရှိသောကြောင့် အရိယာမည်၏။

ကိလေသာကိုပယ်တဲ့နေရာမှာ စိတ်မှာပဲ သတိအသိအသုံးချပြီး ပယ်ရခြင်း, ဖယ်ရခြင်း သဘောရှိ၏။ ကိလေသာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ စိတ်မှာဖြစ်တာ။ ရုပ်မှာဖြစ်တာ မဟုတ်ဘူး။ သာမန်လူတွေကို စိတ်က ခြယ်လှယ်တာမဟုတ်ဘူး၊ ကိလေသာက ခြယ်လှယ်နေတာ။ သူခြယ်လှယ်တာ ခံနေရပါသလားဆိုတာ ဘယ်သူမှ မသိနိုင်ကြသလို မိမိလည်း မသိဘူး၊ သူတစ်ပါး ပြောလည်း လက်ခံနိုင်စွမ်း မရှိကြဘူး။ ဒါတွေရဲ့ တရားခံက ကိလေသာတွေပါ၊ စိတ်မဟုတ်ပါဘူး။

မိမိ၏စိတ်ကို ကိလေသာရန်တွေမှ ရုန်းထွက်နိုင်အောင် ကြိုးစားကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်လိုက်ပါရစေ. . . . . . ။

■

## ခန္ဓာစာကြောင်းသိကောင်းစရာ

**"ဇာတိဇရာမရဏာဒီဟိ သံသာရဒုက္ခေဟိ ခါဒိတဗ္ဗာတိ ခန္ဓာ"** ဇာတိဇရာမရဏစသည့် သဘောတရားများသည် ကိုက်စားဝါးမျိုအပ်သောကြောင့်လည်းကောင်း၊ သံသရာဆင်းရဲတို့သည် ကိုက်စားဝါးမျိုအပ်သောကြောင့်လည်းကောင်း ခန္ဓာမည်၏။

(တစ်နည်း) **ကေဇ္ဈံ ရာသဋ္ဌေန ခန္ဓာ** ဋီကာဆရာဖွင့်ဆိုသောကြောင့် ခန္ဓာဟူသည် အပေါင်းအစုဟု အဓိပ္ပာယ်ရ၏။ ဘာတွေပေါင်း ဘာတွေစုထားသလဲဆိုရင် ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် ဒီငါးပါး ပေါင်းစုထားပါသည်။

မိမိ၏ခန္ဓာမှာ ရုပ်၊ ခံစားခြင်း၊ မှတ်သားခြင်း၊ ပြုပြင်ပေးရခြင်း၊ သိခြင်း ဒီသဘောတရားတွေ ပါတယ်။ ဒါတွေကို ပေါင်းစုထားတယ်လို့ အဓိပ္ပာယ်ယူပါ။

ဗုဒ္ဓဟောကြား မြတ်တရားတွေဟာ အားလုံး လူမျိုးမရွေး ဘာသာမရွေး လေ့လာလို့ရတယ် စမ်းသပ်လို့ရတယ်။ လေ့လာခံနိုင်တဲ့ စွမ်းရည်ရှိတယ်။ စမ်းသပ်ခံနိုင်တဲ့ စွမ်းရည်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာပြပါဆိုလျှင် သမုဒ္ဒရာကြီးနှင့်တူတယ်၊ လမ်းဆုံလယ်က ရေအိုးစင်နှင့် တူတယ်၊ ဇရပ်နှင့်လည်း တူတယ်၊ တရားတော်တွေဟာ လောကကြီးထဲမှာ ရှိနေသေးတယ်။ ယူတတ်သည့်သူ ရမှာပဲ၊ လိုက်နာနိုင် ကျင့်နိုင်တဲ့သူ အမြတ်ထွက်မှာပဲ၊ တရားတော်က ထွက်လည်း မပြေးဘူး၊ ပုန်းလည်း မနေဘူး။ သူ့ကိုအရေးထားလျှင် သူကလည်း ပြန်ပြီးလေးစားသမှုပြုပါတယ်။ သူ့ကိုအရေးမထားလျှင် သူကလည်း တဲ့တာလို့ နှုတ်ဆက်ပြီးသားပါ။

**အနန္တာဒီနဝေါ ကာယော၊**
**ဝိသရုက္ခသမူပမော။**
**အာဝေါသော သဗ္ဗရောဂါနံ၊**
**ပုဉ္ဇော ဒုက္ခဿ ကေဝလော။**

ဇာတကဋ္ဌကထာ (ပ)အုပ် ဖော်ပြပါရှိ၏။

အယံ ကာယော- ဤမိမိ၏ခန္ဓာသည်၊ အနန္တာဒီနဝေါ- အဆုံးမရှိအဖြစ် ပြည့်သောခန္ဓာကြီးပါတကား။

မိမိခန္ဓာကိုယ်ကြီးဟာ အဆုံးမရှိ (ဝါ) ဆုံးတယ်မရှိ၊ အပြစ် မကောင်းမှုပြည့်နေတဲ့ ခန္ဓာကောင်ကြီးပဲတဲ့။

ဝိသရုက္ခသမူပမော- အဆိပ်ပင်ကို အရှင်သခင်လုပ်ကာ ပေါင်းဖော်နေရတဲ့ ခန္ဓာကိုယ်ကြီးပါတကား။

ခန္ဓာကိုယ်ကို အဆိပ်ပင်ဥပမာဖြင့် ဟောကြားထားခြင်းဖြစ်၏။ ခန္ဓာကိုယ်ဟာ အဆိပ်ပင်နှင့်တူသည်။ အဆိပ်ပင်သဖွယ်



ဖြစ်သောခန္ဓာကိုယ်ကြီး အရှင်သခင်လုပ်ပြီး ပေါင်းဖော်နေရသလိုပဲတဲ့။

သာမန်ပုထုဇဉ်အမြင်ကတော့ ခန္ဓာကိုယ်ဟာ နှစ်သက်စရာအကောင်းဘက်က မြင်မှာပေါ့။ အရိယာသူတော်ကောင်းတို့အမြင်က ခန္ဓာကိုယ်ဟာအဆိပ်ပင်ပဲ။

ခြားနားချက်ကို သတ်မှတ်ပြပါဆိုလျှင် အမြင်ချင်းမတူညက်ရည်ညက်သွေး အနိမ့်အမြင့်က ခြားနားချက်ဖြစ်ပေါ်လာတာပဲ။ ဒါကို ငြင်းခုံနေလျှင် ပြဿနာတက်သွားမယ်နော်။

သဗ္ဗရောဂါနံ- အမျိုးမျိုးသောရောဂါတို့၏၊ အာဝါသော တည်ရာမှီရာ ခန္ဓာကြီးပါတကား။

အမျိုးမျိုးသော ရောဂါတို့၏ တည်ရာမှီရာ ခန္ဓာကြီးပါပဲ။

ရောဂါဆိုတာ ခန္ဓာကဖြစ်တာ၊ ရောဂါဆိုတာ ခန္ဓာကလာတာ၊ ခန္ဓာရှိနေတဲ့သူများဟာ ကြီးကြီးငယ်ငယ်၊ အနည်းနှင့်အများ၊ အနေးနှင့်အမြန် ရောဂါဒဏ်ခံကြရတဲ့သူတွေ ရောဂါဒဏ်ခံရမည့်သူတွေဟု မိမိကိုယ်ကို စဉ်းစားဆင်ခြင်ထားသင့်ပါသည်။

**ပုဉ္ဇော ဒုက္ခဿ ကေဝလော။**

ကေဝလော- ချမ်းသာမဖက် သက်သက်သော၊ ဒုက္ခဿ ဆင်းရဲ၏။ ပုဉ္ဇော- အစုအပုံခန္ဓာကြီးပါတကား။

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာရှိတဲ့သူတွေ ကြုံရာမသိအောင် ဆင်းရဲကြပါတယ်။ ချမ်းသာတယ် ပျော်တယ်ဆိုတာ စိတ္တဝိပ္ပလ္လာသ ဖြစ်နေလို့ပါ။

စိတ္တဝိပ္ပလ္လာသဟူသည် စိတ်ဖောက်ပြန်ခြင်းသဘောကို ဆိုလို၏။ ပုထုဇဉ်မှန်သမျှ စိတ္တဝိပ္ပလ္လာသမဖြစ်သူ မရှိဟူ၍ မှတ်။

ခန္ဓာကိုယ်ဟာ ဘုရားအမြင်၊ အရိယာအမြင်ကတော့ ဆင်းရဲစု ဆင်းရဲပုံကြီးပဲတဲ့၊ ဘုရားက သူ့အမြင် သူဟောပြတာ၊ ဟုတ်, မဟုတ်က မိမိဉာဏ်နှင့် စစ်တမ်းထုတ်ရမှာ။

မိမိဉာဏ်အသိက ခါတ်မီးအားနည်းနေသလိုဖြစ်နေရင် လည်း၊ ဘုရားဟော လက်ခံနိုင်မှာ မဟုတ်ဘူး။

ပုထုဇဉ်ဆိုတာ ကိုယ့်အားနည်းချက်ကို အပြစ်မမြင်နိုင်လို့ပဲ။ အရိယာဆိုတာ ကိုယ့်အားနည်းချက်ကို ရှာတာ၊ သူတစ်ပါးက ရှာပေးမှာ မဟုတ်ဘူးဆိုတာ သူတို့သိတယ်၊ မြင်တယ်။

ပုထုဇဉ်ဆိုတာ သူတစ်ပါးအားနည်းချက်ကို ရှာတာ၊ (တစ်နည်း) သူတစ်ပါးအပြစ် လိုက်ကြည့် လိုက်ရှာတတ်တဲ့ သဘောပဲ။ ကိုယ့်အားနည်းချက်၊ ကိုယ့်အပြစ်ကို ပုထုဇဉ်ဆိုတာ ရှာလေ့မရှိဘူး။ ပုထုဇဉ်ဆိုတာ အမှားအမှန်မသိနိုင်ဘူး။ (တစ်နည်း) မျှတမှုမရှိနိုင်ဘူး။

ဘာကြောင့်လဲဆိုတော့-

များသောအားဖြင့် ကိုယ်ဘက်ကပဲ ကြည့်တတ်တဲ့



အလေ့၊ ကိုယ့်ဘက်ကပဲ မြင်တတ်တဲ့ အလေ့အထများလို့ပဲ ဟူ၍ မှတ်ပါလေ။

များသောအားဖြင့် အသက်အရွယ်ငယ်လေ အမြင်ကျဉ်းလေ၊ အမြင်မှားလေ၊ ကိုယ့်ဘက်ကပဲ အကြည့်များလေပဲ၊ မိမိကိုယ့်ကို အမှန်ထင်လေ အမှားဖြစ်လေပဲ။ ဟုတ်မဟုတ် စာဖတ်သူများ စစ်တမ်းထုတ်ကြည့်သင့်ပါ၏။

**ဒုဂ္ဂန္ဓော အသုစိကာယော၊**
**ကုဏပေါ ဥက္ကရူပမော။**
**နိန္ဒိတော စက္ခုဘူတေဟိ၊**
**ကာယော ဗာလာဘိနန္ဒိတော။** (ဇာတက)

အယံ ကာယော- ဤခန္ဓာကိုယ်သည်၊ ဒုဂ္ဂန္ဓော- ညှီနံ့ပုပ်ဟောင်ခန္ဓာကိုယ်ကြီးပါတကား။

သတ္တဝါတွေရဲ့ ခန္ဓာမှန်သမျှဟာ ညှီတယ် နံတယ် ပုပ်တယ်ဆိုတဲ့သဘောရှိတဲ့ ခန္ဓာကြီးပါလို့ ပြောနေတာ၊ ဒီသဘောတရားကို မသိအောင် မမြင်အောင် ဘယ်သူက ပြုလုပ်ထားသလဲ။ အဝိဇ္ဇာ(မသိခြင်းသဘော)၊ တဏှာ (စွဲလမ်းခြင်းသာယာခြင်းသဘော)နှစ်ပါးက ပြုလုပ်ထားပါတယ်။

**အဝိဇ္ဇာတဏှာဝသေန ဒွေ မူလာနိ ဝေဒိတဗ္ဗာနိ။** (သင်္ဂဟ)ကို ထောက်၍ ဖြေဆိုလိုက်ခြင်း ဖြစ်ပါ၏။ ထင်ရှောင်ထင်မှားဖြစ်အောင် ဒီအဝိဇ္ဇာ၊ တဏှာနှစ်ပါးကပဲ သက်ရှိသတ္တဝါတွေရဲ့စိတ်ကို ဗလောင်းဗလဲ လုပ်ဆောင်နေလျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားအရိယာတို့က ဒီတရားနှစ်ပါးကို ရန်သူလို သဘောထားပြီး၊ မိမိသန္တာန် ဝင်လို့မရအောင် ခိုအောင်းလို့ မရအောင် ဖယ်ထုတ်နိုင်တဲ့ အစွမ်းသတ္တိထူးပိုင်ရှင်တွေ ဖြစ်သွားကြပြီလို့ ပြောလို့ရပါတယ်။

အသုစိ- မစင်မကြယ်ရွံဖွယ်ပြည့်သော ခန္ဓာကြီးပါတကား။

ဘုရားဟောတာ မယုံဘူးဆိုရင် ရေမချိုးဘဲ နေကြည့်ပါဟုပြောချင်ပါ၏။ မိမိအဝတ် မဖွပ်ဘဲ ထားကြည့်ပါဟု ပြောချင်ပါ၏။ ဒီလိုပြောလိုက်ခြင်းဟာလည်း တရားတော်တွေဟာ လက်တွေ့စမ်းသပ်လို့ရတယ်ဆိုတာသိအောင် ပြောလိုက်ခြင်းသဘောပါ။

ကုဏပေါ- အကောင်ပုပ်နှင့်အလားတူစွာ ခန္ဓာကြီးပါတကား။

မသေလဲပုပ်၊ သေလည်းပုပ်နေတဲ့ခန္ဓာကြီးပါ။ အမှန်ကို အမှန်အတိုင်းမြင်ပါမှ မာန၊ မောဟစတဲ့ အကုသိုလ်ဆိုးများ မိမိသန္တာန်ကို ဝင်မတိုးတော့မှာ၊ ဒါကို ရည်ရွယ်ပြီး အမှန်အတိုင်း မြင်အောင် သိအောင် စာဖတ်သူများကို ကြည့်ခိုင်းတဲ့သဘောပါ။

ဥက္ကူရူပမော- ကျင်ကြီးတွင်း (မစင်တွင်း)နှင့် အလားတူစွာ ခန္ဓာကြီးပါတကား။

စာဖတ်ရုံနှင့် မပြီးကြပါနှင့် စာ၏သဘောသွား၊ စာ၏



အရသာကိုလည်း ခံစားကြည့်စေလိုပါသည်။

အယံ ကာယော- ဤမိမိ၏ ခန္ဓာကိုယ်ကို၊ စက္ခုဘူတေဟိ- ပညာမျက်စိ အမြင်ရှိသောသူတို့သည်၊ နိန္ဒိတော- ကဲ့ရဲ့စက်ဆုပ်အပ်သော ခန္ဓာကြီးပါတကား။

ကောက်ချက်ချကြည့်လျှင် ပညာမျက်စိရှိလာမှ ရွံစရာခန္ဓာကြီးကို ရွံစရာရယ်လို့ မြင်လာဖွယ်ရှိ၏။ ပညာမျက်စိမရှိဘူးဆိုလျှင် ရွံစရာကို ခင်စရာ၊ အပုပ်ကို အဟုတ်ထင်မှတ်နေမှာ သေချာပါ၏။

ဗာလာဘိနန္ဒိတော- သူမိုက်တို့သည် ကြိုက်နှစ်သက်အပ်သော ခန္ဓာကြီးပါတကား။

မိုက်လျှင် မသိလျှင် မကြိုက်သင့်တာကိုလည်း ကြိုက်စရာထင်မည်။ မနှစ်သက်အပ်သော ခန္ဓာကိုလည်း နှစ်သက်စရာ၊ ချစ်စရာဟု ထင်နေကြမှာ သေချာပါ၏။ မသိတာကို သိအောင်လုပ်ကြစို့၊ မရှိတာကို ရှိအောင်လုပ်ကြစို့ဟု စာရေးသူမှ တိုက်တွန်းလိုပါ၏။ မသိရင်လည်း ဘဝတစ်ခုဟာ အမှောင်ထဲနေရသလို ဖြစ်နေမှာ သေချာပါ၏။ မရှိဟူသည် ပစ္စည်းဥစ္စာ မရှိခြင်းတရားသဘော အမှန်သဘောမရှိခြင်း မသိခြင်းကို ဆိုလို၏။

**အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒွါရော မဟာဝဏော။**
**သမန္တတော ပဃ္ဃရတိ၊ အသုစီ ပူတိဂန္ဓိယော။**

[ဇာတကဒွ(ပ)]

www.burmeseclassic.com

www.burmeseclassic.com



အယံ ကာယော- ဤမိမိ၏ ခန္ဓာကိုယ်သည်၊ အလစမ္ပ ပဋိစ္ဆန္နော- စိုစွတ်သောအရေဖြင့် ဖုံးလွှမ်းအပ်သော ခန္ဓာကြီး ပါတကား။

ဤစာဖတ်မိသူများ စဉ်းစားဆင်ခြင်၍ သံဝေဂ ယူ သင့်ပါ၏။ အမှန်ကို အမှန်အတိုင်း မြင်ခြင်း, သိခြင်းသည် မဂ္ဂ သစ္စာ၊ မဂ္ဂလမ်း၊ သစ္စာအမှန်၊ မဂ္ဂသစ္စာလမ်းမှန်ဟု အမိပ္ပါယ် ရ၏။

နဝဒွါရော- အပေါက် (၉)ခုရှိသော၊ မဟာဝဏော- အိုင်းအမာကြီးအလား ခန္ဓာကြီးပါတကား။

မိမိ၏ ခန္ဓာကိုယ်ကြီးဟာ အပေါက်ကိုးပေါက်ရှိတဲ့အနာ ကြီးနဲ့တူပါသည်ဟုဆိုလို၏။ အနာရှိသူဟာ အနာကို မတိုက်မိ မခိုက်မိအောင် စောင့်ရှောက်ရသလို မိမိခန္ဓာကြီးကိုလည်း ဒီအတိုင်း စောင့်ရှောက်နေကြရသူတွေပါ။

သမန္တတော- ဝန်းကျင်များစွာ ကိုးဝသောအပေါက်မှ၊ ပဂ္ဃရတိ- အပုပ်ရည်များ စီးဆင်းသော ခန္ဓာကြီးပါတကား။

ခန္ဓာကိုယ်မှ စီးဆင်းလာသမျှ ထွက်လာသမျှဟာ လက် ဆောင်ပေးလို့ မရပါဘူး။ ဈေးကွက်တင်လို့ မရပါဘူး။ စွန့်ပစ် ပစ္စည်း စွန့်ပစ် အရည်များသာ ဖြစ်ပါ၏။

အရှိကို အရှိတိုင်းမမြင်ခြင်းသည် အသိကင်းမဲ့သော သဘောကို ဆောင်၏။ သတ္တဝါတွေကို ဘယ်ကစလဲ မေးခဲ့ရင်၊ မောဟ (အသိကင်းမဲ့ခြင်း)က စသည်ဟု အဖြေပေးရမှာပဲ၊ သတ္တဝါ ဘယ်ကဖြစ်လဲ၊ တဏှာ (စွဲလမ်းခြင်းသာယာခြင်း)က



ဖြစ်သည်-ဟု အဖြေပေးရမှာပဲ၊ ဟုတ်, မဟုတ်ကိုတော့ စာဖတ် သူများမှ စစ်တမ်းထုတ်စေချင်ပါ၏။

အသုစိ- မစင်မကြယ် ရွံဖွယ်ပြည့်သော ခန္ဓာကြီးပါ တကား။ (ရှင်းခဲ့ပြီးပြီ)။

ပူတိဂန္ဓိယော- အပုပ်နံ့ကြိုင်လှိုင်သော ခန္ဓာကြီးပါ တကား။

အပုပ်နံ့တွေဟာ ရေမချိုးဘဲထားလျှင် ရေးမဆေးဘဲ ထားလျှင် အမြဲတမ်း နံနေမှာ သေချာပါ၏။

မစဉ်းစားလျှင် ဘာမှမသိနိုင်ဘူး၊ စဉ်းစားတဲ့ နေရာ မှာ၊ ငါ့ဟာ၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်း၊ ငါ့ပိုင်စိတ်များကို ပယ်ဖျောက် ထားသင့်ပါ၏။ ဒါမှအမှန်ရှာလို့ရမှာ၊ ငါစွဲစိတ်မှ မဖျောက် နိုင်လျှင် အမှန်ဘယ်လောက်ရှာရှာ၊ မျှတမှု ဘယ်လောက် ရှာရှာ တွေ့နိုင်မှာမဟုတ်ဘူး။ မျှတမှု ရှိနိုင်မှာမဟုတ်ဘူး။ ငါစွဲအားကြီးလျှင် အမှားအားကြီးမယ်၊ စာပေအရ မိစ္ဆာဒိဋ္ဌိလို့ ခေါ်၏။ မြန်မာစကားပရိယာယ်၊ ဝေါဟာရ၊ သင်္ကေတ များပါ၏။

ဥပမာ လိုချင်တယ်၊ စွဲလမ်းတယ်၊ မြတ်နိုးတယ်၊ တွယ် တာတယ်၊ ချစ်တယ်၊ ကြိုက်တယ်၊ ကောက်ချက်ချကြည့်လျှင် တစ်ခုတည်းပါ ပရိယာယ်၊ ဝေါဟာရများ၊ သင်္ကေတများသုံး ထားခြင်းသဘောပဲ။

လူတွေဟာ ခန္ဓာ, စိတ်၊ စာပေအရ ရုပ်နှင့်နာမ်ကို မှီခို အားထားနေကြသူတွေပါ။ ခန္ဓာသည် ဘာသဘောရှိလဲ၊ စိတ် သည် ဘာသဘောရှိလဲ၊ သဘောတရားများကို လူတိုင်းလူတိုင်း

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားသင့်ပါ၏။ သိထားသင့်ပါ၏။ မသိရင်ဘာဖြစ်မလဲ။ မှားကောင်းမှားနိုင်ပါလိမ့်မည်။ အမှားကိုလည်း အမှန်ထင်ပေလိမ့်မည်။ ဒါဟာ မသိခြင်း၏ ရလဒ်ထွက်ပေါ်လာခြင်းပဲ။

ခန္ဓာကိုယ်ဟာ ကံကြမ္မာ ကံဇာတာက စိုးမိုးထားတာပါ။

**အကြင်လူများ၊ ယောက်ျားမိန်းမ၊ စသည့်ထိုထို၊ ပျက်စီးလိုက၊ အဆို အသွား၊ အမှားမှားဖြင့်၊ ဘုရားသော်မှ၊ ဟောမရဘူး**-ဟု မန်လည်ဆရာတော်ကြီးက ရေးစပ်သွားတော်မူခဲ့ပါ၏။

ယောက်ျားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် ပျက်စီးချိန်တန်လာပြီ၊ ပျက်စီးဘို့ပါလာပြီဆိုလျှင် စကားပြောတာက မှား၊ အသွားအလာက မှား၊ အဲဒီအမှားကို ဘုရားရှင်များတောင် ဟောလို့ မရဘူး၊ တည့်ပေးလို့ မရဘူးဟုဆိုလိုပါ၏။

လူကြီးများ မိဘများကို သတိပေးလိုပါ၏။ ဒီလင်္ကာလေးကို ကြည့်ပြီး၊ မိမိ၏သားသမီးများ တပည့်များ ပြောမရလျှင် စိတ်သောကရောက်မည့်အစား၊ စိတ်သောက ဖျောက်ဖို့ကြိုးစားကြပါဟု တိုက်တွန်းလိုပါ၏။

သောကဒုက္ခတို့ဆိုတာ လောကကြီးထဲမှာ အသက်ရှင်ပြီး နေနေသမျှ တစ်နေ့မဟုတ်တစ်နေ့ တွေ့ကြုံရဦးမှာပါ။ သောကဒုက္ခပျောက်ဆေး၊ ဖြေဆေးဟာ ဗုဒ္ဓ၏တရားတော်တွေပါပဲ။ ဗုဒ္ဓ၏တရားတော်တွေဟာ ကောက်ချက်ရှာလျှင် အမှန်ကို အမှန်အတိုင်း မြင်နေ သိနေဖို့ပဲ။ ဒါမှ သောကဒုက္ခရဲ့



နှိပ်စက်မှုဒဏ် ခံနိုင်ရည်ရှိမှာပါ။ ဘဝတွေဟာ ကြမ်းတမ်းပါတယ်။ လန်းဆန်းတဲ့အချိန်က ဘယ်လောက်ကြာလို့လဲ၊ ပင်ပန်းချိန် စိတ်နွမ်းချိန်နှင့် ယှဉ်ထိုးကြည့်သင့်ပါ၏။

သတ္တဝါတွေဟာ ကံကြမ္မာ၏ညှဉ်းပန်းမှုဒဏ် ခံရင်းတစ်ဘဝပြီးတစ်ဘဝ ပြောင်းလဲနေကြသည် မဟုတ်ပါလား။

နတ္ထိ ခန္ဓသမာ ဒုက္ခာ။ ဓမ္မပဒ (၂၀၂) ခန္ဓာနှင့်တူသောဆင်းရဲမည်သည် မရှိဘူးလို့ ဟောတော်မူခဲ့ပါ၏၊ မှန်မမှန်စဉ်းစားစေလိုပါ၏၊ မနက်လင်းတာနဲ့ ခန္ဓာကိုယ်သုတ်သင်ပေးရ ရှင်းလင်းပေးရ နေ့စဉ်နှင့်အမျှပါပဲ၊ ရေချိုး ရေဆေးပေးရတာလည်း နေ့စဉ်နှင့်အမျှပါပဲ၊ ဒုက္ခကို ဒုက္ခမှန်း မသိအောင် အဝိဇ္ဇာက ဖုံးအုပ်ထားပါ၏၊ ကျန်တာမသိတာ ပြဿနာမဟုတ်ပါဘူး၊ ခန္ဓာရပြီး ခန္ဓာဟာ သုခလား ဒုက္ခလား စဉ်းစားအဖြေထုတ်ဖို့ လိုအပ်မည် ဖြစ်ပါ၏၊ လိုအပ်တာကို ဖြည့်စွက်ဖို့ သတိရှိသင့်ပါ၏။

**"ဤခန္ဓာညွန့် တဏှာဝန်ကား အလွန်ပုပ်ဆွေး ချစ်တိုင်း လေး၏"**ဟု မန်လည်ဆရာတော်ကြီး ရေးစပ်ခဲ့ပါ၏

ခန္ဓာဟာ ညွန်ပုပ် ညွန်ပြောင်း (ဗွက်ပုပ်)ပဲတဲ့၊ တဏှာဆိုတာ ဝန်ထုပ် ဝန်ပိုးကြီး အမြဲတမ်း ပုပ်ဆွေးနေပြီး ချစ်တဲ့သူဟာ ချစ်သလောက် ဝန်လေးနေကြမည်ဟု ဆိုလိုပါ၏ ဟုတ်,မဟုတ် စစ်တမ်းထုတ်လျက် ခန္ဓာ အကြောင်း ကံကြမ္မာအကြောင်း သိအောင်မြင်အောင် ကြိုးစားကြပါ၊ အားထုတ်ကြပါဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်လိုက်ပါသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# တဏှာအကြောင်း တစေ့တစောင်း

**တသတီတိ တဏှာ၊ ပိပါသတီတိ အတ္တော။**

[ပဋိမဂ်၊ ၄ -၇၈]

**ပရိတဿတီတိ တဏှာ။**

ဂုဏ်း (၈၄) ဖွင့်ဆိုထားသည့်အားလျော်စွာ ဆာလောင်တောင့်တတတ်သောကြောင့် တဏှာမည်၏။ အရကောက်လောဘကို ယူရမည်ဖြစ်၏။

စာရေးသူ လောဘအကြောင်းသိကောင်းစရာ ရေးခဲ့စဉ်က အခွင့်အခါသင့်လျှင် တဏှာအကြောင်းရေးသားမည်ဟု ပဋိညာဉ် ပေးခဲ့မိပါ၏။ ပေးခဲ့သည့်အတိုင်း ရေးဖြစ်အောင်ကြိုးစားခဲ့ပါ၏။ အလုပ်ဆိုတာ လုပ်ချင်ဖို့ အရေးကြီးပါ၏။ လုပ်ချင်လျှင် အလုပ်ဆိုတာ ကုန်သည်မရှိပါဘူး။ လူကသာကုန်သွားတယ်၊ နားသွားတာရှိပါ၏။ နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှား သဘောသွားတွေ အကျဉ်းချုပ် ရှာကြည့်လျှင် တဏှာလောဘစွမ်းအားတွေကြောင့် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ခန္ဓာ၊ ရုပ်နာမ်ဟာ၊ တဏှာအုပ်စိုး၏။
တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရ၏။
ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွာသွားရမည်။
တကယ့်အရေး၊ တကယ့်ဘေး၊ ဘယ်သွေး, ဘယ်သား မကယ်ပြီ။

စသည်ဖြင့် မဟာဂန္ဓာရုံဆရာတော်ကြီးက ရေးစပ်သွားခဲ့ပါ၏။ မိမိ၏ စိတ်နေစိတ်ထား စိတ်သဘောသွားဟာ အသိသတိလေးနဲ့ ဆန်းစစ်ပေးပါမှ အကောင်းအဆိုး ခွဲခြားတတ်မည်ဖြစ်၏။ ဘယ်လိုပဲဖြစ်ဖြစ် မကောင်းမှုအကုသိုလ်သဘောမှန်သမျှ မောဟ (တစ်နည်း)အဝိဇ္ဇာပါပြီးဖြစ်၏။ လှုပ်ရှားတယ်ဆိုတာက တဏှာလောဘသတ္တိထူး ဖြစ်၏။

**“အဝိဇ္ဇာ တဏှာဝသေန ဒွေ မူလာနိ စ ဝေဒိတဗ္ဗာနိ”** ကို ထောက်သောအားဖြင့် သတ္တဝါတွေကို အဓိကချုပ်ကိုင်ထားတာက အဝိဇ္ဇာနဲ့တဏှာဖြစ်၏။

**ပုဗ္ဗန္တသ အဝိဇ္ဇာမူလံ**-ဟု ဆိုသောကြောင့် အဝိဇ္ဇာသည် ရှေ့က၊ **အပရန္တသ တဏှာမူလံ**-ဟု ဆိုသောကြောင့် တဏှာသည်နောက်လိုက်။

(တစ်နည်း) အဝိဇ္ဇာသည် ရှေ့ကသွား၊ တဏှာသည် နောက်ကလိုက်ပြီး မသိနားမလည်တဲ့ လူတွေ သတ္တဝါတွေကို ဒုက္ခရောက်အောင် ဆင်းရဲအောင် ဖန်တီးလျက်ရှိပါ၏။ သတ္တဝါဘယ်ကဖြစ်လဲဆိုရင် တဏှာကဖြစ်၏ဟု မြတ်ဗုဒ္ဓက သံယုတ်ပါဠိတော်မှာ မိန့်တော်မူခဲ့ပါ၏။ ဒါကတော့ အားလုံးနီးနီး လက်ခံနိုင်ကြမှာပါ။ သဂါထာဝဂ်မှာပဲ တဏှာသုတ်ကို သီးသန့်



ထုတ်ကာ ဟောကြားတော်မူခဲ့ပါ၏။

တဏှာ၏စွမ်းအားများ-

၁။ တဏှာသည် လောကကို ဆောင်အပ်၏။

၂။ တဏှာသည် လောကကို ဆွဲငင်အပ်၏။

၃။ အလုံးစုံသောအရာတို့သည် တဏှာဟူသောတရားတစ်ပါး၏ အလိုသို့ လိုက်ပါကြကုန်၏။

စာဖတ်တယ်ဆိုကြပါစို့၊ စာတစ်လုံး၏အဓိပ္ပါယ် စာတစ်ပိုဒ်၏သဘောသွား စဉ်းစားပြီးကောက်ချက်ချတတ်အောင်ယူတတ်ပါမှ မိမိအတွက် စာဖတ်ရကျိုးနပ်မည်ဖြစ်၏။ အပေါ်မှာ တဏှာသည် လောကကို ဆောင်၏ဆိုတဲ့စာပိုဒ်ကို အဓိပ္ပါယ်ယူလျှင် သတ္တဝါတွေကို တဏှာက ဆောင်ထားပါလား၊ သို့မဟုတ် ချုပ်ကိုင်ထားပါလား စဉ်းစားသဘောပေါက်သင့်၏။

တခါ တဏှာသည် လောကကို ဆွဲငင်အပ်၏ဆိုတဲ့ စာပိုဒ်ကို အဓိပ္ပါယ်ယူလျှင် သတ္တဝါတွေကို တဏှာကဆွဲဆောင်ထားပါလားဟု စဉ်းစားကာ လောကသဘာဝနှင့် ထပ်, ဟပ်ညှိပြီး ကောက်ချက်ချပါ။ ဒါကတော့ စာဖတ်တဲ့နေရာမှာ ယူဆပုံယူဆနည်း နမူနာပုံစံပြယုဂ်လေးပေါ့။

ဘုရားဟောတဲ့ တရားသဘောတွေဟာ မိမိ၏စိတ်နေစိတ်ထားနှင့် တိုက်ဆိုင်ကြည့်ရမည့် သဘောတရားတွေပါ။ ကြည့်တဲ့နေရာမှာ အမှားအမှန် အကောင်းအဆိုး စစ်ဆမ်း ထုတ်ခြင်းသဘောတွေပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမှားအမှန်ထက် ငါ-စား ကြံတဲ့စိတ်တွေရယ်၊ ငါ-အမြတ်ကြံလိုတဲ့စိတ်တွေရယ် တလစပ်အဖြစ်များလွန်းနေကြပါ၏။ [တစ်နည်း] အာရုံငါးပါး ဝဲထဲမှာပဲ လည်နေလိုက်ကြတာ အမှားအမှန် အကောင်းအဆိုး အဖြစ်အပျက်ကို သတိလည်း မထားနိုင်၊ အသိလည်း မပွားနိုင်ဖြစ်နေကြသည်ဟု ဆိုလိုချင်ပါ၏။ အကျဉ်းကျနေတဲ့သူတွေလိုပါပဲလား၊ မနက်လင်းတာနဲ့ တဏှာအမိန့်ရဲ့အောက်မှာ လုပ်ကိုင်နေလိုက်ကြတာ ညအထိပါပဲ၊ တစ်နေ့တင် မဟုတ်ပါဘူး၊ တစ်သက်လုံးပါပဲ။ ဘယ်သူငြင်းနိုင်မလဲ၊ မသိတဲ့သူကတော့ မသိသလို အကြောင်းပြချင်ပြမှာပေါ့။

**တဏှာယ ဇာယတေ သောကော**- ဓမ္မပဒမှာ မြတ်ဗုဒ္ဓမိန့်ကြားခဲ့ပါ၏။ တဏှာကြောင့် စိုးရိမ်ခြင်း ပင်ပန်းခြင်းဆိုတာ ဖြစ်နေကြတာဟု မြန်မာပြန်အားဖြင့်သိပါ။ ဟုတ် မဟုတ် မိမိ၏ခန္ဓာ၊ သို့မဟုတ် မိမိ၏စိတ်မှာ အသိဉာဏ်ကပ်ပြီး စစ်တမ်းထုတ်ကြည့်ပါ၊ ဒါမှ မြတ်စွာဘုရားဟောတဲ့ တရားတော်တွေဟာ ယုံကြည်အားကိုးထိုက်ပါလားဆိုတာ သိလာမည်ဖြစ်၏။

ဘုရားရှင်ကို မတွေ့ဘူး၊ မမြင်ဘူးငြားသော်လည်း ကြည်ညိုတတ်လာမည်ဖြစ်၏။

**တဏှာယ ဇာယတေ ဘယံ**-ဟု ဆက်ပြီးမိန့်တော်မူ၏။ တဏှာကြောင့် ဘေးရန်အန္တရာယ်ဆိုတာ ဖြစ်နေကြတာပါဟု မိန့်တော်မူခြင်းဖြစ်၏။



ဥပမာအားဖြင့်ပြောရလျှင် ထင်ရှားတဲ့ သာဓကတစ်ခုပေါ့။ ချစ်သူရည်းစား အိမ်ထောင်သည်တစ်စုကို မြင်အောင်ကြည့်လိုက်ပါ။ ချစ်သူကြောင့်သာလျှင် ဘေးအန္တရာယ် ဖြစ်နေကြတာ နေရာတိုင်းပဲ။

အိမ်ထောင်စုကြည့်ဦးမလား ဇနီးမယား သမီးသားကြောင့်သာလျှင် ဘေးအန္တရာယ်ဖြစ်နေကြတာ နေရာတိုင်းပါပဲ။ သဘောတရားဆိုတာ ကြည့်တိုင်းမြင်တာမဟုတ်ပါဘူး။ ကြည့်တတ်မှ မြင်နိုင်စွမ်းရှိပါ၏။ သတိရှိကြပါ။

**တဏှာယ ဝိပ္ပမုတ္တဿ၊**

**နတ္ထိ သောကော ကုတော ဘယံ**-ဟုလည်း မိန့်တော်မူခဲ့ပါသေး၏။

တဏှာမှ လွတ်မြောက်အောင်နေနိုင်လျှင် စိုးရိမ်ခြင်းပူပန်ခြင်းဆိုတာ မရှိတော့ဘူး။ ဘေးရန်အန္တရာယ်ဆိုတာလည်း ဘယ်တော့မှ မလာတော့ဘူးဟု အဓိပ္ပါယ်ရပါ၏။

စဉ်းစားကြည့်ကြစို့ . .

မိမိနှင့်မစပ်လျှင်, မတော်လျှင်, မနီးလျှင် စိုးရိမ်ခြင်းဆိုတာ မဖြစ်ဘူး။ မိမိနဲ့ မသက်ဆိုင်သူ တစ်ယောက် သေတယ်ဆိုကြပါစို့ . ။ မိမိခန္ဓာ မိမိစိတ် ဘာဖြစ်သွားလဲ? သာမန်စိတ် အတိုင်းပဲ။ စပ်တဲ့သူ, တော်တဲ့သူများကျတော့ တဏှာယ ဇာယတေ သောကော ဖြစ်ကြတာပေါ့။

တဏှာ၏စွမ်းအားကို သို့မဟုတ် သဘောသွားကို မိမိဉာဏ်စွမ်းရှိသလောက် အများနားလည်အောင် ကြိုးစားပြီး

www.burmeseclassic.com

www.burmeseclassic.com



ရေးသားတာပါပဲ။ ဒါမှ မမြင်နိုင်ဘူးဆိုရင် နောက်နောင် ဘုရားတွေ ပွင့်တော်မူအောင် မစောင့်ချင်လည်း စောင့်ရဦးမည်ဟု မှတ်ပါ၊ သတ္တဝါတွေကို ဒုက္ခပေးနေတာ တဏှာပါပဲ။

**နတ္ထိ တဏှာ သမာ နဒီ** (ဓမ္မပဒ-၂၅၁)ကိုထောက်ဆ၍ ဆိုလိုက်ခြင်းဖြစ်၏။ တဏှာနှင့်တူသောမြစ်သည် မရှိဟု အဓိပ္ပါယ်ရ၏။

စာရေးသူ စဉ်းစားမိတာကတော့ ပင်လယ်ထဲမှာ ငါးလိပ်စသည့် သတ္တဝါတွေဟာ ဒီရေထဲမှာပဲ စားလိုက် သွားလိုက် အိပ်လိုက် ပျော်ပါးလိုက် မွေးလိုက်၊ ဒါနဲ့ပဲ ဘဝဆုံးကြသလို ကျန်ရှိသတ္တဝါများဟာလည်း တဏှာတည်းဟူသော ပင်လယ်ထဲမှာ သွားလာလှုပ်ရှား ပျော်ပါးရင်း စားသောက်ရင်း ကခုန်ရင်း ဘဝနိဂုံးချုပ်နေကြပါလားဟု ယူဆမိပါ၏။ (တဏှာကို ပင်လယ်ဟု တင်စားထားသည်)။

သံယုတ် ပိဟိတသုတ်မှာ တဏှာဖြင့်လောကကို ချိတ်ဆွဲထား၏။ တဏှာဖြင့် သတ္တဝါတွေ လူတွေကို ချိတ်ဆွဲထားတယ်ဟု သဘောပေါက်ရမည်။

ဥပမာကြည့်ရင် ငါးမျှားချိတ်မှာ မိနေတဲ့ ငါးပမာကို မြင်အောင်ကြည့်ပါ။ သာယာမှု ခံစားမှုတွေဟာ တဏှာ၏ အစွမ်းသတ္တိတွေပါပဲ၊ ဝေဒနာပစ္စယာ တဏှာကို ထောက်ဆပါ၏။ ခံစားမှုကြောင့် တဏှာဖြစ်၏ မြန်မာလိုသိပါ။



ယနေ့ခေတ်မှာတော့ လူလည်တွေများတဲ့ ခေတ်ပေါ့နော်။ ဘယ်လို လည်သလဲဆိုတော့ သံသရာကြီးထဲမှာ ကျင်လည်ရသလို သူတို့လည်တာပဲ။ အရိယာတို့ အမြင်ကတော့ သနားစရာ အလည်မျိုးပါ၊ လူတော်လူကောင်းအမြင်ကတော့ 'အ'တဲ့ အလည်မျိုးပါပဲ။ တစ်နည်းကြည့်လျှင် အောက်တန်းစား အလည်မျိုးပါ။ အတုမခိုးလောက်ပါဘူး။ အလုပ်ဆိုရင် အ,ကြပြီ၊ ကုသိုလ်ရေးဆို မသိချင်ယောင်ဆောင်၊ မသိသလိုနေကြပြီ၊ ဒါမျိုးကို လူလည်တဲ့လား? ဘယ်ပညာရှိ ဘယ်သူတော်ကောင်းမှ လက်မခံကြပါဘူး။ လူလည်ဆိုတာ အချိန်မဖြုန်းဘူး။ လူအ,က အချိန်ဖြုန်းတတ်ပါ၏။ လူကောင်းဆိုတာ ယဉ်ကျေးတယ်၊ အလိုက်သိတယ်၊ အထာနပ်တယ်၊ လူဗလန်းဆိုတာ အလိုက်မသိဘူး၊ အထာမနပ်ဘူးပေါ့၊ ဒါပေမဲ့ လူကောင်းရှားတဲ့ခေတ် လူဗလန်းများတဲ့ခေတ် ကောင်းမွေပေးဖို့မလွယ်ဘူး၊ ဆိုးမွေကိုသာ တိုးဝှေ့ ယူနေကြပါ၏ဟု ပြောရင်မမှားလောက်ပါဘူး။

**ဥစ္စာကြွေးထက် ချစ်ကြွေးတင်ချက် အဆပ်ခတ်၏၊**

ဟု မဃဒေဝလင်္ကာမှာ မိန့်မှာထားသည့်အတိုင်း ဥစ္စာကြွေးထက်တောင် ချစ်ကြွေးက အဆပ်ခတ်ပါ၏ဟု ဆိုလိုပါ၏။

ချစ်ကြတယ်ဆိုတာ မိမိ၏ခန္ဓာအတွင်းက ကိလေသာတဏှာ၏ သောင်းကျန်းမှုသဘောပါပဲ၊ ဘယ်လောက်သောင်းကျန်းသလဲဆိုတာ ကာယကံရှင်များသာ အသိဆုံးဖြစ်၏၊ ကြီးလေ သောင်းကျန်းလေပါပဲ။ ဒါကြောင့် သူ့ကို ထိန်းနိုင်တာက

www.burmeseclassic.com



အသိဉာဏ်ပါပဲ၊ အသိဉာဏ်နည်းရင် နည်းသလောက် ဒုက္ခပေးနိုင်စွမ်းရှိပါ၏။ သို့သော်လည်း သူက ငါ့ကိုဒုက္ခပေးနေပါလားဆိုတာ မိမိကိုယ်မိမိ မသိနိုင်ပါဘူး၊ မသိလေ ခံရလေ၊ ခံရလေ မသိလေ၊ မသိသံသရာ လည်ပုံလေး မြင်အောင်ကြည့်ပါဟု အထူးသတိပေးချင်ပါ၏။

စီးပွားရေးဆိုလည်း မသိတော့ မတရားသဖြင့်လုပ်ကြ၊ မတရားလုပ်လို့လည်း မသိဖြစ်နေကြတယ်၊ လူမှုရေးဆိုလည်း ဒီအတိုင်း မြင်အောင်ကြည့်ပါ၊ ချစ်ရေးချစ်ရာဆိုလည်း ဒီအတိုင်း မြင်အောင်ကြည့်ပါ၊ ကိလေသာတဏှာ၏ လက်ချက်ပဲလို့ သတ်မှတ်လို့ရပါ၏၊ ဒါကလည်း စာရေးသူ၏အမြင်ပါ၊ မိမိကိုယ်တိုင်က အသိဉာဏ်ဓာတ်ခဲ အားနည်းသလိုဖြစ်နေရင်တော့ လက်ခံနိုင်မှာမဟုတ်ပါဘူး။

တဏှာဆက်ပွားတရားများ တဏှာကို အစွဲပြုပြီး ရှာမှီးခြင်း၊ ရှာမှီးမှုကို အစွဲပြုပြီးရရှိခြင်း၊ ရရှိခြင်းကို အစွဲပြုပြီး ဆုံးဖြတ်ခြင်း၊ ဆုံးဖြတ်မှုကို အစွဲပြုပြီး ဆန္ဒရာဂဖြစ်ခြင်း၊ ဆန္ဒရာဂကို အစွဲပြုပြီး စွဲလမ်းမှုရာဂဖြစ်ခြင်း၊ ရာဂကို အစွဲပြုပြီး သိမ်းဆည်းမှုဖြစ်ခြင်း၊ သိမ်းဆည်းမှုကို အစွဲပြုပြီး ဝန်တိုမှုဖြစ်ခြင်း၊ ဝန်တိုမှုကိုအစွဲပြုပြီး စောင့်ရှောက်မှုဖြစ်ခြင်း၊ စောင့်ရှောက်မှုကို အစွဲပြုပြီး ဒဏ်ထားမှု လက်နက်ဆွဲကိုင်မှု၊ ခိုက်ရန်ငြင်းခုန်ပြုမှုစသည်ဖြစ်ပေါ်၏ဟု ဒသုတ္တရသုတ်မှာ မြတ်ဗုဒ္ဓမိန့်ကြားခဲ့ပါ၏၊ ကောက်ချက်ချကြည့်လျှင် တဏှာ မူလပဓာနပါပဲ၊ တဏှာကို ထိန်းထားလိုက်ရင် ကျန်တာတွေ ဆက်မဖြစ်နိုင်တော့ပါဘူး၊



တဏှာကို ပါးအောင်လုပ်ကြပါ၊ ပွားအောင် မလုပ်ကြပါနဲ့ဟု သတိပေးလိုက်ပါ၏။

A ရောဂါ ကူးစက်ရောဂါထက် အဆများစွာ ကြောက်စရာအကောင်းဆုံးဟာ မိမိ၏ကိလေသာ မိမိ၏တဏှာပါပဲ၊ တဏှာကို အတောမသတ်နိုင်လျှင် အပါယ်လေးဘုံသို့ မရောက်ချင်လည်း ရောက်ကြရမည်ဖြစ်၏၊ မသွားချင်လည်း သွားကြရမည်ဖြစ်၏ဟု မုချပုံသေမှတ်သင့်ပေ၏။

အချစ်ဆိုတာက တဏှာကြောင့်ဖြစ်တာ ရိုးရိုးတဏှာမဟုတ်ဘူး၊ အားကြီးလွန်းတဲ့တဏှာပါ၊ အချစ်ကြောင့်သာလျှင် ဒုက္ခရောက်နေကြသူတွေ လောကကြီးမှာ ဒုနဲ့ဒေးပါပဲ၊ အချစ်က ပျော်ရွှင်မှုပေးတယ်လို့သာ လောကလူသားတွေ မြင်ကြမှာပါ၊ အချစ်ကြောင့် ပူဆွေးရတဲ့သူတွေ အများကြီးပါ၊ အများကြီးဟူသည် မရေမတွက်နိုင်ခြင်းကိုဆိုလို၏၊ အချစ်ကြောင့် အိပ်မရ စားမဝင် ဖြစ်နေသူတွေ ရေတွက်လျှင် ရေတွက်လို့ရမည်ဟု မထင်ပါဘူး။

**"နတ္ထိ ရာဂသမော အဂ္ဂိ"**ဟု ဓမ္မပဒမှာ မိန့်ကြားခဲ့ပါ၏၊ ရာဂနှင့်တူသောမီးသည်မရှိဟု မိန့်တော်မူခြင်းဖြစ်၏၊

မြတ်ဘုရားဟောတာ ဟုတ်, မဟုတ် စစ်တမ်းထုတ်ပြီးကြည့်စေချင်ပါ၏၊ ပကတိမီးသည် လောင်စာဆီ ထင်းစသည်ကို အမှီပြုပြီး မီးဆိုတဲ့ သဘောသဘာဝဖြစ်ပေါ်လာခြင်း ဖြစ်သလို ထိုနည်းတူစွာ မိမိ၏ရာဂနှင့် နှစ်သက်ဖွယ်ရာအာရုံနှင့်ထိတွေ့ကာ ရာဂမီးသဘောဖြစ်ပေါ်လာခြင်းဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိလေသာရာဂကလည်း သူ့ဘက်သူနေလျှင် ဘာမှမဖြစ်သေးဘူး၊ နှစ်သက်ဖွယ်အာရုံနဲ့ ထိတွေ့လိုက်တော့ ရာဂမီး၊ လောဘမီးဆိုတာ ဖြစ်လာပါ၏၊ ဒေါသကြတော့ မနှစ်သက်ဖွယ်အာရုံနဲ့ထိတွေ့ပြီး ဒေါသမီးဖြစ်လာ၏၊ ကလေးဘဝမှာ မသိသာသေးဘူး၊ ကြီးလာလေ လောဘ၊ ဒေါသ၊ ဣဿာမစ္ဆရိယစသည် သဘောတရားများ သိသိသာသာဖြစ်ပေါ်လာ၏၊ သို့သော် များသောအားဖြင့် မသိတဲ့သူက ခပ်များများပဲဟု စာရေးသူ ဆိုချင်ပါ၏။

ယနေ့ခေတ်မှာက အာရုံကောင်း ရှားသလို အာရုံဆိုးကပေါများ၏၊ ဘယ်လိုလုပ်ပြီးတော့ တရားရှာကြမလဲ၊ တရားရှာရင်းရှာရင်း မတရားတာက တွေ့ကြုံတတ်ပြန်ရော၊ ဒါလည်း လုပ်ဖူးသူ လုပ်ကြည့်သူများမှ သိမည်ဖြစ်၏။

**“ဗာလကောင်းစား၊ မရှည်လျားဘူး၊ ဘုန်းအားရုံးအား၊ ပစ္စည်းများလည်း၊ ဉာဏ်သားမရှိ၊ အဂတိနှင့်၊ သတိကင်းပ၊ ထိုဗာလတို့၊ ခဏမကြာ၊ ပျက်ဘို့သာရှင့်”** (မဃပိုဒ်-၂၂၃)မှာ မိန့်မှာခဲ့ပါ၏။

အချို့တွေ့ရတာ မိဘကို အန်တုကြပြီ၊ ဗာလတွေဆိုတာ ဒီအတိုင်းပဲ၊ မိုက်ပြီဆိုရင် မိဘမှန်း မသိကြတော့ဘူး၊ ယောက်ျားလေးတွေမှ မဟုတ်ဘူး၊ မိန်းကလေးတွေလည်း ဒီအတိုင်းပဲ၊ သတင်းစာထဲမှာ မကြာမကြာ တွေ့ရပါ၏၊ မိမိ လူကြီးဘဝ မိဘဘဝ ရောက်လာပြီဆိုမှ ကိုယ်မှားခဲ့တာ ကိုယ်သိကြမှာဖြစ်၏၊ ကြီးလာမှသိတော့ နောက်ကျသွားပြီး၊ နောင်တသိ



ဆိုတာ အချိန်ကုန်သွားပြီ **“ငယ်စဉ်တဏှာ အိုကာဒိဋ္ဌိ”** ဆိုတဲ့အတိုင်းမဖြစ်ကြဘို့ သတိပြုစေလိုပါ၏။

ယနေ့ခေတ်မှာက အချစ်ကို အနှစ်ထင်နေကြပါ၏၊ ဘုရားဟောနှင့် ဆန့်ကျင်ကြပါ၏၊ ဘာမဟုတ် ညာမဟုတ် အချိန်ကုန်ခံချင်ကြပါ၏၊ စေ့စေ့တွေး ရေးရေးပေါ်ဆိုသလို ဖြစ်နိုင်၏ မဖြစ်နိုင်၏၊ ဟုတ်နိုင်၏ မဟုတ်နိုင်၏ တွေးလည်း တွေးကြဘို့ စိစစ်ကြဘို့ အထူးပင်လိုအပ်ပါ၏၊

လူတွေက ဘာဖြစ်သလဲဆိုရင် ဟိုနားဘာဖြစ်သတဲ့ ယုံ၊ ဒီနားဘာဖြစ်သတဲ့ဆို ယုံ၊ ဒါမျိုးကြ ပုံပြီးယုံကြတာ၊ အဲ့ဒီလိုယုံမည့်အစား စီးပွားရေးကို ယုံကြည်အောင် လုပ်ကြစမ်းပါ၊ ရှိုးမယ်မဖွဲ့ကြစမ်းပါနဲ့၊ ရှိုးမယ်ဆိုတာ ရမယ်ရှာပြီး အမှန်တရားကို ဖုံးလွှမ်းခြင်းသဘောပါ၊ လူမှုရေးကို ယုံကြည်အောင် လုပ်ကြစမ်းပါ၊ ရှောင်လိမ်ဇာတ်ကားရိုက်နေတာမဟုတ်ပါဘူး၊ ရှောင်ချင်ကြ လိမ်ချင်တာက အရုပ်ဆိုးလွန်းပါတယ်၊ ချစ်ရေးချစ်ရာဆိုလည်း အမြတ်ရှာချင်ကြတာ၊ အနစ်နာခံချင်တဲ့စိတ်မွေးမြူကြစမ်းပါ၊ အနစ်နာခံလို့ အပါယ်(၄)ပါး ရောက်မသွားပါဘူး။

သူတော်ကောင်းပညာရှိဆိုတာ ခန္ဓာကိုယ် အသုံးချပစ်တာ၊ ရရှိနေတဲ့ခန္ဓာဟာ သုံးဘို့ပါ၊ ဤကား သူတော်ကောင်းများ၏အမြင်တည်း၊ ခန္ဓာဟာ ခံစားဘို့ သာယာပျော်ရွှင်ဘို့ အမြင်ကတော့ လူညံ့အမြင်သာဖြစ်၏၊ ညံ့လေ သက်သာခိုလေပဲ၊ လူတော်လူကောင်းမှန်လျှင် မညံ့ရဘူး၊ မညံ့ကြဘူးဟူ၍

www.burmeseclassic.com

www.burmeseclassic.com



မှတ်သင့်ပါ၏၊ တော်, မတော်ဆိုတာ လုပ်ရည် ကိုင်ရည်ကို မှတ်ကျောက်တင်ခြင်းပင် ဖြစ်၏။

လူကြီးက အခွင့်အရေးပေးပြီဆိုလျှင် များသောအားဖြင့် တော်လို့တင်ပေးခြင်း သဘောပါ၊ အခွင့်အရေးဆိုတာလည်း သုံးတတ်မှ မသုံးတတ်လျှင်လည်း အန္တရာယ်ပါပဲ၊ လူတွေက မွဲတာလည်း မပြောနဲ့၊ ဆင်းရဲတာလည်း မပြောနဲ့၊ ညံ့တာက သုံးမရအောင်ဘဲလေ၊ အပြန်အလှန်ဆိုတဲ့ သဘောတရားလည်း နားမလည်ကြဘူး၊ အသွားအပြန်ဆိုတဲ့ သဘောတရားလည်း အရေးမထားကြဘူး၊ ဒါတွေဟာ ဘာကြောင့်လဲ အတ္တ၊ မာန ခဝါမချနိုင်လို့ဘဲ။ အတ္တ, မာနက ငါ့ဘဝကို မြင့်အောင်မလုပ်ဘူး၊ နိမ့်ကျအောင် လုပ်နေတာပဲဆိုတာ မိမိကိုယ်ကို မိမိသိမှ မိမိပြင်နိုင်မည်ဖြစ်၏၊ သောဝစဿတာ ဆိုဆုံးမလွယ်ကူသူဟု အဓိပ္ပါယ်ရ၏၊ ဒေါဝစဿတာ ဆိုဆုံးမခက်သူဟု အဓိပ္ပါယ်ရ၏။

လောကကြီးမှာလည်း အကျဉ်းချုပ်စဉ်းစားကြည့်လျှင် အဲ့ဒီလူနှစ်မျိုးသာရှိပါ၏၊ အနည်းအများခွဲလိုက်ရင် ဒေါဝစဿတာ ကအများ၊ သောဝစဿတာကအနည်း၊ အကြောင်းရှာလိုက်တော့ အမှားအမှန် အမြင်မသန်ခြင်းသဘောကို တွေ့ရမည်ဖြစ်၏။

**"ထိုရွှေ့များစွာ၊ သတ္တဝါကား၊ ခန္ဓာရင့်တိုင်း၊ စိတ်ရုပ်ရိုင်း၏၊ ပိတ်ထိုင်းမောဟ၊ မိုက်တွင်းကျ၍၊ အန္ဓပုထုဇဉ်၊ ဉာဏ်မယှဉ်ဘူး"** မဃပိုဒ်(၂၁၃)ဆိုတဲ့အတိုင်းပဲ သတ္တဝါတွေ အသက်ကြီးလာတိုင်း စိတ်တွေ ရိုင်းစိုင်းတတ်ကြပါ၏။



မသိမှုက အားကြီးလွန်းတော့ မိုက်ကန်းတဲ့တွင်းထဲကျသလိုပဲ၊ လူမိုက်လူရိုင်းဆိုတာ ဘယ်တော့မှ အသိဉာဏ်မပါဘူး၊ ဟု ဆိုလိုခြင်း ဖြစ်ပါ၏၊ လောကသဘာဝအရ ဆရာတော်ကြီး မိန့်မှာသွားခဲ့သည်မှာ ဟုတ်, မဟုတ်၊ မှန်မှန် စစ်တမ်းထုတ် ကြည့်ပြီး သခ်န်းစာယူကြဘို့ သတိပေးလိုပါ၏၊ ဒါကလဲ သဘာဝတော့ သဘာဝပါပဲ၊ ဘာပြုလို့လဲဆိုတော့ သတ်တမ်းဆုတ်ယုတ်ခြင်း၏ အကြောင်းရင်းတွေလေ၊ ဆုတ်ကပ်ဆိုတာ ဒီအတိုင်းပါပဲ၊ ဘယ်လိုပြောပြော ဘယ်လိုပြင်ပြင် မရပါဘူး၊ ဒါလဲသိပါ၏။ သို့သော် မြန်မြန်ပြိုလဲမသွားအောင် ပြောခြင်း ပြင်ခြင်းဖြစ်ပါ၏။

**"ငယ်စဉ်တဏှာ၊ အိုမိစ္ဆာနှင့်၊ ပညာကင်းဘိ၊ သတိကင်းပ၊ ဉာဏ်ကန်းစွကြောင့်၊ သတ္တဝါမလေ့၊ မငြိုးငွေ့ဘူး"** မဃပိုဒ် (၂၁၃) ဆက်ပြီး မိန့်မှာခဲ့ပါ၏။

ငယ်ငယ်ကတော့ တဏှာစွမ်းအားကို အသုံးပြုကြပါ၏၊ ကြီးလာတော့ မိစ္ဆာအားကို အသုံးပြုကြပါ၏၊ ပညာကလည်းကင်း ကန်းလည်းကန်း သတိကလည်း မရှိကြတော့ ရနေတဲ့လူ့ဘဝ သတ္တဝါဘဝများကို မငြိုးငွေ့ကြဘူးဟု ဆိုလိုပါ၏။

စာသဘော ဗုဒ္ဓဟောကို ကြည့်ရင် မြတ်ဘုရားက ပညာကို အသုံးပြုခိုင်းတဲ့သဘောပါ၊ မှန်လည်းမှန်ပါ၏။

"ပညာမပါ အရာရာမှာ မှန်စွာမသိ တွေဝေဘိ၏"ဟု ပေါရာဏဆရာများက မိန့်ခွန်းခြွေထားပါ၏၊ တစ်နည်းကြည့်လျှင် ထောက်ခံထားပါ၏၊ ပညာမှ မပါလျှင် ဘယ်အရာမှ မှန်စွာ

www.burmeseclassic.com



မသိနိုင်ဘူးတဲ့၊ မသိလို့လည်း မှားနေကြတာ၊ လောကကြီးမှာ ဒုနဲ့ဒေးပါ။ ဘယ်အရာမဆို စိတ်ဆိုတာ တဏှာအလိုသို့ ပါမှန်း မသိ ပါတတ်ကြပါ၏၊ ဘာမှန်းမသိဘူးဆိုရင် ခန္ဓာဟာ တဏှာ တုံးကြီးပါပဲ၊ တကိုယ်လုံးဟာ ဉာဏ်နဲ့ကြည့်ရင် မြင်ကြမည် မြင်နိုင်မည်ဖြစ်၏။

**အသာတံ သာတရူပေန၊ ပိယရူပေန အပ္ပိယံ၊**
**ဒုက္ခံ သုခဿ ရူပေန၊ ပမတ္တမတိဝတ္တတိ၊**

[ဇာတက -ပ-အသာတရူပဇာတ်].

အသာတံ သာတရူပေန၊ မသာယာအပ်တဲ့ သဘော တရားတွေက၊ သာယာအပ်တဲ့ သဘော၏ အတုအားဖြင့် မေ့လျော့ပေါ့ဆသူများကို အစဉ်လိုက်၍ နှိပ်စက်နေ၏ဟု ဆိုလိုပါ၏။

လောကအမြင်အားဖြင့်ပြောရရင် အာရုံငါးပါးဟာ မသာယာအပ်တဲ့သဘောတရားတွေပါပဲ၊ သို့သော် သာယာမှု အတုအယောင်ဆောင်ပြီး ယနေ့ခေတ် လူပျင်းလူညံ့တွေကို အစဉ်လိုက်ပြီး အပြတ်တီးနေပါ၏။

ပိယရူပေန အပ္ပိယံ၊ မချစ်အပ်သော သဘောတရား တွေက ချစ်အပ်သောသဘောတရား၏ အတုယောင်ဆောင်ကာ လူဖျင်းလူညံ့များကို အစဉ်တစိုက်လိုက်၍ နှိပ်စက်လေ့ရှိပါ၏၊ ယနေ့ခေတ်မှာက ပကတိအမြင်ပဲ အားကိုးကြအားပြုကြပါ၏၊ ဉာဏ်အမြင်ကို သတိမမူကြတာ များလှပါ၏၊ စိတ်ပျက်လည်း



ဘယ်သူမှ မသနားဘူး၊ စိတ်ညစ်လည်း ဘယ်သူမှ မသနားဘူး၊ ကိုယ့်ဘဝကို လမ်းမချော်အောင် ပဲ့ကိုင်ကြရမှာပဲဟု သတိပြု ကြပါ၊ သတိလည်းမမူ အသိဉာဏ်လည်းမထူတဲ့သူများ နစ်နာ ဆုံးရှုံးနိုင်ပါ၏။

ဒုက္ခံ သုခဿ ရူပေန၊ ဆင်းရဲသည် ချမ်းသာ၏ အတု အယောင်ဆောင်ကာ လူဖျင်းလူညံ့များကို အမြဲနှိပ်စက် လေ့ရှိပါဟုဆိုလိုပါ၏၊ လောကအသုံးအဆောင် သက်ရှိသက်မဲ့ များဟာ ဒုက္ခတွေပါပဲ။ သို့သော် မိမိက အသိဉာဏ်ပါးတော့ သုခလို့ထင်နေကြပါ၏၊ ဒုက္ခကလည်း သုခ၏အတုအယောင် ဆောင်လျက် မသိရင်မသိသလို အမြဲ အစဉ်တစိုက်လိုက်ပြီး နှိပ်စက်လေ့ရှိပါ၏။

ကာမတောထဲ ရောက်ပြီဆိုတော့ ကာမဂုဏ်၏ ရိုက်ခတ် မှု လှည့်ဖြားမှု ညှဉ်းပန်းမှုတွေဟာ အနည်းနှင့်အများ မလွတ် ကြပါဘူး၊ ခွာရဖြုတ်ရ တကယ်မလွယ်တဲ့ ကိလေသာတဏှာ တွေပါပဲ။

**"ကာမရောဂါ၊ ကိုယ်တွင်းနာကား၊ ကုရာနတ္ထိ၊ ဆေးမရှိဘူး၊ မိမိပညာ၊ သတိသာလျှင်၊ မဟာဩသဓ၊ ဆေးမည်စွရှင့်"** မန်လည်ဆရာတော်ကြီး မိန့်မှာထားသည် နှင့်အညီ နေထိုင်သွားလာဖို့အရေးကြီးပါ၏။

ကာမရောဂါဆိုတာ လောကသဘာဝအရ ဆေးမရှိဘူး တဲ့၊ မိမိ၏ပညာ မိမိ၏သတိသာလျှင် အသုံးပြုတာ ဆေးရမှာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။ ပညာဟာ ကိလေသာ တဏှာကို နည်းပါးအောင် လုပ်နိုင်စွမ်းရှိပါ၏၊ သတိထားပြီးကြည့်မှ တဏှာရာဂကို မြင်နိုင်မည်ဖြစ်၏၊ ပညာသတိသာ အမြဲဆေးသဖွယ် အသုံးပြုနိုင်လျှင် ကိလေသာရန် တဏှာရန်မှ အန္တရာယ်အမြန် လွတ်ရန်ရှိပါ၏။

အဲဒီလိုမှ မမြင်ကြ မသိကြရင် ခန္ဓာသာ ပြောင်းသွားမှာ ကိလေသာတဏှာကတော့ ရလေရာရာ ရောက်လေရာရာ ဘဝတိုင်းဘဝတိုင်း သူခိုင်းသမျှ သူနှိပ်စက်သမျှ ခံကြရဦးမည်သာ ဖြစ်ပါ၏။

ဒါကြောင့် ကိလေသာတဏှာရန်မှ လွတ်မြောက်ကြရန် ပညာသတိ အမြဲရှိ အမြဲအသုံးပြုနိုင်ကြတဲ့ သူမြတ်လောင်းသူတော်ကောင်းများဖြစ်အောင် ကြိုးစားကြပါဟု တိုက်တွန်းနှိုးဆော်ရင်း တဏှာအကြောင်း တစေ့တစောင်း ဆောင်းပါးကို အဆုံးသတ်လိုက်ပါသတည်း။

■

# သဒ္ဓါတရားလေ့လာထား

သဒ္ဒဟတီတိ သဒ္ဓါ၊ သဒ္ဒဟန္တိ ဧတာယာတိ သဒ္ဓါ၊ သဒ္ဒဟနံ သဒ္ဓါ=ဟု အဋ္ဌကထာဆရာ, ဋီကာဆရာများ ဖွင့်ဆိုထားသည်နှင့်အညီ ယုံကြည်သက်ဝင်တတ်သောကြောင့် သဒ္ဓါတရား မည်၏။

ဘာကိုယုံကြည်သလဲ?

ဘုရား, တရား အစရှိသော သူတော်ကောင်းတရား၊ ကံကံ၏ အကျိုးသဘောတရားမျိုးကို ယုံကြည်ခြင်း သဘောတရားလေးကို ဆိုလိုခြင်းဖြစ်ပါ၏။

လောကသဘောသွားနဲ့ကြည့်ရင် စီးပွားရေးအရ၊ လူမှုရေးအရ၊ ချစ်ရေးချစ်ရာအရ ယုံကြည်တယ်ဆိုတာ သူ့ရဲ့ ဓာရိတ္တပိုင်း။ (တစ်နည်း) စိတ်နေစိတ်ထား အပိုင်းလေး ယုံကြည်တယ်၊ မယုံကြည်ဘူး။ မိမိ၏ဉာဏ်စွမ်းဖြင့် ဆုံးဖြတ်ချင်း သဘောကို ဆိုလိုပါ၏။

ပုထုဇဉ်တို့၏ စိတ်နေစိတ်ထားဆိုတာ ကောက်ချက်ချရခက်ပါတယ်။ ယခုခေတ်မှာ ပိုဆိုးပါသေးတယ်။ လောကမှာ

www.burmeseclassic.com

www.burmeseclassic.com



စည်းရယ်၊ ဘောင်ရယ် မရှိချင်ကြတော့ဘူး။ စိတ်နေ စိတ်ထား တွေကလည်း အမျိုးမျိုးပြောင်းလဲ ပျက်စီးနေကြတာကိုး။

အဲဒီတော့ ယုံကြည်မှုကို ဘယ်လိုကိုင်တွယ်မလဲ။ ယုံကြည်မှုဆိုတာ စီးပွားရေး၊ လူမှုရေး၊ ချစ်ရေးချစ်ရာတွေမှာ အလိုအပ်ဆုံး အသုံးဝင်ဆုံးအရာပါ။ အလိုအပ်ဆုံး အသုံးဝင်ဆုံးအရာကို ဖြုတ်ပယ်ပြစ်ကြမယ်ဆိုရင် စီးပွားရေးဆိုရင်လည်း ပျက်စီးမှု, ဆုံးရှုံးမှုသာ ဦးတည်ရန်ရှိပါ၏။ လူမှုရေးဆိုရင်လည်း ပျက်စီးမှု, မိတ်ပျက်မှုသို့သာ ဦးတည်ရန်ရှိပါ၏။

ချစ်ရေးချစ်ရာဆိုရင်လည်း ပျက်စီးမှု, စိတ်ဆင်းရဲမှုသို့သာ ဦးတည်ရန်ရှိပါ၏။ ယုံကြည်မှုဆိုတာ လူတိုင်း အရေးထား လေးစားရမည့်အရာဆိုတာ သဘောပေါက်သင့်ပါ၏။ နားလည် ထားသင့်ပါ၏။

ဒီလိုယုံကြည်မှုကတော့ လောကအကျိုးပြု လူမှုရေး အကျိုးပြု ချစ်ရေးချစ်ရာ အကျိုးပြုခြင်းသဘောကို ဆောင်၏။ ဘဝဆိုတာက သီးသန့်တည်ဆောက်ဖို့ ခဲယဉ်းပါ၏။

အသက်အရွယ်ရလာလေ လူမှုရေးဆိုက်၊ စီးပွားရေး ဆိုက်၊ ချစ်ရေးချစ်ရာဆိုက်တွေက မိမိဘဝထဲ ဝင်မှန်းမသိ ဝင် ရောက်လာလေပဲ၊ တစ်နည်းအားဖြင့်ကြည့်လျှင် ရှုပ်ရှုပ်ထွေးထွေး ဘဝပေးဟုဆိုရမလား။ ကြီးလာလေ တာဝန်တွေ အလုပ်တွေက များလာလေ ကိလေသာတွေကလည်း တိုးပွားလာလေဆိုတော့ ကြီးလေကြာလေမလှုပ်သာလေဘဲ ဒါကို မန်လည်ဆရာတော် ကြီးက-



**"ဘဝလူ့ဘောင်၊ ကံမဆောင်မူ၊ မပြောင်တတ်ချေ၊ တာပေပေတည့်၊ လှုပ်လေမြုပ်လေ၊ ငုတ်တုတ်သေ၏"**ဟု သတိပေးသောအားဖြင့် စပ်ရေးသွားတာ တွေ့ရပါ၏။

ဘဝတစ်ခုဆိုတာ မစဉ်းစားမိကြလို့သာ ကြီးလေ ကြာ လေ ဆိုးဝါးလေပါပဲ၊ ကျန်တာမပြောနဲ့ မိမိခန္ဓာကအစ မိမိကို ငြိမ်းချောက်လာလာပါ၏၊ ကြောက်စရာကိုပြပါ ပြောပါဆိုလျှင် စာရေးသူကတော့ မိမိ၏ခန္ဓာ၊ မိမိ၏စိတ်ကိုပဲ ပြချင်ပြောချင် ပါ၏။ အသက်ကြီးသူများကတော့ ရာခိုင်နှုန်းပြည့် လက်ခံကြ မည်ဟု ယူဆမိပါ၏။

ယခုခေတ်အနေနဲ့ကြည့်လျှင် ယုံကြည်မှု ပျက်ပြားတဲ့ ခေတ်၊ ယုံကြည်မှုကို အလေးမထားတဲ့ခေတ်ဟု ဆိုချင်ပါ၏။ စီးပွားရေးလည်း မယုံရ၊ လူမှုရေးလည်းမယုံရ၊ ချစ်ရေးချစ်ရာ လည်းမယုံရဲဆိုတော့ စိတ်ဆင်းရဲမှု၊ စိတ်ပင်ပန်းမှုဖြစ်ခြင်း၏ အကြောင်းရင်းပါပဲဟု ဆုံးဖြတ်လိုပါ၏။

ပါဠိစကားအရ လောကသဘာဝ ယုံတယ်၊ မယုံဘူး ဟူသော အသုံးအနှုန်းများကို လောကသဒ္ဓါဟု၊ သုံးနှုန်းလိုက် ပါ၏။ တစ်နည်း ဘုရားဟော သဒ္ဓါအဓိပ္ပါယ်က ရတနာသုံးပါး၊ ကံ ကံ၏အကျိုး ယုံကြည် အားကိုးခြင်းသဘောကိုဆိုလိုပါ၏။

—သဒ္ဓါတရား၏စွမ်းအား (၄)ပါး

၁။ သဒ္ဓဟနလက္ခဏာ၊ ကြည်ညိုခြင်းလက္ခဏာ။

၂။ ပသာဒနရသာ၊ စိတ်ကို ကြည်လင်စေခြင်းကိစ္စရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



၃။ အကာလုသိယပစ္စုပဋ္ဌာန၊ စိတ်မနောက်ကျူခြင်း သဘောရှိ၏။

၄။ သဒ္ဒေယျဝတ္ထုပဒ္ဌာန၊ အလှူခံပုဂ္ဂိုလ်များအား မလှူရ မနေနိုင် လှူရမှုစိတ်သက်သာရာ ရခြင်းသဘောကို ဆောင်၏။

သဒ္ဓါတရား (၅)မျိုးရှိကြောင်း [သီ-၅]မှာဖွင့်ပြပါ၏။ သဒ္ဓါတရားသည် လူတိုင်းမရှိနိုင်၊ ရှိပြန်သော်လည်း အမြဲတမ်း မဖြစ်နိုင်၊ အမြဲတမ်းဖြစ်သော်လည်း အကောင်အထည်မဖော်နိုင် (တစ်နည်း)ထိရောက်အောင် အသုံးမချနိုင်။ လူတိုင်းရဲ့ စိတ်မှာလည်း အမြဲတမ်း ထွေသူကများပါတယ်။

ဘာကြောင့် ထွေသလဲဆိုရင် စီးပွားရေးချွတ်ယွင်းမှု လူမှုရေးချွတ်ယွင်းမှု ကျန်းမာရေး ချွတ်ယွင်းမှု၊ အိမ်ထောင်ရေးချွတ်ယွင်းမှု တစ်ခုခုကတော့ တစ်နေ့မဟုတ် တစ်နေ့ ကြုံကြဆုံကြရတာကိုး။ အသက်ရှင်နေသမျှ အဖြစ်ရှိသလို အပျက်ကလည်း အမြဲတမ်း လိုက်နေလျက်ပါ။ သူတော်ကောင်းဖြစ်မှ သဒ္ဓါတရားအကြောင်း ကောင်းကောင်း နားလည်သဘောပေါက်မည်။ သဒ္ဓါတရားရှိမှ သူတော်ကောင်း သူမြတ်လောင်း ဖြစ်နိုင်မည်။

**"သဒ္ဓါပဟူပြား၊ ဤတရားလည်း၊ လမ်းသွားသံသရာ၊ သတ္တဝါ၏၊ လူ့ရွာနတ်ထံ၊ နိဗ္ဗာန်ထုတ်ချောက်၊ အဆုံးရောက်အောင်၊ ချီးမြှောက်ဥပ၊ နိဿယဖြင့်၊ ဘဝထိုထို၊ ရတိုင်းကိုယ်၌၊ အလိုရှိရာ၊ ပေးတတ်စွာ၏"**ဟု မဃဒေဝပိုဒ်



(၂၆၅)မှာ ဖော်ပြထားပါ၏။

ဤလင်္ကာလေးကို ထပ်ကာထပ်ကာဖတ်ပြီး သေချာစဉ်းစားကြည့်ပါ။ လူတစ်ဦးတစ်ယောက်အတွက် သဒ္ဓါတရားဟာ ဘယ်လောက် အရေးကြီးသလဲဆိုတာ သိနိုင်မြင်နိုင်ပါ၏။ ဖြစ်လေရာရာဘဝတိုင်းမှာ အလိုရှိရာကို ပေးစွမ်းနိုင်တာက သဒ္ဓါတရားပဲ။ နတ်ပြည် လူ့ပြည်ကအစ အဆုံးနိဗ္ဗာန်ရောက်အောင် ပို့နိုင်သွားနိုင်တာက သဒ္ဓါတရားပါပဲ-ဟု ဆိုလိုခြင်းဖြစ်ပါ၏။

ရနေတဲ့လူ့ဘဝ စားရရုံ ဝတ်ရရုံ နေထိုင်နိုင်ရုံနဲ့ အချိန်ကုန်ခံချင်တာ သဒ္ဓါတရား၏စွမ်းအား မသိသေးလို့ပါဘဲ ဟု ဆုံးဖြတ်လို့ရပါ၏။ ဆိုးဝါးတာက အသိဉာဏ် မရှာဖွေ မဆည်းပူးချင်ကြတာ မိမိဘဝအတွက် နင့်နာမှန်းမသိ နင့်နာလွန်းပါတယ်ဟု စာရေးသူဆိုချင်ပါ၏။

မျက်မှောက်ခေတ်ကိုကြည့်မယ်ဆိုရင် ဘာသာရေးအရဆိုပါတော့ ဘာသာရေး တကယ်နားလည်တဲ့သူ, တကယ်သိတဲ့သူ ရှိတော့ရှိတယ် ရှားမယ်ပေါ့။ တကယ်လိုက်စားတဲ့သူက ပို၍ရှားပြန်ရော။

သတ္တဝါတွေဟာ အာရုံငါးပါး ဝဲထဲမှာပဲ တဝဲလည်လည်နဲ့ ဟောတစ်ဘဝ ဟောတစ်ဘဝ၊ ရေတွက်မရအောင် ဖြစ်နေကြရပါ၏။ ဒုက္ခတို့ တဏှာရာဂတို့ဆိုတာ ဉာဏ်စားနှင့်ရှင်းရမှာ၊ ဉာဏ်သွားမှုမရှိရင် ဒုက္ခ၊ တဏှာ၊ ရာဂပယ်ရှားဖို့ စိတ်ကူးတောင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိကြမှာမဟုတ်ဘူး။

လူတိုင်း စဉ်းစားမိကြတာ အသက်ရှည်ဖို့၊ ကျန်းမာဖို့၊ ချမ်းသာဖို့၊ ဒါပဲ စဉ်းစားမိကြတော့ ဒီလောက်ပဲမြင်တော့ ဒီလောက်ပဲ အကောင်အထည်ဖော်ကြတာပေါ့။ ဒီထက်မြင်စရာ သိစရာတွေ အများကြီးရှိသေးပါ၏။ အထွတ်အထိပ်ဆိုတာ နိဗ္ဗာန်ပါပဲ။ ဗုဒ္ဓဘာသာဝင်တိုင်းသိကြပါ၏။ လုပ်ဖို့ကျင့်ကြံဖို့က စိတ်ကူးထဲတောင် ပေါ်ကြမှာမဟုတ်ပါဘူး။ ဒါဟာ မိမိ၏ မဟာအားနည်းချက်ပဲ။

"ကိုယ်လုပ်မှကိုယ်ရ ကိုယ်စားမှကိုယ်ဝ"ဆိုတဲ့အတိုင်း ပိုက်ဆံရှာလျှင် ပိုက်ဆံရမှာပဲ၊ စိတ်၏ တောင့်တမှုဖြစ်တိုင်း နေ့စဉ်နှင့်အမျှ အကောင်အထည်ဖော်ကြရသူတွေပါ။ တရားရှာရင် တရားအနည်းနှင့်အများ သိကြ ရကြရမှာပါ။

ဒါကို စဉ်းစားမိတဲ့သူ သိတဲ့သူခပ်ရှားရှားပါ။ "ငယ်စဉ်အခါ ပညာရှာ၊ ပညာရရင့် ပွဲလယ်တင့်"ဟု ဆရာတို့ ဆိုရိုးပြုခဲ့ပါ၏။ ယခုခေတ်မှာက "ငယ်စဉ်အခါ ကြင်ယာရှာ၊ ကြင်ယာရှိလျှင် ဒုက္ခယှဉ်လို့" ဆိုရိုးပြုရမည်ဖြစ်၏။

ဆယ်နှစ်ကျော်တာနဲ့ တဏှာ ရာဂပေါ်ကြပါ၏။ ပေါ်တာကိုလိုက်တော့ ပေါက်ထွက်တာပေါ့။ ဆိတ် သိုး တိရစ္ဆာန်မျိုးနဲ့ ဘာထူးသေးလဲ စဉ်းစားကြပါ။ လူဖြစ်ပြီး တိရစ္ဆာန်အသိလောက်နဲ့ ဘဝမလုံလောက်ပါဘူး။ လုံလောက်အောင်လည်း မစဉ်းစားကြသလို၊ လုံလောက်အောင်လည်း အသိဉာဏ် မရှာ



ဖွေချင် မလုပ်ချင်ကြဘူး။ ဒါကတော့ လောကသဘာဝဖြစ်ပုံ ကြီးကြီး ကြီးကြီး ညှပ်ပြခြင်းသဘောပါ။

"သဒ္ဓိမ ဝိတ္တံ ပုရိသဿ သေဋ္ဌံ" ဟုအင်္ဂုတ္တရပါဠိ/ အာဠဝကသုတ္တန်မှာ ဘုရားဟောရှိပါ၏။ မိန်းမယောကျ်ားတို့၏ ဥစ္စာဟာ သဒ္ဓါတရားပါပဲဟု ဆိုလိုခြင်းဖြစ်၏။ ပစ္စည်းဥစ္စာ ရွှေငွေများကို ဘုရားကပစ္စည်းဥစ္စာဟုမဆိုလို။

ဘာကြောင့်မဆိုလိုသလဲ?

ဒါဟာ ထပ်ပြီးစဉ်းစားစရာပါ။ အနိစ္စသဘော သက်ဝင်နေလို့၊ သို့မဟုတ် မတည်မြဲတဲ့အရာဝတ္ထုမို့လို့၊ ရန်သူမျိုးငါးပါး အချိန်မရွေး ဖျက်ဆီးနိုင်စွမ်းရှိလို့ဟု ဆုံးဖြတ်သင့်ပါ၏။ မြင်အောင်ကြည့်တတ်ဖို့ အရေးကြီးပါ၏။

လောကမှာ အဖြစ်, အပျက်နှစ်မျိုးသာရှိပါ၏။ ကျန်တာ မကြည့်နဲ့ မိမိခန္ဓာ မိမိအသက်အရွယ်ဆင်ခြင်ကြည့်က သိနိုင်ပါ၏။ စွဲလမ်းတယ်ဆိုတာက အသည်းကျွမ်းဘို့ လက္ခဏာပြနေတာပဲ၊ အစွဲအလမ်းကို ဖျောက်နိုင်ရင် အသည်းမကျွမ်းတော့ဘူးဟု အပြန်အားဖြင့် သိနိုင်ပါ၏။

ယခုခေတ်မှာက သားစွဲ၊ မယားစွဲ၊ ပစ္စည်းစွဲ၊ ဥစ္စာစွဲ၊ လူမျိုးရေးစွဲ၊ ဘာသာရေးစွဲ တွေ့ရာအကုန်လုံး စွဲနေတော့ အကုန်ခွဲရခတ်နေတာပေါ့။ သူသူငါငါအကုန်ပြောတာ ဘယ်သူ ဘယ်ဝါရယ်လို့ ပညတ်မတတ်ပါဘူး။

ပရမတ်မမြင်မှာစိုးလို့ အချို့တရားမလုပ်နိုင်သေးဘူးဟု

www.burmeseclassic.com

www.burmeseclassic.com



ဆင်ခြေပေးကြပါ၏။ တရားမလုပ်နိုင်သေးရင် မတရားတာ လုပ်နေသူပဲပေါ့။ နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှားနေကြတာ တရားနဲ့ပါပဲ။ (သို့မဟုတ်)ကုသိုလ် အကုသိုလ်နဲ့ပါပဲ၊ နေ့စဉ်နဲ့ အမျှ ကုသိုလ်အကုသိုလ် ဘယ်သူလွတ်သူ ရှိသလဲ။ ကုသိုလ် အကုသိုလ်ကိုပဲ တရားသဘောဟု ရှင်တော်ဘုရား ဟောကြား ခဲ့ပါ၏။

တရားဆိုတာ လောကကြီး ရှိနေသမျှ ရှိနေ, တည် နေဦးမှာပဲ။ လူတိုင်းမသိကြ မမြင်ကြတာဘဲ ရှိမယ်။ ဒါဘာ ကြောင့်လဲ? အကောင်း, အဆိုး၊ အကြောင်း, အကျိုး မသိလို့ မမြင်လို့ဟူ၍ မှတ်သင့်ပါ၏။ စဉ်းစားဆင်ခြင်တတ်တဲ့ ဉာဏ် ပညာရှိမှ အကောင်း, အဆိုး၊ အကြောင်း,အကျိုး သိနိုင် မြင်နိုင် မည်ဖြစ်၏။

သူတော်ကောင်း သူမြတ်လောင်းများထံနည်းခံက နည်း ကြံများ ရရှိနိုင်မည်ဖြစ်၏။ နည်းကြံဟူသည် နည်းလမ်းနှင့် အကြံဉာဏ်များကို ဆိုလိုခြင်းဖြစ်၏။

**သဒ္ဓါယ တရတိ ဩဃံ** ဟု အာဠဝကသုတ္တန်မှာ ရှင်တော်ဘုရား ဆက်ဟောထားပါ၏။ သဒ္ဓါတရားဖြင့် သံသရာ တည်းဟူသော ဝဲဩဃကို လွန်မြောက်နိုင်တယ်ဟု အဓိပ္ပါယ် ရ၏။

သဒ္ဓါတရား၏စွမ်းရည်ဟာ သံသရာဝဲထဲက လွတ် မြောက်အောင် ဆွဲထုတ်နိုင်စွမ်းရှိတယ်-ဟု မှတ်သင့်ပါ၏။



ဘယ်လောက် အားကိုးစရာကောင်းလဲ? ဘယ်လောက် ဆည်းပူးစရာကောင်းလဲ?

ယခုခေတ် လူတွေက ရွှေငွေအသုံးအဆောင်လောက် သာ အရသာခံနေကြတာ။ (တစ်နည်း) ရွှေငွေစည်းစိမ်အပေါ် အရသာဖျော်ပြီး ပျော်နေကြတာ မကြာမီမှာဘဲ ဘေးသုံးပါးက ဝင်ပြီးတိုက်စားသွားကြတာ နေ့စဉ်နဲ့အမျှပါပဲ။

တရားမရ တရားမမြင် တရားမလုပ်ဖြစ်ကြတာ မိမိ အမှား မိမိအားနည်းချက်ဟုသာ ဆိုရမည်ဖြစ်၏။

ဘေးသုံးပါးဟူသည် အိုဘေး၊ နာဘေး၊ သေဘေး ၎င်းသုံးပါးကို ဆိုလိုခြင်းဖြစ်၏။ ဒီလိုနဲ့ တစ်ဘဝပြီး တစ်ဘဝ နှစ်တွေ, ရက်တွေ, လတွေက **"ကာလော ဃသတိ ဘူတာနိ"** ဖြစ်နေကြကုန်ပြီ၊ အချိန်ကလူကို စားနေကြပြီဟု ဆိုလိုပါ၏။

ဗုဒ္ဓစာပေများမှာတော့ သဒ္ဓါတရားဟာ လက်နဲ့ ဥပမာ တူတယ်တဲ့၊ လက်ဟာ ရွှေ၊ ငွေစတဲ့အရာဝတ္ထုများကို ကောက် နိုင်ယူနိုင် သိမ်းဆည်းနိုင်စွမ်းရှိတယ်။ အကယ်၍ လက်မပါခဲ့ လျှင် ရွှေငွေစတဲ့အရာဝတ္ထုများကို ကောက်နိုင်, ယူနိုင်, သိမ်း ဆည်းနိုင်စွမ်းမရှိဘူးလို့ မိန့်တော်မူထားပါ၏။

**"ရတနာသုံးတန်၊ ပစ္စုပ္ပန်နှင့်၊ သံသရာမျိုး၊ ကံအကျိုး တို့၊ ရိုးရိုးဟုမြင်၊ သက်ဝင်ကျေနပ် ယုံကြည်တတ်၊ မှတ် လေ. . သဒ္ဓါတည်း"** ဘာဋီ (၁၂၁)မှာ ဖော်ပြ ပါရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုဘဝမှာပဲ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး သိတတ်မြင်တတ်၊ ကံ ကံ၏အကျိုး လက်ခံနှစ်သက်ခြင်း သဘောကိုဆိုလိုပါ၏။ ဘဝတစ်ခုဖြစ်လာတယ်ဆိုတာ ဘဝတစ်ခု၏ပုစ္ဆာပဲ ဒီပုစ္ဆာကို နေ့တိုင်းအဖြေရှာနိုင်မှ သေချာတဲ့ ပန်းတိုင်ကို လှမ်းကိုင်နိုင်မှာဖြစ်၏။ လူတိုင်းဟာ စားဝတ်နေရေးကိုပဲ အချိန်ပေးကြတာ၊ ကံ,ကံ၏အကျိုး အဖြေမျိုးကို ဘယ်သူမှ မကြည့်မိကြဘူး။ မကြည့်တော့မသိ မသိတော့ လွဲတယ်, မှားတယ်ဆိုတာဖြစ်ကြတာပေါ့။

ဘုရားရှင်ရဲ့ သာသနာတော် ပရဟိတလုပ်ငန်းများဟာ သဒ္ဓါတရားရှိမှ သဒ္ဓါတရားနှင့်ပြည့်စုံမှ ချီးမြှောက်ထောက်ပံ့ခွင့် ကူညီဆည်းပူးခွင့် ရကြတာပါ။ သံသရာအတွက် ချမ်းသာဖက်ချင်လျှင် သဒ္ဓါတရားရှိမှ ပြည့်စုံမှဟူ၍ မှတ်။ လက်ရှိဘဝဆင်းရဲကြတာ သံသရာတည်းဟူသောဘဏ်မှာ သဒ္ဓါတရားလက်ကျန်မရှိကြလို့ဟုပြောရင် လက်ခံနိုင်ကြမှာပါ။ ချမ်းသာတဲ့သူတွေကြည့်ပြီး သံသရာတည်းဟူသောဘဏ်မှာ သဒ္ဓါတရားလက်ကျန်ပံ့ပိုးမှု ကူညီထောက်ပံ့မှုရလို့ပဲဟု မှတ်သင့်ပါ၏။

သူတော်ကောင်းဥစ္စာ (၇)ပါး။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပတို့ဖြစ်၏။ ပြောချင်တာက သဒ္ဓါတရားဆိုတာ သူတော်ကောင်းမှ ထားနိုင်တာ၊ ကျန်တဲ့ (၆)ပါးလည်း ထိုးနည်းတူမှတ်ပါ။ လူရယ်လို့ဖြစ်လာပြီဆိုလျှင် သူတော်ကောင်းဥစ္စာ ပိုင်ဆိုင်ခွင့်ရှိပါ၏။ ဘယ်သူကမှ ပြဿနာလုပ်လို့မရပါ။ လောကအသုံးအဆောင် ပစ္စည်းဥစ္စာများကြောင့်



သာ ပြဿနာတက်ကြ၊ အချင်းချင်းမုန်းကြ၊ မခေါ်နိုင် မပြောနိုင်ကြ ဖြစ်နေကြတာလက်တွေ့ပါပဲ။

**"သဒ္ဓါ သီလ၊ လှူစာဂဟု၊ ရှေးက ကောင်းမှု၊ တစ်ဦးပြုသည်၊ ကုသိုလ်အကျိုး၊ ဘုန်းကံမျိုးကား၊ ခိုး၍မရ၊ မှန်တုံစွတည့်"**ဟု မဃပိုဒ်(၂၆၄)မှာ မိန့်ခဲ့ပါ၏။

သဒ္ဓါပြဋ္ဌာန်းပြီး လှူဒါန်းပေးကမ်း စွန့်ကြဲခဲ့ဘူးမယ်ဆိုလျှင် ထိုကုသိုလ်ရဲ့အကျိုး ဘုန်းကံမျိုးဟာ ခိုး၍မရ လိမ်၍မရပါဘူးဟု ဆိုခြင်းဖြစ်၏။ "လူမှာအဝတ် တောင်းမှာအကွပ်" ဟူသော လောကဆိုရိုးစကားအတိုင်း လောကသဘာဝအရ လူမှာ အဝတ်က အရေးကြီးကြောင်း ဖေါ်ညွှန်းထားသလို ဓမ္မသဘာဝအရ လူမှာသဒ္ဓါတရားက အဝတ်ထက် အရေးကြီးပါ၏။

ဘာကြောင့်အရေးကြီးလဲ? အဝတ်က တဒင်္ဂ တခဏပါ၊ ပွဲလမ်းသဘင်တက်ရုံသာ အလွန်ဆုံးကြာ တစ်နေ့ပေါ့။ သဒ္ဓါတရားက ပစ္စုန်ရော သံသရာပါ မိမိဘဝကို အကောင်းဆုံး မြှင့်တင်ပေးမည့်အရာ ဖြစ်နေလို့ပဲ။ သဘောပေါက်သင့်ပါ၏။

သဒ္ဓါတရား ရှိပြီဆိုလျှင် လောဘကိုလည်း ပယ်ပြီးသားဖြစ်သွားပြီ၊ အဲဒါသည်ပင် ကုသိုလ်စိတ်ပဲဟု ဆိုရမှာဖြစ်၏။ ဘဝတစ်ခုဟာ ကုသိုလ်ဖြစ်နေဖို့ ကုသိုလ်စိတ်နဲ့ပဲ အသက်ရှင်သန်နေဖို့ အရေးကြီးဆုံးပါပဲ။ ကုသိုလ်စိတ်ဖြစ်နေရင် အကုသိုလ်မကောင်းတဲ့ သဘောတရားများ ပယ်ပြီးသား, ရှောင်ပြီးသားဖြစ်တော့၏။ အထူးသတိပြုပြီး ရှောင်ရန်မလိုတော့ပါ။

www.burmeseclassic.com

www.burmeseclassic.com



**"သဒ္ဓါရှေးက၊ မဲ့ကြသောအား၊ ထိုသူများကား၊ စီးပွား ချမ်းသာ၊ လုပ်ဆောင်ပါလည်း၊ လိုရာမပြီး၊ မီးနှင့်မပြတ် ဖျက်ရှိ့တတ်သည်၊ ချည်းနှီးမျှသာ၊ ဖြစ်တတ်စွာ၏"**
မဃပိုဒ်(၂၆၅)မှ မိန့်မှာခဲ့ပြန်သေး၏။

ဘဝများစွာ သံသရာက သဒ္ဓါတရားမရှိခဲ့ကြဘူးဆိုရင် (တစ်နည်း) သဒ္ဓါတရားနည်းခဲ့ကြလျှင် ယခု ပစ္စုပ္ပန်ဘဝမျိုးမှာ စီးပွားဘယ်လောက်ရှာရှာ ရန်သူမျိုးငါးပါး ဖျက်ဆီးတတ်သည်ဟု ဆိုလိုပါ၏။ စိတ်နေစိတ်ထားက သဒ္ဓါ၊ ပညာ ဦးစီးထားမှ (သို့မဟုတ်) ဘုရား, တရား ဦးစီးထားမှ အဲဒီလို မဦးစီးခဲ့ရင် အကုသိုလ်လို့ခေါ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ ဣဿာ၊ မစ္ဆရိယ အလှည့်ကျဝင်ပြီး အမွှေခံနေကြရမှာ သေချာသလောက်ပါပဲ။

ဒါကြောင့် ရပ်ကွက်ထဲကို ကြည့်လိုက်ပါ၊ တရားအကြောင်းပြောကြသလား? မတရားအကြောင်း ပြောကြသလား? ကုသိုလ်အကြောင်း ပြောကြသလား? အကုသိုလ်အကြောင်းပြောကြသလား? မကောင်းကြောင်းပြောကြသလား? ကောင်းကြောင်း ပြောကြသလား? လူတွေဟာ ကောင်းတဲ့သူများသလား? မကောင်းတဲ့သူ များသလား? ကောက်ချက်ချကြည့်ရင် မိမိမပါဖို့အရေးကြီးဆုံးပဲ-ဟု မှတ်သင့်ပါ၏။

**"သဒ္ဓါပတ္တမြား၊ မောက်မောက်ကြွားလျက်၊ ပိုင်းခြားလက္ခဏာ၊ ရှုတတ်စွာသား၊ ပညာဝရဇိန်၊ နတ်ပစ်စိန်လျှင်၊ ချိန်ရာမယွင်း၊ မြင်းမိုရ်တွင်းသို့၊ တုတ်ချင်းမတွန့်၊ ရွယ်ထိုင်းကွန့်အောင်၊ သွယ်ညွန့်သွန်းသွန်း၊ မြိုက်မြိုက်ချွန်းလော့"**



မဃပိုဒ်(၂၆၅)မှာ မိန့်မှာထားခဲ့ပါ၏။

သဒ္ဓါတရားဟာ ပတ္တမြားနဲ့ ဥပမာတူတယ်။ ပတ္တမြားဟာ သမာန်လူများ မြင်ဖို့ ကြည့်ရဖို့တောင် မလွယ်ပါဘူး။ မြင့်သူမြတ်သူတို့၏ အသုံးအဆောင်ပစ္စည်းဖြစ်၏။ သဒ္ဓါတရားလည်း ထိုးနည်းတူစွာ မှတ်သင့်ပါ၏။ သဒ္ဓါတရား ဘဝါဘဝက နည်းခဲ့ကြလို့ လက်ရှိဘဝမှာ ဆင်းဆင်းရဲရဲနေ ဆင်းဆင်းရဲရဲ ရှာဖွေသုံးဆောင် စားသောက်ကြရတာ-ဟု ဆုံးဖြတ်လျှင် မမှားလောက်ပါဘူး။ ပစ္စည်း, ဥစ္စာမရှိလျှင် ခွန်အားနဲ့ အလှူလုပ်လို့ရပါ၏။ ခွန်အားနဲ့ သဒ္ဓါဖွံ့လို့ ရပါ၏။ မရှိသူများအတွက် ခွန်အားဟာ ပစ္စုပ္ပန်ရော, သံသရာပါ အသုံးချမယ်ဆိုရင် အရင်းအနှီးဖြစ်နိုင်ပါ၏။

ယခုခေတ် လူတိုင်းပေါ့ များသောအားဖြင့် အရင်းအနှီးကို အချိုးအနှီးဖြစ်အောင်လုပ်ဆောင်လျက်ပါ။ ငါ ဘာ့ကြောင့်ဆင်းရဲလဲ? ငါ ဘာ့ကြောင့်မွဲလဲ? စဉ်းစားဆင်ခြင်ပြီး မိမိကိုယ်ကို ပြုပြင်ပေးလျှင် ပြောင်လဲပေးနိုင်လျှင် အကောင်းဆုံးသော လူ့ဘဝ, အမြတ်ဆုံးသော လူ့ဘဝ ရနေ, ရောက်နေသူပဲ-ဟု တွေ့နိုင်မြင်နိုင်ကြမှာ အမှန်ပါပဲဟု သိစေချင်ပါ၏။

ယခုခေတ်မှာ ပြောရင် ယုံလွယ်တတ်ကြပါ၏။ ဒီလို ယုံလွယ်တာမျိုးကျ စဉ်းစားဉာဏ်မဲ့တာ ဉာဏ်မရှိတာဟု ဆိုရမှာဖြစ်၏။ ဉာဏ်မရှိကြလျှင် ဉာဏ်၏ဆန့်ကျင်ဘက် မောဟ၏ အစွမ်းသတ္တိ ဝင်လာမည်ဖြစ်၏။ မြန်မာလိုပြောရရင် မသိ နားမလည်ခြင်းသဘောကိုဆောင်၏။ စူးစမ်းလေ့လာမှု နည်းပါးခြင်း,

www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ် အမြော်အမြင် မရှိခြင်းသဘောတွေပါဟု ပြောလို့ရပါ၏။ ယုံလွယ်ရင် အကုန် အတွယ်ခံရမယ်။

ခေတ်သဘောအရ ပြောရရင် ဘာကြောင့် ယုံလွယ်သလဲ လိုချင်မှု၊ ကျန်းမာရေးကောင်းလိုမှု၊ အဆင်ပြေလိုမှု၊ ချမ်းသာလိုမှုတွေကြောင့် ယုံလွယ်ခြင်းသဘောပါ။ အမှန် အကန်ကရှားပါး အကြံအဖန်ကများဆိုတော့ အကြံအဖန်သမားတို့၏ ခွင်ထဲရောက်မှန်းမသိ ရောက်သွားနိုင်ပါ၏။ ဒါကိုသတိရှိမှ ယခုခေတ်မှာ သတိမထား အသိမများကြတဲ့ ခေတ်ပါ။

ကိုယ်လုပ်ချင်တာ ကိုယ်ဖြစ်ချင်တာလောက်ပဲ အားစိုက်အားထည့်ကြတာပါ။ ဘာသာရေး ကုသိုလ်ရေး ပရဟိတ လုပ်ငန်းတွေ အားစိုက်ထည့်ကြရင် ဘယ်လောက်ကောင်းမလဲ သူတော်ကောင်း, သူမြတ်လောင်းများ ချီးမွမ်းကြမှာ အမှန်ပါပဲ စာရေးသူမှ ဆိုချင်ပါ၏။

**"ရှေးကကောင်းမှု၊ မပြုနည်းပါး၊ ထိုသူများကား၊ စီးပွားဉစ္စာ၊ ချမ်းသာရကြောင်း၊ ပြုပါရှောင်းလည်း၊ တိမ်းစောင်းယွင်းဖောက်၊ လှေနှယ်မှောက်သို့၊ မမြောက်ကြံရာ လက်ချည်းခါအောင် ချမ်းသာမရ ပျက်တတ်စွတည်း"** မဃပိုဒ်(၂၈၃) မှာမိန့်မှာခဲ့ပါ၏။

ရှေးကကောင်းမှု မပြုနည်းပါးကိုကြည့်ပြီး သဒ္ဓါတရားမရှိခြင်း နည်းပါးခြင်းကြောင့် စီးပွားဉစ္စာကြိုးစားရှာပါသော်လည်း လှေမှောက်သလို ပါတာအကုန်ပြောင် လက်ဗလာနဲ့ အိမ်ပြန်ကြရပါ၏ဟု ဆိုလိုခြင်းဖြစ်၏။



မျက်မှောက်ခေတ် သတိထားပြီး လေ့လာကြည့်မယ်ဆိုရင် သိနိုင်လောက်ပါ၏။ လူတွေဟာ ကိုယ့်ဘဝ ကိုယ့်အခြေအနေ နားမလည်တာ မဆန်းစစ်တာ မဟာအမှားပါ-ဟု ဆိုချင်ပါ၏။ ဖြစ်ပေါ်နေတဲ့ မိမိအခြေအနေ အခက်အခဲ ဒုက္ခ,သုခ ဘာကြောင့်ရသလဲ?

ဒုက္ခကို ဒုက္ခမှန်း မသိ၊ ဆိုးတာကို ကောင်းတာထင် ဘယ်လိုလုပ်ပြီး မိမိဘဝကိုပြင်ကြမလဲ? ကံတရားပဲဟု အဖြေပေးကြမှာဖြစ်၏။ ကံဆိုတဲ့အတိုင်း မိမိအဖန်ဖန် အကန်ခံနေရတာတော့ မိမိညံ့တာ မိမိ သိဖို့အရေးကြီးပါ၏။

ခံဆိုတဲ့အတိုင်း မိမိအခံခံနေရတာ မိမိသိဘို့ကောင်းပါ၏။ ဆိုလိုချင်တာက ရတနာသုံးပါး အမြဲဆည်းကပ်တတ်ဖို့၊ ဂရုဂါရဝတရား အရေးထားတတ်ဖို့၊ လေးစားကြဖို့ ဘဝတစ်ခုမှာ အရေးကြီးဆုံးပါ။

ယနေ့ခေတ်မှာ အများအားဖြင့် နည်းပါးကြတာ တွေ့ရပါ၏။ နည်းပါးတယ်ဆိုတာ ပျောက်ကွယ်ခြင်းရဲ့ လက္ခဏာပါ။ နောက်နောင်ဘဝများ ကောင်းချင်လျှင် ယခုလက်ရှိဘဝ သဒ္ဓါတရားမွေးမြူကြပါ။ ထူထောင်စိုက်ပျိုးကြပါ။ အစစ်အတုဆိုတာ သတိပြုစရာပါပဲ။ သဒ္ဓါအတု မဖြစ်ကြစေနဲ့။

မိစ္ဆာဉာဏ်ရှိနေလျှင် သဒ္ဓါအတုဖြစ်ဖို့ မခဲယဉ်းပါဘူး။ မိစ္ဆာဉာဏ်ဟာလူတိုင်း သင်စရာမလိုတဲ့အရာပါ။ သင်စရာမလိုတဲ့ အရာကို သာယာနေလျှင် တွယ်တာမှုစွဲလမ်းမှု သဘောတွေဟာ လိုက်လာကြစမြဲပါ။

www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းသော သဒ္ဓါတရား လက်ကိုင်ထားလျက် ရနေတဲ့ လူ့ဘဝကို တိုင်းကျိုး, ပြည်ကျိုး, သာသနာအကျိုးထမ်းပိုး ရွက်ဆောင်နိုင်တဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီးများ ဖြစ်အောင် ကြိုးစားပြင်ဆင်ကြပါဟု တိုက်တွန်းရင်း **"သဒ္ဓါတရား လေ့လာထား"** ဟူသော ခေါင်းစဉ် စကားရပ်ကို အဆုံးသတ်လိုက်ပါသတည်း။

■

# ဘာသိဉာဏ်ဟူသည်

**ဇာနာတီတိ ပညာ။ အဌကထာယံ ပန ပညာပေတီတိ ပညာတိ ဝုတ္တံ၊ ကိန္တိ ပညာပေတီတိ? အနိစ္စံ ဒုက္ခံ အနတ္တာတိ ပညာပေတိ။** စသည်ဖြင့် အဌကထာဆရာ, ဋီကာဆရာများ ဖွင့်ဆိုထားသည်နှင့်အညီ အပြားအားဖြင့် သိတတ်သောကြောင့် ပညာမည်၏။

အပြားဟူသည် ကွဲကွဲပြားပြား ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း သိမြင်ခြင်းကို ဆိုလို၏။ သိဖို့ရန်၊ တတ်ဖို့ရန်၊ လိမ္မာဖို့ရန် မြော်မြင်ဆင်ခြင်နိုင်ဖို့ရန်ဖြစ်သော တရားသဘောသည် ပညာမည်၏။

ၿငင်းပညာကို မောဟနှင့် ဆန့်ကျင်ဘက်ဖြစ်၍ အမောဟ လည်းခေါ်၏။ သိတတ်သောကြောင့် ဉာဏ်ဟူ၍လည်းကောင်း၊ ဝိဇ္ဇာဟူ၍လည်းကောင်း၊ ဗောဓိဟူ၍လည်းကောင်း၊ ဗုဒ္ဓိ-ဟူ၍ လည်းကောင်း ခေါ်၏။

လူတစ်ဦးတစ်ယောက် နေရာဒေသ အလိုက် (သို့မဟုတ်) ပုံစံစရိုက်အလိုက် နာမည်အမျိုးမျိုး ထပ်ပိုးတင်စား ခေါ်ဝေါ်ကြသလို၊ ပညာမှာလည်း ထိုနည်းတူစွာ ဓမ္မဝိစယ၊ ဝီမံသ၊

www.burmeseclassic.com

www.burmeseclassic.com



ဝိပဿနာ၊ စိန္တာ၊ မန္တာ၊ ဝေဘာဇ္ဇာ စသည်စသည် နာမည်၊ ပရိယာယ်, စကားလှယ်သုံးပြီး ရှင်တော်ဘုရား ဟောကြားတော်မူခဲ့ပါ၏။

## ပညာ၏ စွမ်းရည်သတ္တိ(၄)ပါး

၁။ ယထာသဘာဝပဋိဝေဓလက္ခဏာ= ဟုတ်မှန်သော ဓာတ်ရင်း သဘောရင်းအတိုင်း ထိုးထွင်း၍ သိမြင်ခြင်း၊ လက္ခဏာ ရှိ၏။

၂။ ဝိသယောဘာသနရသာ= အာရုံကိုထွန်းပြခြင်းကိစ္စရှိ၏။

၃။ အသမ္မောဟပစ္စုပဋ္ဌာနာ= မတွေမဝေခြင်းလျှင် အကြောင်းရင်းရှိ၏။

၄။ ဣန္ဒြိယပရိပါကတာကိလေသဒူရိဘာဝါဒိပဒဋ္ဌာနာ၊ ဣန္ဒြေတို့၏ကြီးရင့်ခြင်း ကိလေသာတို့မှဝေးခြင်း စသည်လျှင် နီးစွာသော အကြောင်းရှိ၏။

သတ္တဝါတွေဟာ ကိလေသာများ၏ အခြယ်အလှယ် ခံနေရသူတွေပါ။ ကိလေသာဟူသည် စိတ်ညစ်နွမ်းခြင်း သဘောကိုဆောင်၏။ ကိလေသာဟာ လုပ်ယူနေစရာမလိုဘူး။ သတ္တဝါတိုင်း လူတိုင်း အလိုလိုပါပြီးသာဖြစ်၏။

ကိလေသာများဟာ အစွယ်အလိုက် ဆိုက်စုံပါ၏။ ဘက်စုံထောင့်စုံက လစ်ဟင်းမှုမရှိအောင် သတ္တဝါများကို ခြယ်လှယ်ထားပါ၏။



ဒါကြောင့် မဟာဂန္ဓာရုံဆရာတော်ကြီးက-

**"ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။**

**တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်"**

ဟု အဆုံးအမ ပေးခဲ့ပါ၏။

အသိဉာဏ်မရှိဘူးဆိုရင် တဏှာ၏ စိုးမိုးမှုအောက်မှာပဲ ရှိပါ၏။ တဏှာ၏စေခိုင်းမှုကြောင့် သွားလာလှုပ်ရှားပျော်ပါးပျော်ရွှင်ဖြစ်နေကြရသူတွေပါ။

**"ပညာယ ပရိသုဇ္ဈတိ"**ဟု သုံးယုတ် အာဠဝကသုတ္တန်မှာ ရှင်တော်ဗုဒ္ဓ မိန့်မှာခဲ့ပါ၏။ ပညာယ၊ ပညာဖြင့် (ဝါ) ဉာဏ်ဖြင့်(ဝါ)အသိဖြင့်။ ပရိသုဇ္ဈတိ၊ ကိလေသာမြူမှေး အညစ်အကြေးများကို စင်ကြယ်အောင် ဆေးကြောပယ်နိုင်၏။

ကိလေသာ (ဝါ)တဏှာကို ဖယ်ရှားနိုင်တာ ပညာ(သို့မဟုတ်)အသိဉာဏ်ပါပဲဟု **"ပညာယ ပရိသုဇ္ဈတိ"** ပါဠိကို ကြည့်ပြီးသိနိုင်ပါ၏။ လောကီပညာပဲဖြစ်ဖြစ် လောကုတ္တရာပညာပဲဖြစ်ဖြစ် အသက်ရှိနေသမျှ အသုံးဝင်ပါ၏။ အသုံးဝင်အောင် မိမိ၏ ဉာဏ်ရည်, ဉာဏ်သွေးအပေါ်မှာ မူတည်ပါ၏။

မြတ်ဗုဒ္ဓအလိုတော်ကျ ပညာကား- လက္ခဏာရေး သုံးပါးနှင့်ခန္ဓာဆင်းရဲ၊ သံသရာဆင်းရဲကို မြင်နိုင်, သိနိုင်သော ပညာမှသာ မြတ်ဗုဒ္ဓအလိုတော်ကျ ဖြစ်မည်ဟူ၍ မှတ်သင့်ပါ၏။ ဘဝ၏ဂိတ်ဆုံးကို မြင်နိုင် သိနိုင်သော ဉာဏ်ပညာဖြစ်သောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



လောကီစာပေ လောကုတ္တရာစာပေဟာလည်း ရှိရင်ရှိသလောက်ကောင်းပါ၏။ သိရင်သိသလောက် ကောင်းပါ၏။

ပညာဉာဏ်ရှိမှ အကုသိုလ်မကောင်းမှု၊ ကိလေသာများကို ပါးအောင် ပယ်ခွာနိုင်အောင် စွမ်းဆောင်နိုင်မည်ဖြစ်၏။ အကောင်းအဆိုး ခွဲခြားနိုင်မည် အကြောင်း,အကျိုး ဝေဖန်နိုင်မည်ဖြစ်၏။

ယခုခေတ်မှာက စကားပြောတာကအစ အနိုင်လိုချင်ကြတာ။ ကျန်တာကတော့ ပြောမနေနဲ့၊ အခက်အခဲ ဖြစ်လာကြရင် အရှုံးအနိုင်ပဲ လုချင်ကြတာ၊ ပြဿနာတက်ရင် ပိုဆိုးသေးတယ်။ အုပ်စုဖွဲ့မိတ်ဖွဲ့ပြီး အနိုင်ကြဲချင်ကြတာ။ မှန်သလားမှားသလားဆိုတာ မခွဲခြားတတ်တာလား၊ မခွဲခြားချင်တာလားပြောရခက်ပါ၏။ စာရေးသူအမြင်ကတော့ အခက်အခဲဆိုရင်လည်း ဉာဏ်သုံးဖြေရှင်း၊ ပြဿနာဆိုရင်လည်း ဉာဏ်သုံးဖြေရှင်းတာ သဘောအကျဆုံးဟု ဆိုချင်ပါ၏။

ယနေ့ခေတ်မှာက ဂုဏ်ခေတ် ငွေခေတ် ဖြစ်မှန်းမသိဖြစ်နေကြပြီ အခက်အခဲဆိုလည်း ငွေနဲ့ရှင်း၊ ပြဿနာဆိုရင်းလည်း ငွေနဲ့ရှင်းဆိုတော့ အမှား/အမှန် ရှာရန် ခက်ခဲကုန်ကြပြီ။

စာရေးသူ အောက်မေ့မိတာက အိုရ, နာရ, သေရမည့်သတ္တဝါတွေပါ။ အို နာ သေ အမြဲတမ်းကပ်ပါနေတာတောင်ပမာဒစိတ်က (မေ့လျော့စိတ်) အဆမတန် ကြီးလွန်းကြပါ၏လား။ နေရမည့်သက်တမ်းကို ကြည့်လိုက်ပြန်တော့ ရာမကျော်



တဲ့ခေတ်ပါ။ ဒီအထဲရောဂါထူး ရောဂါဆန်းတွေက တစ်မျိုး၊ တစ်ခါ သဘာဝဘေးအန္တရာယ်တွေက တစ်ဖုံ၊ အန္တရာယ်အဆန်းအပြားတွေက ဝိုင်းအုံလျက်ပါ။

သတိ အသိလေးနဲ့ စဉ်းစားဆင်ခြင်နေကြမယ်ဆိုရင် ရနေတဲ့လူ့ဘဝ အရှုံးလက္ခဏာ မပြလောက်ပါဘူး။ ခဏလေးရှုံးတာ ဆုံးတာ မခံချင်လျှင် တစ်ဘဝလုံး ရှုံးတာဆုံးတာ ခံရတတ်ပါ၏။

ခဏလေးဟူသည် အခက်အခဲ ပြဿနာများကို ဆိုလို၏။ **“ပညာမပါ၊ အရာရာမှာ၊ မှန်စွာမသိ၊ တွေဝေဘိ၏”**ဟု ပေါရာဏဆရာတို့ မိန့်ဆိုထားသည့်အတိုင်း ပညာဉာဏ်မပါလျှင် အရာရာတိုင်းမှာ အမှားအမှန် ခွဲခြားနိုင်ရန်ခက်ခဲပါ၏။ အမှားကို အမှန်ထင်၊ အမှန်ကိုလည်း အမှား-ဟုသာမြင်တတ်ပါ၏။

ဗုဒ္ဓ၏ တရားတော်တွေဟာ အသက်ကြီးလေ ခွင်ဝင်လေပါပဲ၊ သိပ်မှန် သိပ်သဘောကျခြင်းကို ဆိုလိုပါ၏။

**“လောကဠ်မှာ၊ သတ္တဝါဟူဘိ၊ များအချိကား၊ ကံရှိမှမြတ်၊ ခဲကပ်ရေးရာ၊ အလိမ္မာကား၊ ပညာမြင်သိ၊ ဉာဏ်ရှိမှတတ်၊ မှန်ဆက်ဆက်တည့်”** မဃပိုဒ် (၂၂၉)မှာမိန့်မှာထားပါ၏။

အခက်အခဲ လိမ်မာယဉ်ကျေး သဘောတရားများဟာ ပညာရှိမှ သိနိုင်, မြင်နိုင်တဲ့သဘောပဲ။ အတတ်ပညာဆိုတာလည်း မိမိ၏ဉာဏ်ရည် ဉာဏ်သွေးပေါ်မှာ မူတည်လျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**“မရှိပညာ၊ ဤလူ့ရွာ၌၊ ကျမ်းစာနီတိ၊ တတ်မသိက၊ မျက်စိစုံးကန်း၊ လူဖြစ်ဆန်းမျှ၊ ပေါက်ပန်းပမာ၊ မှတ်တို့ရာ၏”** မဃပိုဒ်(၂၃၀)မှာ ထုံးဖွဲ့ထားပြန်ပါ၏။

ကျမ်းစာမသင်ဘူး ကျမ်းစာများမလေ့လာ မမှီဝဲဘူးဆိုရင် မျက်စိစုံကန်းတဲ့ သူပဲတဲ့၊ ပေါက်ပင်၏ပန်းများဟာ လူ့အတွက် အသုံးမဝင်သလို ပညာမရှိဘူးဆိုရင် အသုံးမဝင်နိုင်ဟု ဆိုလိုခြင်း ဖြစ်ပါ၏။ ယဉ်ကျေးတယ် လိမ္မာတယ်ဆိုတာ အသိဉာဏ်ကို အခြေခံပါ၏။ ဒါကို ကျမ်းပြုအကျော် လယ်တီဆရာတော်ကြီးက **“အသိအလိမ္မာ၊ ဉာဏ်ပညာ၊ ဝိဇ္ဇာအမောဟ”**ဟု ပညာ၏သဘောသွားကို လင်္ကာစပ်သွားခဲ့ပါ၏။

ယနေ့ခေတ်မှာက ကြီးကြီးငယ်ငယ် ပြဿနာတက်တာလည်း မပြောနဲ့ အသိဉာဏ် အခြေခံမပါကြဘူးလေ။

တစ်နည်းအားဖြင့် ဘဝအုတ်မြစ်မရှိကြဘူး။ အဲဒီတော့ အဆိုးပြောမှန်း မသိ၊ အကောင်းပြောမှန်း မသိ ဖြစ်ကုန်ကြရော။ ဘဝဆိုတာ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အနစ်နာခံခြင်း ဆိုတဲ့သဘောတရားများ မပြည့်စုံလေ. . မပြည့်စုံသလောက် ဒုက္ခရောက်ကြလေပဲ။

ဒုက္ခကိုကြောက်ကြတယ်လို့ လူတိုင်းအဖြေပေးမှာပဲ။ စာရေးသူအမြင်ကတော့ ဒုက္ခကို လူတွေ တကယ်မကြောက်ကြဘူးဟုဆိုချင်ပါ၏။ တကယ်မကြောက်လို့ တကယ် ဒုက္ခရောက်နေကြတာ ကြည့်လေ။ တကယ် အမှားအမှန်လည်း မဝေဘန်တတ်ကြဘူး။ ဒါဟာ ဒုက္ခရောက်ခြင်း၏အကြောင်းပဲ။ တကယ်



မသိရင် တကယ်မိုက်ရိုင်းဖို့ မခဲယဉ်းဘူး။

**ပမာဒမနုယုဉ္ဇန္တိ၊ ဗာလာ ဒုမ္မေဓိနော ဇနာ**-ဟု ဓမ္မပဒပိုဒ် (၂၆)မှာ ရှင်တော်ဗုဒ္ဓ မိန့်မှာခဲ့ပါ၏။

ဗာလာ၊ မိုက်ကုန်သော။ ဒုမ္မေဓိနော၊ ပညာမဲ့ကုန်သော။ ဇနာ၊ လူတို့သည်။ ပမာဒံ၊ မေ့လျော့ခြင်းကို (ဝါ)မသိနားမလည်ခြင်းကို။ အနုယုဉ္ဇန္တိ၊ လုံ့လပြုကြကုန်၏၊ (ဝါ) အားထုတ်ကြကုန်၏တဲ့ လူတွေက မေ့လျော့ပေါ့ဆတဲ့သူတွေ ဒုနဲ့ဒေးပါ။ အာရုံငါးပါး ဒုက္ခကိုပဲ ခံစားလိုကြတာ အားလုံးပါပဲ။

အာရုံငါးပါးပေါ်တဲ့ခေတ် မှန်ပါ၏။ သို့သော် အာရုံငါးပါးက ဘယ်သူ့မှ မနှောင့်ယှက်ပါဘူး။ နှောင့်ယှက်တာ မိမိတဏှာ မိမိ၏ကိလေသာပါ။ သေချာစွာ သတိထား စဉ်းစားကြည့်ကြပါ။

**အပ္ပမာဒဉ္စ မေဓာဝီ၊ ဓနံ သေဋ္ဌံဝ ရက္ခတိ။** ဓမ္မပဒပုဒ်(၂၆) မှာ ဟောကြားတော်မူခဲ့ပါ၏။

မေဓာဝီ၊ပညာရှိသည်။ အပ္ပမာဒဉ္စ၊ မမေ့မလျော့ခြင်းကိုသာလျှင်။ သေဋ္ဌံ ဓနံဝ၊ မြတ်သောဥစ္စာကဲ့သို့။ ရက္ခတိ၊ စောင့်ရှောက်၏တဲ့။

ပညာရှိ အသိဉာဏ်ရှိတဲ့သူဟာ မေ့မေ့လျော့လျော့ မနေတတ်ဘူး။ အမြဲသတိထား အသိဉာဏ်ပွားများခြင်းကို ရွှေ ငွေကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်တတ်တယ်လို့ပြောနေတာ။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတယ် မြင့်တယ် မြတ်တယ်ဆိုတဲ့ လောက သဘာဝတရားများဟာ ဉာဏ်ယှဉ်ပြီး ယူတတ်မှရပါ၏။

အသက်ရှင်နေတဲ့ ဘဝတစ်ခုဟာ အသိဉာဏ်နဲ့တွဲထားနိုင်မှ အသိဉာဏ် ခွဲသွားတာနဲ့ မကောင်းတဲ့အရာ မဟုတ်တဲ့ အကြံအစည်တွေက တန်းစီနေတာပဲ။ စိတ်ဆိုတာလည်း အတော်ထိန်းရ ခက်တဲ့အရာပါ။

ဒါကြောင့် **ပါပသ္မိံ ရမတိ မနော**-ဟု ရှင်တော်ဗုဒ္ဓ ဟောကြားခဲ့ပါ၏။ မနော၊ စိတ်သည်။ ပါပသ္မိံ၊ မကောင်းတဲ့အရာ၌။ ရမတိ၊ မွေ့လျော်ပျော်ပါး၏။

ငယ်ငယ်ကတော့ ကိုယ်လည်း ဘာဆိုဘာကိုမှ မသိတဲ့ မမြင်တဲ့အကောင်ပဲ၊ ဒါကို မိမိကိုယ်ကို အသိထင် အတတ်ထင်ကာ ထင်လိုက်မိသေးပါ၏။ မိမိကိုယ်ကို သိတယ်, တတ်တယ် ထင်ရင် သူတစ်ပါးကို အကောင်းမမြင်တတ်ဘူးဟူ၍မှတ်ပါ။

ကြီးလာတော့ စာကြည့်အား စဉ်းစားဉာဏ်အားကောင်းလာတော့ ဘုရားမြင် တရားမြင်လာမှ မိမိကိုယ်ကို မိုက်မှန်း, မှားမှန်းသိတာ။ ဘဝတစ်ခုဟာ မိမိအမှား မိမိသိဖို့, မြင်ဖို့ အရေးကြီးဆုံးပါ။

အဲ့ဒီလိုသိရင် မသေခင်မှာ ပြင်ဆင်ချိန်ရှိပါ၏။ ဘဝဆိုတာ အသိဉာဏ်ရှိဖို့ရယ်၊ အသိဉာဏ်သုံးပြီး ပြင်ဆင်ချိန်ရှိဖို့ရယ် အလိုအပ်ဆုံးပါ။ ပြုပြင်တယ်, ပြင်ဆင်တယ်ဆိုတာက အသိဉာဏ်ရှိဖို့ပါပဲ။ အသိဉာဏ်ရှိလာပြီဆိုရင် သူ့ဘာသာ



လုပ်သွားမှာပါ။ ဘဝကိုအရှုံးမခံ အဆုံးမခံချင်တဲ့သူများဟာ အလုပ်ကို အစဉ်တစိုက် လေ့လာ ဆည်းပူးလျက်ပါ။

အသိဉာဏ်ရှိလေ အသိဉာဏ်ကြီးလေ ကောင်းတဲ့ဘဝမျိုး မြင့်မြတ်တဲ့ဘဝမျိုး မျှော်ကိုးလေပဲ။ အဆုံးနိဗ္ဗာန်ကိုလည်း အမှန်လိုချင်လေပါပဲ။ သို့သော် ကိလေသာထု တဏှာထုက အားကောင်းနေရင်တော့ လွယ်လွယ်နဲ့ မရနိုင်, မရောက်နိုင်ဘူးပေ့ါ။ လိုချင်နေဖို့ ရချင်, ရောက်ချင်နေဖို့သာ အရေးပါ၏။ ရချင်ရင် ရောက်ချင်ရင် ဒီစိတ်က ရဖို့ ရောက်ဖို့ အလုပ်လုပ်တော့မှာ စိတ်ကလုပ်ချင်လာမှ ခန္ဓာကလည်း လှုပ်ချင်လာမှာ။

အမှန်ရှာတယ်ဆိုတာ ဓာတ်သဘောသွားကို ကြည့်ရပါ၏။ ဓာတ်ဟူသည် သဘောသွားကို ရှာခြင်းဖြစ်၏။ ဥပမာ တမာပင်က တမာသီးများဟာ ခါးတဲ့သဘောရှိ၏။ ငရုတ်ပင်က ငရုတ်သီးများဟာ ပူစပ်တဲ့သဘောရှိ၏။ သဘောထိအောင်, မြင်အောင်, သိအောင်ကြည့်တတ်ရမည် သိတတ်ရမည်ဟူလို။

## စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေဝ အတ္တနာ။

ဓမ္မပဒပုဒ်(၆၆)မှာ ဟောကြားတော်မူခဲ့ပါ၏။

ဒုမ္မေဓာ၊ ပညာမဲ့ကုန်သော။ ဗာလာ၊ သူမိုက်တို့သည်။ အမိတ္တေနေဝ၊ ရန်သူဖြစ်၍ ဖြစ်ကုန်သော။ အတ္တနာ၊ မိမိကိုယ်ဖြင့်၊ (ဝါ) အတ္တနေဝ အတ္တနာ၊ ရန်သူသဖွယ်ဖြစ်သော မိမိခန္ဓာကြီးဖြင့်။ စရန္တိ၊ လှည့်လည်သွားလာနေထိုင်ကြကုန်၏တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ပညာမရှိ အသိမရှိခဲ့ရင် မိုက်မဲတဲ့ခန္ဓာကြီး မိုက်ရိုင်းတဲ့ခန္ဓာကြီးနှင့် လှည့်လည်သွားလာနေထိုင် စားသောက်ကြလေ၏ဟု ဆိုလိုခြင်းဖြစ်ပါ၏။ မိမိ၏ခန္ဓာဟာ အသိဉာဏ်နဲ့ ထိန်းကွပ်ထားမှ အသိဉာဏ်ထိန်းကွပ်မှု လွတ်တာနဲ့ ကိလေသာတဏှာ၏ ခိုင်းဘက်ဖြစ်သွားမှာ သေချာပါ၏။

**"သမ္မာမယှဉ်၊ ပညာကြဉ်လျက်၊ ငယ်စဉ်တဏှာ၊ အိုခါဒိဋ္ဌိ၊ မျောက်နဲ့မိသို့၊ ကပ်ငြိကိုယ်လုံး၊ ဘဝရှုံးအောင်၊ သက်ဆုံးပျော်မြူး၊ အမိုက်ကြူး၏"** ဟု မဃပိုဒ်(၂၂၄)မှာ မိန့်ထားပါ၏။

ကောင်းတဲ့ စိတ်ထားမရှိ အမြော်အမြင် ဆင်ခြင်မှုနည်းခဲ့ရင် ငယ်စဉ်တဏှာဆိုတဲ့အတိုင်း ငယ်စဉ်ကတော့ တဏှာရဲ့စေခိုင်းမှုအောက်မှာ ပြားပြားမှောက် လုပ်ဆောင်လျက်၊ အိုကာဒိဋ္ဌိဆိုတဲ့အတိုင်း အသက်အရွယ် ရလာပြီဆိုရင် ဒိဋ္ဌိဦးစီးခံရပြန်ရော၊ ငါလုပ်တာမှန် ငါပြောတာမှန် တငါငါနဲ့ အမှန်ရှာနေသူများ လောကမှာတွေ့ကြ၊ မြင်ကြ၊ ဆုံကြဘူးမှာပါ။

ဘဝဆုံးအောင် အမိုက်ကြူးနေသူများ-ဟု ဆိုလိုခြင်းဖြစ်ပါ၏။

လောကမှာ အမှန်အမှန်နဲ့ အမှားဖြစ်နေတာက အများကြီး၊ အသိအသိနဲ့ မသိဖြစ်နေတာက လောကကြီးမှာ အများကြီး၊ အဟုတ်-အဟုတ်နဲ့ မဟုတ်ဖြစ်နေတာက လောကကြီးမှာ အများကြီး။ အများကြီး. . အများကြီးနဲ့ အမှားကြီးနေလိုက်ကြတာ ပြောမရ ပြင်မရပါဘဲ။ ဤလောကကြီးထဲ ဘယ်လိုလုပ်



ပြီးကောင်းတော့မှာလဲ?

သူတော်ကောင်းဆိုတာ နားလည်မှုပေးနိုင်ရမယ်၊ ခွင့်လွှတ်မှု ပေးနိုင်ရမယ်၊ သည်းခံခြင်းဆိုတဲ့ သဘောတရားကိုလည်း ဆောင်ထားရမယ်။ လူကြီးလာရင် လူကောင်းစိတ်ကထက်ကြပ်မကွာ လိုက်လာမှ ဒီလိုလိုက်လာမှ လူကြီးလူကောင်းပီသမှာဖြစ်၏။

လူကြီးပြီး လူကောင်းစိတ်မရှိတာက လောကကြီးမှာအများကြီး။ ပြဿနာအခက်အခဲကြားမှာ အမြတ်စားနေကြတာ လောကကြီးမှာ အများကြီး။ ဒီထဲ အယောင်ဆောင်ပြီး အချောင်တွယ်နေကြတာ လောကကြီးမှာ အများကြီး။

လုပ်သင့်, မလုပ်သင့်ဆိုတာက အသိဉာဏ်ရှိမှ အဆုံးအဖြတ်ပေးနိုင်မှာ ဖြစ်၏။ သံယုတ်၊ သဂါထာဝဂ်မှာ ရှင်တော်ဘုရား မှတ်ချက်ပေးသွားတာလေးများ လေ့လာထားဖို့ကောင်းပါ၏။

သဒ္ဓါတရားသည် စွဲမြဲစွာတည်လျှင် ကောင်း၏။ ပညာသည် လူတို့၏ ရတနာမည်၏။

သဒ္ဓါတရားသည် သတ္တဝါ၏ အဖော်ဖြစ်၏။ ပညာသည် သတ္တဝါကို ဆုံးမ၏။

သဒ္ဓါတရားသည် ရိက္ခာထုပ်မည်၏။ ပညာသည် အလင်းရောင်မည်၏။

လောကမှာ အကောင်းရှိသလို အဆိုးလည်းရှိပါ၏။ အကျိုးရှိသလို အကြောင်းလည်းရှိမှာ အမှန်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ပညာမရှိ အသိမရှိခဲ့ရင် မိုက်မဲတဲ့ခန္ဓာကြီး မိုက်ရိုင်းတဲ့ခန္ဓာကြီးနှင့် လှည့်လည်သွားလာနေထိုင် စားသောက်ကြလေ၏ဟု ဆိုလိုခြင်းဖြစ်ပါ၏။ မိမိ၏ခန္ဓာဟာ အသိဉာဏ်နဲ့ ထိန်းကွပ်ထားမှ အသိဉာဏ်ထိန်းကွပ်မှု လွတ်တာနဲ့ ကိလေသာတဏှာ၏ ခိုင်းဘက်ဖြစ်သွားမှာ သေချာပါ၏။

**"သမ္မာမယှဉ်၊ ပညာကြဉ်လျက်၊ ငယ်စဉ်တဏှာ၊ အိုခါဒိဋ္ဌိ၊ မျောက်နှဲမိသို့၊ ကပ်ငြိကိုယ်လုံး၊ ဘဝရှုံးအောင်၊ သက်ဆုံးပျော်မြူး၊ အမိုက်ကြူး၏"** ဟု မဃပိုဒ်(၂၂၄)မှာ မိန့်ထားပါ၏။

ကောင်းတဲ့ စိတ်ထားမရှိ အမြော်အမြင် ဆင်ခြင်မှုနည်းခဲ့ရင် ငယ်စဉ်တဏှာဆိုတဲ့အတိုင်း ငယ်စဉ်ကတော့ တဏှာရဲ့စေခိုင်းမှုအောက်မှာ ပြားပြားမှောက် လုပ်ဆောင်လျက်၊ အိုကာဒိဋ္ဌိဆိုတဲ့အတိုင်း အသက်အရွယ် ရလာပြီဆိုရင် ဒိဋ္ဌိဦးစီးခံရပြန်ရော၊ ငါလုပ်တာမှန် ငါပြောတာမှန် တငါငါနဲ့ အမှန်ရှာနေသူများ လောကမှာတွေ့ကြ၊ မြင်ကြ၊ ဆုံကြဘူးမှာပါ။

ဘဝဆုံးအောင် အမိုက်ကြူးနေသူများ-ဟု ဆိုလိုခြင်းဖြစ်ပါ၏။

လောကမှာ အမှန်အမှန်နဲ့ အမှားဖြစ်နေတာက အများကြီး၊ အသိအသိနဲ့ မသိဖြစ်နေတာက လောကကြီးမှာ အများကြီး၊ အဟုတ်-အဟုတ်နဲ့ မဟုတ်ဖြစ်နေတာက လောကကြီးမှာ အများကြီး။ အများကြီး. . အများကြီးနဲ့ အမှားကြီးနေလိုက်ကြတာ ပြောမရ ပြင်မရပါဘဲ။ ဤလောကကြီးထဲ ဘယ်လိုလုပ်



ပြီးကောင်းတော့မှာလဲ?

သူတော်ကောင်းဆိုတာ နားလည်မှုပေးနိုင်ရမယ်၊ ခွင့်လွှတ်မှု ပေးနိုင်ရမယ်၊ သည်းခံခြင်းဆိုတဲ့ သဘောတရားကိုလည်း ဆောင်ထားရမယ်။ လူကြီးလာရင် လူကောင်းစိတ်က ထက်ကြပ်မကွာ လိုက်လာမှ ဒီလိုလိုက်လာမှ လူကြီးလူကောင်းပီသမှာဖြစ်၏။

လူကြီးပြီး လူကောင်းစိတ်မရှိတာက လောကကြီးမှာ အများကြီး။ ပြဿနာအခက်အခဲကြားမှာ အမြတ်စားနေကြတာ လောကကြီးမှာ အများကြီး။ ဒီထဲ အယောင်ဆောင်ပြီး အချောင်တွယ်နေကြတာ လောကကြီးမှာ အများကြီး။

လုပ်သင့်, မလုပ်သင့်ဆိုတာက အသိဉာဏ်ရှိမှ အဆုံးအဖြတ်ပေးနိုင်မှာ ဖြစ်၏။ သံယုတ်၊ သဂါထာဝဂ်မှာ ရှင်တော်ဘုရား မှတ်ချက်ပေးသွားတာလေးများ လေ့လာထားဖို့ကောင်းပါ၏။

သဒ္ဓါတရားသည် စွဲမြဲစွာတည်လျှင် ကောင်း၏။ ပညာသည် လူတို့၏ ရတနာမည်၏။

သဒ္ဓါတရားသည် သတ္တဝါ၏ အဖော်ဖြစ်၏။ ပညာသည် သတ္တဝါကို ဆုံးမ၏။

သဒ္ဓါတရားသည် ရိက္ခာထုပ်မည်၏။ ပညာသည် အလင်းရောင်မည်၏။

လောကမှာ အကောင်းရှိသလို အဆိုးလည်းရှိပါ၏။ အကျိုးရှိသလို အကြောင်းလည်းရှိမှာ အမှန်ပင်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်အဆိုးဘက် အဆမတန်များလွန်ပါ၏။ လူတွေဟာ လေ့လာကြည့်လျှင် မပြည့်စုံမှုက များပါ၏။

ဘာကြောင့်မပြည့်စုံလဲ တောင့်တမှု အားထုတ်မှု မညီမမျှဖြစ်နေကြပါ၏။ တစ်နည်းအားဖြင့်ကြည့်လျှင် သန္တုဋ္ဌိစိတ်နည်းပါးကြ၏။ ရောင့်ရဲစိတ် နည်းပါးတယ်ဟု ပြောနေတာပါ။

## ဦနော လောကော အတိတ္တော တဏှာဒါသော။

ရဋ္ဌပါလသုတ်မှာ ဗုဒ္ဓမိန့်ကြားတဲ့ အတိုင်းဖြစ်နေလို့ပဲ သူသူငါငါသတ္တဝါတွေဟာ အမြဲတမ်း, မနားတမ်း ဆာလောင်နေတယ်။ ရောင့်ရဲတယ် တင်းတိမ်အားရတယ်လို့ မရှိကြဘူး။ တဏှာရဲ့ကျွန်တွေပဲဟု မြန်မာလို သိပါ။

အသိဉာဏ် မဲ့ရင်မဲ့သလောက် ဒုက္ခရောက်နေခြင်း သဘောပါပဲ။ တရားရှာတဲ့သူက ခပ်ရှားရှား အမှားရှာတဲ့သူက ခက်များများပဲ။ သူတို့လည်း အမှားရှာတယ်လို့တော့ မဟုတ်ဘူး၊ အမှန်ရှာရင်း အမှား ရောက်နေကြတဲ့ သဘောပါ။ "တရားရှာ ကိုယ်မှာတွေ့"ဆိုသလို အမှားရှာရင်လည်း မိမိကိုယ်မှာ တွေ့နိုင်ပါ၏။

ယနေ့ခေတ်မှာ ကိုယ့်အမှား ကိုယ်မရှာဘူး၊ ကိုယ့်အပြစ်ကိုယ်မကြည့်ဘူး၊ သူတစ်ပါး အမှားပဲရှာတယ်။ သူတစ်ပါး အပြစ်ကိုပဲ ကြည့်တတ်ကြတယ်။ မိမိအတွက် ဘာအကျိုးကျေးဇူးများလဲ? အကျိုးမများတဲ့အလုပ်ကို အားထုတ် နေကြပြန်ရော။



ကိုယ့်ထိ မခံချင်သလို ကိုယ့်ပြောရင် မခံချင်သလို ထိုနည်းတူစွာ သူ့ထိလည်းမခံချင်ဘူး။ သူ့ပြောလည်း မခံချင်ဘူးပေါ့။ ကိုယ့်ကူညီလျှင် သဘောကျသလို။ သူ့ကို ပြန်ကူညီလျှင်လည်း သဘောကြမှာပဲ။

**"ပြောမှသိ၊ ထိမှနာ၊ သာမှပေါင်း၊ သေမှခင်၊ ဤလေးအင်၊ လူတွင်မကျင့်ရာ၊ သတိထား၍၊ ရှောင်ရှားပါ"** ဆိုတဲ့ အတိုင်းပဲ ယနေ့ခေတ်လူတွေက ပြောမှပဲ သိတတ်ကြတာ။ ကိုယ့်ထိပြီဆိုရင် နာတတ်ကြပါ၏။ သာမှလည်း ပေါင်းချင်ကြတာ၊ သေပြီဆိုရင် မျက်ရည်မခဲတော့ဘူး ကောက်ချက်ချကြည့်ရင် အသိဉာဏ်နည်းပါးခြင်း၏ သဘောတွေပါပဲ။

**"ကျေးဇူးမဖြစ်၊ သူမိုက်ချစ်က၊ အပြစ်သည်သာ၊ များတတ်စွာခဲ့၊ သမ္မာဖြောင့်သာ၊ ပညာအားဖြင့်၊ တရားရှိသူ၊ မြတ်သည်ဟူ၏"** မဃပိုဒ်(၂၃၀)မှာမိန့်မှာခဲ့ပါ၏။

သူမိုက်, သူယုတ်ကို သွားပြီး မေတ္တာရှိခဲ့လျှင် အပြစ်များ ဒုက္ခများတတ်ပါ၏။ စိတ်ဓာတ်ကလည်း ဖြောင့်မှန်, အမြော်အမြင်ကလည်းရှိ၊ တရားသဘောကိုလည်း သိမြင်တတ်သူကိုတော့ သူတော်ကောင်း သူမြတ်လောင်းဟူ၍ မှတ်သင့်ပါ၏ဟု ဆိုလို၏။

လောကကြီးမှာ တကယ်အနေကြာလာလေ၊ တကယ်မလွယ်သောသဘောတရား တကယ်အခက်အခဲများနဲ့ ကြုံရလေပဲ။ ဘာအခက်အခဲလဲဆိုရင် ခန္ဓာကအစ ကျန်တာအဆုံးပေါ့။ ဘုရားဟောနဲ့ ကြည့်ရင်လည်း မှန်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



**သင်္ခါရပရမာ ဒုခါ**-ဟု ဓမ္မပဒ(၂၀၃)မှာ မိန့်ကြားခဲ့ပါ၏။

သင်္ခါရပရမာ၊ လွန်ကဲကုန်သော သင်္ခါရတရားမှန်သမျှ တို့သည်။ ဒုခါ၊ ဆင်းရဲမည်ကုန်၏။

သင်္ခါရလောကထဲမှာဆိုတော့ သင်္ခါရသတ္တဝါတွေ၊ သင်္ခါရအသုံးအဆောင်တွေ၊ သင်္ခါရစိတ်ဓာတ်တွေပဲ၊ အဖြစ်အပျက် မမြင်နိုင်သမျှဒုက္ခ၊ နှစ်သက်စရာ, တပ်မက်စရာတွေကလည်း ဒုက္ခပဲ။ သက်ရှိသက်မဲ့ လှပမှု တင့်တယ်ဖွယ်ဆိုတဲ့ အာရုံများကလည်း ဒုက္ခပဲ။ (၃၁)ဘုံ ကျင်လည်နေကြတယ်ဆိုတာလည်း ပဋိစ္စသမုပ္ပါဒ် ဒေသနာအရကြည့်ရင် ဝဋ်လည်နေကြတာပဲ။ စာကြည့်မပျင်းကြဖို့၊ စာဖတ်မပျင်းကြဖို့ တိုက်တွန်းလိုပါ၏။

ဒါမှ ဘာသာရေးသဘောတရား, လောကသဘောတရား ပိုင်ပိုင်နိုင်နိုင် သိနိုင်, မြင်နိုင်မည်ဖြစ်၏။ စားဝတ်နေရေးဒုက္ခက လူတိုင်း, သတ္တဝါတိုင်း ထမ်းဆောင်ကြလျက်ပါ။

ခန္ဓာဝန်ဆိုတာ ခန္ဓာရပြီး အသက်ရှင်နေသော သတ္တဝါတိုင်း ထမ်းရွက်နေကြရပါ၏။ ခန္ဓာဒုက္ခဟာ မသေးပါဘူး။ ခန္ဓာရှိလို့ ဒုက္ခဆိုတာရှိနေကြတာပါ။ ခန္ဓာရှိလို့ ကိလေသာတဏှာ ပွားစီးနေကြတာပါ။ ပြောချင်တာက ခန္ဓာ၏ဆင်းရဲဟာ အသိဉာဏ်နည်းရင် မမြင်နိုင်ပါဘူး။

ရနေတဲ့လူ့ဘဝ စားဝတ်နေရေး ခံစားဖို့ချည်း တွေးမနေပါနဲ့၊ ခေတ်ကလည်း တိုးတက်လိုက်တာ အသုံးအဆောင် အစားအသောက် အမျိုးမျိုးပါပဲ။ ကောက်ချက်ချကြည့်လျှင်



ရုပ်သဘော ရုပ်ဝတ္ထုတွေချည်းပဲ။

ရုပ်၏သဘောအဓိပ္ပါယ်ကား- ဖောက်ပြန်ပြောင်းလဲ ပျက်စီးခြင်းသဘောသည် ရုပ်ဝတ္ထု, ရုပ်သဘောမည်၏။

အားကိုးလောက်လား? စဉ်းစားကြည့်လျှင် အားမကိုးလောက်ပါဘူး။ ဗုဒ္ဓ၏တရားတော်တွေကသာ ပစ္စုပ္ပန်ရော သံသရာပါ အားကိုးလောက်တဲ့ စွမ်းရည်သတ္တိ အပြည့်ရှိပါ၏။

**"လောကဓမ္မတာ၊ ဤလူ့ရွာ၌၊ လိမ္မာမြင်ရှိ၊ အသိပညာ၊ ဟူသည်မှာကား၊ ဆရာတို့ထံ၊ ရိုကျိုးနွံ၍၊ နည်းခံတိုးဝင်၊ မသင်မမေး၊ အရေးမထား၊ မတတ်ငြားဘူး"** မဃပိုဒ်(၂၃၆) မှာ တွေ့ရပါ၏။

လောကကြီးမှာ လိမ္မာယဉ်ကျေး အမြော်အမြင် အသိပညာ, အသိဉာဏ်ဆိုတာ ဆရာကောင်းထံ နည်းနာခံပြီး သင်လည်းသင် နားမလည်ရင်လည်း မေးမြန်းပါ။ ဆရာ-မလေးစား, ပညာ-မလေးစားဘူးဆိုရင် ဘယ်တော့မှ လူတော် လူတတ် မဖြစ်ဘူးဟု ဆိုလိုပါ၏။ ယနေ့ခေတ်မှာ ဒီလင်္ကာအတိုင်း ဖြစ်နေကြပြီ။

လူငယ်များဟာ ပညာသင် ပညာသင်နဲ့ ငါထင်သလို စိုင်းချင်ကြတာ ဆရာ-မရှိသေ, စာ-မရှိသေ၊ ဆရာ-မလေးစား, စာ-မလေးစား ဘယ်လိုလုပ်ပြီး အသိဉာဏ်ဖွံ့ဖြိုးမလဲ?

အသိဉာဏ်မဖွံ့ဖြိုးလျှင် အသိလွဲ, အမြင်လွဲ, အထင်လွဲဆိုတာ လိုက်နေလျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



**"ငယ်က-ကား မာန်၊ ကြီးသော် ဟန်နှင့်၊ သိဉာဏ် ဝမ်းတွင်း၊ မရှိလျှင်းက၊ ဟင်းလင်းဟာလာ၊ အူမျှသာ တည်း"**မဃ (၂၃၆)မှာ ဆက်မှာခဲ့ပါ၏။

ငယ်ငယ်ကတော့ မာန်မာနရှေ့တန်းတင် ကြီးလာရင် ဟန်များတတ်ပါ၏။ ဒါဘာကြောင့်လဲ? အသိဉာဏ် မရှိခြင်း ကြောင့်ဘဲ။ အသိဉာဏ်မရှိလျှင် ဝမ်းထဲမှာ အူပဲရှိပါ၏-ဟု ဆိုလိုပါ၏။

**"ပညာသတိ၊ မရှိသသူ၊ အပြစ်ထူ၏"**ဟု မဃဒေဝ ဆရာတော်၏ မိန့်မှာစကား လက်ဖျားခါလောက်ပါ၏။ ပညာ နှင့် သတိမရှိကြဘူးဆိုရင် မိမိ ကိုယ်, နှုတ်, စိတ် လှုပ်ရှားသမျှ အပြစ်သာ များပါ၏။

အပြစ်ဟူသည် မကောင်းမှု အကုသိုလ် ဆိုးကျိုးများကို ဆိုလိုပါ၏။ အသိဉာဏ်ဖွံ့ဖြိုးမှ တိုင်းပြည်နိုင်ငံတိုင်းမှာ ဒုစရိုက် များ နည်းပါးမှာ ဖြစ်၏။

လိမ္မာယဉ်ကျေးမှ ကုသိုလ်တရား တိုးပွားကြမှာဖြစ်၏။ အသိဉာဏ်ဖွံ့ဖြိုးမှ အကောင်း,အဆိုး ခွဲခြားဝေဘန်နိုင်မှာ ဖြစ် ၏။ အသိဉာဏ်ဖွံ့ဖြိုးမှ အကြောင်း, အကျိုးသဘောသွား ဆက် စပ်မြင်နိုင်မှာဖြစ်၏။

လက်တွေ့ပြပါဆိုလျှင် ဖွံ့ဖြိုး တိုးတက်တဲ့နိုင်ငံတွေ, ချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေ မြင်အောင် ကြည့်ပါဟု ပြလိုက်ပါ ရစေ. .။



ဘယ်ဘာသာပဲဖြစ်ဖြစ် အသိဉာဏ်အားကောင်းတဲ့ အဖွဲ့အစည်းဟာ အားသာလျက်ပါ။

စီးပွားရေး၊ စည်းကမ်းပိုင်းဆိုင်ရာ၊ ပညာရေး၊ လူမှုရေး က-အစ လူ့လောက အရာအားလုံးမှာ အသိဉာဏ်က အသုံးဝင် လျက် အသုံးတွင်လျက်ပါ။

လူရယ်လို့ ဖြစ်လာပြီဆိုလျှင် အသိဉာဏ်ကလည်း အရိပ်သဖွယ် လိုက်နေဖို့ အရေးကြီးပါ၏။ နို့မို့ဆို မသိဉာဏ် (မိစ္ဆာဉာဏ်)က အရိပ်သဖွယ်လိုက်နေတတ်ပါ၏။

အမှားတစ်ခုဟာ ခဏမှားက ပြင်ချိန်ရပါ၏။ ဘဝမှား က အလွန်ပြင်ချိန် နည်းပါး၏။ မှားတယ်ဆိုတာ အသိနည်းတာ, အသိနောက်ကျတာပါပဲ။ မသိရင်မှားတာပဲ၊ လွဲတာပဲ။

ဒါကြောင့် အသိဉာဏ်ကို ထူထောင်ကြပါ၊ ဆည်းပူးကြ ပါ၊ ရှာဖွေကြပါ-ဟု တိုက်တွန်းရင်း **"အသိဉာဏ်ဟူသည်"** ဟူသောဆောင်းပါးစကားရပ်ကို အဆုံးသတ်လိုက်ပါသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာစွမ်းအား

မေဇ္ဇတီတိ မေတ္တာ သိနိယှတီတိ အတ္ထော။

[ဇာ၊ ၄။၂၃၇]

ချစ်ခင်တတ်သောကြောင့် မေတ္တာမည်၏။

## မေတ္တာ၏ စွမ်းအား (၄)ပါး

၁။ ဟိတာကာရပ္ပဝတ္တိလက္ခဏာ- သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။

၂။ ဟိတူပသံဟာရရသာ- သတ္တဝါတို့၏ အကျိုးကို ဆောင်ခြင်းကိစ္စရှိ၏။

၃။ အာဃာတဝိနယပစ္စုပဋ္ဌာနာ- ရန်ငြိုးမထားတတ်ခြင်းသဘောကို ဆောင်၏။

၄။ သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ- သတ္တဝါတို့၏ မနာပအဖြစ်ကို ရှုသော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။

## မေတ္တာနှင့် ချစ်တာ ကွာခြားချက်

မေတ္တာသည် ကူညီခြင်း, အနစ်နာခံခြင်း သဘောကို ဆောင်၏။ ချစ်တာသည် ရယူပိုင်ဆိုင်ခြင်း, နှစ်သက်မြတ်နိုးခြင်း

www.burmeseclassic.com

www.burmeseclassic.com



သဘောကို ဆောင်၏။

ချစ်တာသည် ရာဂတဏှာကိုအခြေခံ၍ ဖြစ်ပေါ်၏။ မေတ္တာသည် အဒေါသကိုအခြေခံ၍ဖြစ်ပေါ်၏။

ယခုခေတ်မှာက မေတ္တာကို အသုံးများကြ၏။ မေတ္တာဖြင့် ကူညီတယ်။ မေတ္တာဖြင့်စောင့်ရှောက်တယ်။ အဒေါသသည် စာပေသုံးဖြစ်၏။ လောကအသုံးအနှုန်း နည်းပါး၏။

၎င်းအဒေါသသည်ပင်လျှင် ဗြဟ္မဝိဟာရတရား လေးပါးတွင် မေတ္တာဟူ၍ခေါ်၏။ မေတ္တာသည် သတ္တဝါတို့ကို ချမ်းသာအေးမြစေ၏။ မေတ္တာသည် သူတော်ကောင်း သူမြတ်လောင်းတို့၏ ဥစ္စာသဖွယ်ဖြစ်၏။

ယနေ့ခေတ်မှာက အဖိုးအခတွက်ကြတာက များပါတယ်။ အဖိုးအခမရရင် မကူညီချင်ဘူး။ မလုပ်ချင်ကြဘူး။ လုပ်ရင် စေတနာ သဒ္ဓါ ပြဋ္ဌာန်းတာကနည်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အသပြာမှုန်းကြတဲ့ခေတ်ကိုး . . ။

နေရာတကာမှာ အသပြာက အောင်မြင်ရေးလမ်းကြောင်းပေါ် ရောက်နေပြီ၊ အောင်မြင်ရေးလမ်းကြောင်းကို နေရာယူထားပြီဆိုတော့ ဘယ်သွားသွား ဘာလုပ်လုပ် အသပြာပဲ။

မေတ္တာ စေတနာမလာနဲ့ ခါမထုတ်သော်လည်း ခါထုတ်သလိုပါပဲ။ သူတော်ကောင်းစိတ်, ခတ်ခံနည်းလျှင် ဒီလိုပဲဖြစ်ကြမှာ ငွေဟာ (သို့မဟုတ်) အသပြာဟာ လက်ရှိဘဝအတွက် အကျိုးအများဆုံးလို့ ပြောလို့ရပါ၏။



သွားလေရာ သံသရာမှာ ယူဆောင်သွားလို့တော့ လုံးဝမရတဲ့ အရာပါ။ အသပြာအပြောနဲ့ ကျန်တဲ့ အသုံးအဆောင်အားလုံးလည်း ထိုနည်းတူ မှတ်သင့်ပါ၏။

သို့သော် မိမိခန္ဓာနှင့် ရုပ်နာမ်ဟာ မိမိဖန်တီးတဲ့ ကံကြမ္မာအလျောက် တစ်ဘဝပြီးတစ်ဘဝ ဆက်ကြရအုံးမှာပါ။ မဆက်ဘဲနဲ့ ရပ်သွားတဲ့ ပြတ်သွားတဲ့ ခန္ဓာတော့ မဟုတ်ပါဘူး။ ဆင်းရဲတယ် ချမ်းသာတယ်ဆိုတာလည်း မိမိ ဘဝါဘဝကပြုခဲ့ဖူးတဲ့ ကံ၏ စွမ်းအားပါပဲ။

ဘယ်သူငြင်းနိုင်မလဲ?

ပေးလာတဲ့အခြေအနေ၊ ရနေတဲ့လက်ရှိဘဝ အဆင်ပြေအောင် ခရီးဆက်ကြရတဲ့ သူတွေပါပဲ။ မေတ္တာသည် စွမ်းရည်သတ္တိ အပြည့်ရှိပါ၏။ မေတ္တာရဲ့ သဘောတရားကို လေ့လာထားဖို့ သုံးစွဲတတ်ဖို့တော့ လိုအပ်မည်ထင်ပါ၏။

မေတ္တာဟာ အဆင့်မြင့်တဲ့သဘောရှိပါ၏။ ဘာကြောင့်လဲဆိုရင် ဗြဟ္မဝိဟာရတရား (၄)ပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်နေသည့်အတွက် လွယ်လွယ်နဲ့တော့သုံးနိုင်စွမ်း, ဆည်းပူးနိုင်စွမ်းရှိမည်လို့တော့ မထင်ပါဘူး။

ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ မေတ္တာသုတ်တို့, မေတ္တာပို့တို့ ကြားဖူး, ရဖူး, သိဖူးကြမှာပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မေတ္တာသုတ်ရွတ်ရွတ် မေတ္တာပို့တာပဲဖြစ်ဖြစ် စည်းစနစ်ကျဖို့ သဒ္ဓါထက်သန်ဖို့ မမေ့ပါစေနဲ့ဟု အကြံပြုလိုက်ပါရစေ။ ရည်ရွယ်ချက်ကို ကြားညှပ်လိုက်ပါရစေ။

စာရေးတဲ့နေရာမှာ ဖတ်ကောင်းအောင် အဓိကထားခြင်း မဟုတ်ပါ။ မိမိသိသလို သိကြပါစေဆိုတဲ့ ရည်ရွယ်ချက်က အဓိကပါ။ ကျော်ကြားချင်, ထင်ပေါ်ချင်လို့ ရေးခြင်းမဟုတ်ပါ။ မိမိမြင်သလို မြင်ကြပါစေရည်ရွယ်ချက်က အဓိကဟု သတိပြုစေချင်ပါ၏။

မေတ္တာစိတ်ဓာတ် အမြဲမပြတ်ရှိနေရင် အရာရာမှာ ခွင့်လွှတ်နိုင်စွမ်း သည်းခံနိုင်စွမ်းရှိပါ၏။ မေတ္တာစိတ်သည် ဒေါသကိုပယ်နိုင်၏။ လောဘကို နည်းပါးစေ၏။ ဣဿာ၊ မစ္ဆရိယများကို ဖျောက်နိုင်စွမ်းရှိ၏။ အကုသိုလ် ကိလေသာ သဘောတရားများကို ပါးအောင်, နည်းအောင် လုပ်နိုင်စွမ်းရှိ၏။ လူတိုင်းလူတိုင်း မေတ္တာတရား လက်ကိုင်ထားကြမယ်ဆိုရင် ပြဿနာအခက်အခဲဖြစ်စရာ အကြောင်းမရှိပါ။

အကယ်၍ရှိခဲ့သော်, ဖြစ်ခဲ့သော် လွယ်လွယ်နဲ့ ပြီးသွားမှာ ရှင်းသွားမှာပါ။ ယနေ့ခေတ်မှာက တိုးတက်တဲ့ သဘောတရားများကို ဉာဏ်နှင့် ကြည့်မယ်ဆိုရင် နှစ်သက်စရာ စွဲလမ်းစရာတွေချည်းပါပဲ။ ပြဿနာတက်ခြင်း၏ အကြောင်းရင်းတွေ အခက်အခဲဖြစ်ခြင်း၏ အကြောင်းရင်းတွေပါ။

လူအချင်းချင်းကလည်း မေတ္တာစိတ် နည်းပါးကြတယ်။ နေ့စဉ်နှင့်အမျှ သွားလာလှုပ်ရှားတဲ့ သဘောသွားကို ဉာဏ်ဖြင့်



ကြည့်ရင် လောဘလက်နက်၊ ဒေါသဒုန်းကျည် ကိုယ်စီကိုယ်စီ ရှိလျက်ပါပဲ။

ဒါကြောင့် နေရာတိုင်းမှာ ပြဿနာတက်ကြ၊ သတ်ကြ၊ ဖြတ်ကြ၊ တိုင်ကြတောကြ၊ အဲ့ဒီလိုဖြစ်ကြတော့ အချိန်ကုန် လူပန်းငွေကုန် အကုသိုလ်တရားများက မဆုတ်ယုတ်တဲ့အပြင် တိုးပွားကြကုန်ရော။

လူတွေက အကုသိုလ်မကောင်းမှုများကို ရဲတွေကို ကြောက်သလောက် မကြောက်ဘူး။ လက်တွေ့မှ, ချက်ချင်းမှ လူတွေက ကြောက်ကြတာ။

အကုသိုလ်ကတော့ ချက်ချင်းလက်ငင်း ဖြစ်တာရှိသလို၊ မဖြစ်တာလည်းရှိတယ်။ လူသတ်တာတို့၊ ခိုးဝှက်တာတို့၊ အဓမ္မမှု စသည်ပေါ့။ ဒါတွေက ချက်ချင်းလက်ငင်း သဘောတရားတွေ။ လိမ်ညာတာတို့ သေရည်အရက်တို့စသည်ပေါ့။ ဒါတွေက ချက်ချင်းဖြစ်ချင်မှ ဖြစ်တာ လောကသဘာဝကိုရည်ညွှန်းပါ၏။

ဓမ္မသဘာဝအရကတော့ အခုလုပ်အခုဖြစ်၊ အကုသိုလ်လုပ် အကုသိုလ်ဖြစ်၊ ကုသိုလ်လုပ် ကုသိုလ်ဖြစ် အကျိုးပေးကတော့ အနှေးအမြန် ကွာခြားရန်ရှိပါ၏။ ဖော်ပြပါဒေသနာကို ထောက်ဆလျက်-

**"ပါပေါပိ ပဿတိ ဘဒြံ၊ ယာဝ ပါပံ န ပစ္စတိ"**။

[ဓမ္မပဒပုဒ် -၁၁၉]

မကောင်းမှုပြုသူတစ်ယောက် မကောင်းကျိုးသည်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးပေးချိန် မတန်သေး၊ ထိုမျှလောက် မကောင်းမှုပြုသော်လည်း ကောင်းကျိုးချမ်းသာကို ခံစားနေရသေး၏ဟု ဆိုလိုပါ၏။

**ယဒါ ပစ္စတိ ပါပံ၊ အထ ပါပေါ ပါပါနိ ပဿတိ။**

အကြင်အခါ၌ကား အကုသိုလ်ကံသည်အကျိုးပေး၏။ ထိုမကောင်းကျိုးပေးရာအခါ၌ကား အကုသိုလ်ကံသည် အကျိုးပေး၏။ ထိုမကောင်းကျိုးပေးရာအခါ၌ မကောင်းမှုပြုသူသည် မကောင်းကျိုးဒုက္ခကို ခံစားရလေပြီဟု ဆိုလိုခြင်းဖြစ်၏။

**ဘဒြောပိ ပဿတိ ပါပံ၊ ယာဝ ဘဒြံ န ပစ္စတိ။**

[ဓမ္မပဒပုဒ် - ၁၂၀]

ကုသိုလ်ပြုသူတစ်ယောက် ကောင်းကျိုးသည် အကျိုးမပေးသေး၊ ထိုမျှလောက်ကာလပတ်လုံး ကုသိုလ်ပြုသူသည် ရှေ့ကံအဟောင်း မကောင်းကျိုး၏ ဝဋ်ဒုက္ခကို ခံစားနေရသေး၏-ဟု ဆိုလိုပါ၏။

**ယဒါ ပစ္စတိ ဘဒြံ၊ အထ ဘဒြော ဘဒြာနိ ပဿတိ။**

အကြင်အခါ၌ကား ကောင်းကျိုးသည် အကျိုးပေး၏။ ထိုအခါ၌ကား ကုသိုလ်ပြုသောသူသည် ကောင်းကျိုးချမ်းသာကို ခံစားရလေပြီ-ဟုဆိုလိုပါ၏။

ယနေ့ခေတ်မှာ လိုချင်ကြတာတော့ လူတိုင်းပါပဲ။ မလုပ်ချင်ကြတဲ့သူ ပျင်းတဲ့သူ ခပ်များများဟု စာရေးသူ ဆိုချင်ပါ၏။ လူငယ်တွေ ပိုဆိုးပါ၏။ အလုပ်ဆို လူကြီးတွေတာဝန်၊



အစားနဲ့ အပျော်အပါး ဒို့တာဝန်လို့ခံယူထားတဲ့ သဘောရှိပါ၏။

တစ်နည်းကြည့်လျှင် လူငယ်ဆိုတာ လူကြီးတွေကို ခိုင်းစားနေသလား အောက်မေ့ရတယ်။ အလုပ်တို့တာဝန်တို့ဆိုရင် လူကြီးတွေက သေတဲ့အထိ လုပ်သွားကြရပါ၏။

ဘာကြောင့်လဲ?

သူတို့မလုပ်တော့ ကိုယ်လုပ်ရတဲ့ သဘောပါ။ အမွေကျရင် အမြဲတမ်း မျှော်ကြလိမ့်မယ်။ အစားအသောက် မျှော်, အသုံးအဆောင်မျှော်။ ပျင်းတဲ့သူ ဖျင်းတဲ့သူဆိုတာ မျှော်တတ်တဲ့ အလေ့အထရှိပါ၏။ မိမိတော်ရင် မိမိကြိုးစားရင် မမျှော်ဘဲနဲ့ ပေါ်နိုင်ပါ၏။

ယနေ့ခေတ်က ရမှလုပ်ချင်ကြတဲ့ခေတ်ပါ။ အမှန်က လုပ်မှ ရမည့်သဘောကို အပြန်အားဖြင့် မြင်နေ, သိနေခြင်း သဘောပါ။ ပြောင်းပြန်ဖြစ်နေပါ၏။ ဘုရားလုပ်, တရားလုပ်ဆိုတာ အသိ, သတိနဲ့ အချိန်ယူပြီးလုပ်က လူတိုင်းရနိုင်ပါ၏။

သို့သော် ဘုရားအလုပ်, တရားအလုပ်ဆို ဆင်ခြေပေးကြ၊ ကုသိုလ်ရေး အလုပ်ဆို ဆင်ခြေပေးကြတယ်။ ကိုယ်ကျိုးရှာဖို့ကြ အချိန်မလောက်တော့ဘူး။ စားဖို့ သောက်ဖို့ ပျော်ဖို့ ပါးဖို့ကြတော့ အချိန်မလောက်တော့ဘူး။

ဒါ ဘာကြောင့်လဲဆိုရင် ကုသိုလ်ရဲ့ အကျိုးကျေးဇူး စွမ်းအား နောက်နောင်ဘဝအရေး မျှော်တွေးမှု မရှိလို့ဘဲဟု

www.burmeseclassic.com

www.burmeseclassic.com



ကောက်ချက်ချလို့ရပါ၏။ ကိုယ်လုပ်မှ ကိုယ်ရ၊ ကိုယ်စားမှ ကိုယ်ဝ ဆိုသလိုပါပဲ။ ကုသိုလ်အလုပ် မိမိလုပ်ရင် မိမိပဲရမှာပါ။ သူတပါးမရပါဘူး။

**"အကုသလ၊ ကုသလဟု၊ ဓမ္မအရိုး၊ ထိုနှစ်မျိုးတို့၊ ကောင်းဆိုးအလို၊ အကုသိုလ်ထက်၊ ကုသိုလ်ကကြီး၊ ခိုမှီးရာစစ်၊ အကိုဖြစ်၏"**ဟု မဃပိုဒ်(၂၃၀)မှာ မိန့်ခဲ့ပါ၏။

လူဖြစ်လာပြီဆိုကတည်းက ကုသိုလ်လား, အကုသိုလ်လား နေ့စဉ်နဲ့အမျှ အချိန်ပြည့်ဖြစ်နေလျက်ပါ။ ကုသိုလ်အဖြစ်များလျှင် အားကိုးစရာအကိုကြီး တစ်ယောက်လိုပါပဲဟု ဆိုလိုပါ၏။

မေတ္တာပို့ခြင်း၏ အကျိုးအာနိသင် (၁၁)ပါးရှိပါ၏။

၁။ ချမ်းချမ်းသာသာ အိပ်ရတယ်။
၂။ ချမ်းချမ်းသာသာ နိုးတယ်။
၃။ အိပ်မက်ဆိုးများ မမက်ဘူး။
၄။ လူချစ်လူခင် ပေါတယ်။
၅။ နတ်များ မြတ်နိုးကြတယ်။
၆။ နတ်တွေက စောင့်ရှောက်တယ်။
၇။ ဘေးအန္တရာယ် ကာကွယ်တယ်။
၈။ သမာဓိရ လွယ်တယ်။
၉။ မျက်နှာ ကြည်လင်တယ်။
၁၀။ မတွေမဝေ သေရတယ်။
၁၁။ ဗြဟ္မာပြည်သို့ လားရတယ်။



တရားရှာတာတို့ ဝိပဿနာလုပ်တာတို့ဆိုတာ စဉ်းစားကြည့်လျှင် ပိုက်ဆံကုန်စရာ မလိုပါဘူး။ လောကီအလုပ် လောကီပညာတွေဟာ ပိုက်ဆံအနည်းနှင့် အများတော့ ကုန်ကြတာချည်းပဲ။ ဘုရားအလုပ် တရားအလုပ်ဆိုတာ စိတ်ပြဌာန်းဖို့ အရေးကြီးပါ၏။ လုပ်ချင်ဖို့ပဲလိုပါ၏။ ပိုက်ဆံမကုန်ပါ။ ပိုက်ဆံကုန်မှာကြောက်တဲ့သူတွေ ပို၍လုပ်ဖို့ကောင်းပါ၏။ ဘုရားအလုပ် တရားအလုပ်ဆိုတာ ကြောက်ကြသူ ခပ်များများ၊ မကြောက်ကြသူက ခပ်ရှားရှားပါ။ ဗုဒ္ဓဘာသာဝင်အမည်ခံထားလျှင် ဗုဒ္ဓအလိုတော်ကျ နေနိုင်ထိုင်နိုင်လုပ်နိုင်ရမည်။

သို့သော် ဗုဒ္ဓကတော့ ဒဏ်မခတ်ပါဘူး။ လိုချင်လျှင် လုပ်လို့ နည်းပေးခြင်းသဘောပါပဲ။ ယနေ့ခေတ်မှာ လူတွေက မကောင်းတဲ့ဓာတ်ခံအားကြီးလွန်းတယ်လို့ ဆိုချင်ပါ၏။ ကောင်းတာဆိုရင် ပြောလို့မရ ပြင်လို့မလွယ် ဖြစ်နေလို့ပါပဲ။ လူကြီးလူငယ်အားလုံးဆိုပါတော့ ဥပါဒါန်အားကြီးလျှင် ပြုပြင်ရန်ခက်ပါ၏။ ဥပါဒါန်ဟူသည် အစွဲအလမ်းကို ဆိုလိုပါ၏။

ငြိမ်းချမ်းရေးနှင့်ပတ်သက်လို့ မေတ္တာဟာ အခြေခံပါ၏။ မေတ္တာဓာတ် မပါဘဲ ငြိမ်းချမ်းရေးလမ်းလျှောက်လို့ မရပါဘူး။ ပြဿနာအခက်အခဲတွေမှာဆိုလည်း မေတ္တာကို ရှေ့တန်းတင် ဖြေရှင်းနိုင်မှ ပြေလည်မှုဆိုတာ ရရှိမှာဖြစ်ပါ၏။ လူတိုင်း လူတိုင်းမေတ္တာတရား နားလည်ထားဖို့ အထူးလိုအပ်ပါ၏။

မေတ္တာအကြောင်း မေတ္တာ၏စွမ်းရည်ဟာ သုံးတတ်လျှင် အရာရာတိုင်းမှာဆေးပါပဲ။ မေတ္တာဟာ ဘေးမဖြစ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာမရှိသူများသာ ဘေးဖြစ်တတ်ပါ၏။ ပြဿနာ အခက်အခဲ ဖြစ်တတ်ကြပါ၏။ မေတ္တာသည် လွယ်သလောက် ထားရ ထိန်းရခက်ပါ၏။

ဘာကြောင့်လဲ?

သာမန်လူများမှာ ကိလေသာစာတ်ခံ အားကြီးလို့ပဲ ဖြစ်၏။ ကိလေသာစာတ်အားကြီးလွန်းသူတို့ထံ မေတ္တာစာတ် ကိန်းအောင်းဖို့ ခက်ပါ၏။ မေတ္တာစာတ်မရှိလေ လောဘ, ဒေါသ အဖြစ်များလေ။ လောဘ, ဒေါသများလေ အကုသိုလ်ကံ မြောက်လေ။ အကုသိုလ်ကံမြောက်လေ ပြဿနာတက်လေ။ ပြဿနာတက်လေ အခက်အခဲ ဖြစ်လေ စိတ်ပူလောင်မှု, စိတ်ဆင်းရဲမှုဘေးဆိုက်လေဆိုတာ ဖြစ်ကြစမြဲပါ။

မေတ္တာစာတ် မေတ္တာစွမ်းအားသည် သူတစ်ပါးစိတ်ကို ချမ်းသာစေသလို မိမိစိတ်ကိုလည်း အေးမြစေခြင်းသဘောရှိပါ၏။ ယခုခေတ် များသောအားဖြင့်ပေါ့ စီးပွားရေးကို ဦးစားပေးလွန်းကြပါ၏။ ဓမ္မပဒ(၃၅၅)မှာ-

**ဟနန္တိ ဘောဂါ ဒုမ္မေဓံ**-ဟု မိန့်တော်မူ၏။

အသိဉာဏ်ပညာနည်းသူတို့ကို၊ (ဝါ) မရှိသူတို့ကို စည်းစိမ်ဥစ္စာတို့သည် သတ်တတ်ကုန်၏ဟု ဆိုလိုပါ၏။

စည်းစိမ်ဥစ္စာတို့ဆိုတာ မရှိလည်း မလွယ်သလို၊ ရှိလည်း မလွယ်တဲ့သဘောရှိပါ၏။ မရှိပြန်တော့လည်း နေ့စဉ်နှင့်အမျှ ဒုက္ခက မသေးပါဘူး။ ရှိပြန်တော့လည်း နေ့စဉ်နှင့်



အမျှဒုက္ခကြီးပါ၏။ မရှိတဲ့ဒုက္ခဟာ မရှိသူများသာ ပို၍ သိနိုင် ခံစားနိုင်ပါ၏။ မေတ္တာပို့သခြင်း၊ ဘုရား, တရားလုပ်ခြင်း ကောင်းတဲ့အလုပ်မှန်သမျှ အသက်အရွယ်မရွေး လုပ်ဆောင်ကြပါက တင့်တယ်ပါ၏။ လှပပါ၏။ လူတိုင်းချီးမွမ်းခြင်း နှစ်သက်ခြင်း သဘောကို ဆောင်ပါ၏။

အလုပ်ပျင်းတဲ့သူသာ လူတိုင်း လက်မခံချင်ပါ။ ဆင်ခြေပေး ဆင်ခြေများတဲ့သူများသာ လူတိုင်းလက်မခံချင်တာပါ။ လူဖြစ်လာလျှင် အလုပ်လုပ်မှုလည်း သဘာဝကျပါ၏။ ဘုရားလုပ်, တရားလုပ်၊ မေတ္တာပို့ခြင်း, မေတ္တာပွားခြင်းတို့ဟာ လွယ်သလောက် လုပ်နိုင်မည့်သူ, လုပ်ကြမည့်သူနည်းပါး၏။

ဘာကြောင့်နည်းသလဲ?

စဉ်းစားကြည့်မယ်ဆိုရင် အသိဉာဏ်နည်းပါးခြင်းကြောင့်ဟုသာ စာရေးသူ ဆိုချင်ပါ၏။ အလုပ်အားတာ မအားတာ အရေးမကြီးပါဘူး။ လုပ်ချင်လျှင် အားပါ၏။ မလုပ်ချင်လျှင် မအားပါ။

တစ်နည်းပြောရရင် ဘုရား, တရားကို တန်ဖိုးမထားသလို ဖြစ်မနေကြဘူးလား။ တရားက လုပ်ချင်ရင် လွယ်ပါတယ်။ သွားရင်း၊ လာရင်း၊ ထိုင်ရင်း၊ အိပ်ရင်းနဲ့တောင် လုပ်လို့ရပါ၏။ လက်တွေ့စမ်းကြည့်နိုင်ပါ၏။ စိတ်မီးဆိုတာ အသက်အရွယ်ရလာလေ လောင်မြိုက်လေ သဘောရှိပါ၏။

စိတ်မီးဟူသည် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊

www.burmeseclassic.com

www.burmeseclassic.com



ဥပါယာသ၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ပူဆွေးခြင်းသောကများကို ဆိုလိုပါ၏။

စိတ်မီးသည် စိတ်ကြီးသူများ ပို၍ လောင်မြိုက်လေ့ရှိပါ၏။ သို့မဟုတ် အသိဉာဏ် နည်းပါးသူများ လောင်မြိုက်လေ့ရှိပါ၏။

တိုးတက်တဲ့ခေတ်ကြီးထဲမှာ လူတိုင်းလိုလို သောကတိုးပြီး တက်နေကြပါ၏။ အဲ့ဒီလို လူတိုင်းဖြစ်နေကြတော့ မေတ္တာစိတ်က ကိန်းအောင်းဖို့ မလွယ်ဘူးလေ။

ဒီလိုနဲ့ ပြဿနာဆိုတာ တစ်နေ့မဟုတ် တစ်နေ့ ဖြစ်နေကြတာပါ။ စီးပွားရေးကြည့်ကြည့်, လူမှုရေးကြည့်ကြည့် ပြောတာ, ဆိုတာကအစ ကိုယ့်ဘက်ကပဲ ကြည့်ပြောတယ်။ ကိုယ်ဖြစ်ချင်တာပဲ ကြည့်ပြောတယ်။ သူ့ဘက်ကလည်း သူ ဖြစ်ချင်တာကြည့်ပြောတယ်။ သူလိုချင်တာပဲ ကြည့်ပြောတယ်။ ပြေလည်မှု ဘယ်လိုလုပ်ပြီး ရှာကြမလဲ။ နှစ်ဦးနှစ်ဘက်လုံးက လိုချင်တာ, ဖြစ်ချင်တာတွေ လျှော့ရမယ်။

ကိုယ်က ပြောချင်, ဆိုချင်, လုပ်ချင်ပြီဆိုရင် သူ့ဘက်က ပထမဆုံး စိတ်ကူးလေးနဲ့ နေကြည့်, ခံစားကြည့်ပြီးမှ ပြောရင်ဆိုရင် ပြေလည်မှု ရနိုင်မည်ဖြစ်၏။

ပြဿနာဆိုတာ မှုတမှု၊ လိုက်လျောမှု၊ သည်းခံမှုများနဲ့ အဖြေရှာရပါ၏။ ဒါကြောင့် မေတ္တာစိတ်အရေးကြီးပါ၏ဟု ဆိုခြင်း ဖြစ်၏။



ခွကြတာက ဘာလဲ? လူတိုင်းဟာ နားလည်မှု၊ လိုက်လျောမှု၊ သည်းခံမှုမပေးနိုင်ခြင်းသည် ဒုက္ခကို ခေါ်နေသလို, ဖိတ်ကြားနေသလိုဖြစ်ခြင်းပဲဟု သဘောမပေါက် နားမလည်တာ ခွအကြဆုံးပဲ။

ခွကြဟူသည် ဥပမာ ထင်းပေါက်ထင်းခွဲတဲ့အခါ ခွဆုံအမြက်ဆုံနေရာ ရောက်သကဲ့သို့တည်း။ ပြဿနာဖြစ်ပြီဆိုရင် သူတင် ကိုယ်တင် တွယ်ချင်ကြတာ ဒေါသစိတ်ကြောင့်ပါ။ လက်ရှိဘဝမှာပဲ ဒုက္ခရောက်ကြသလို တမလွန်ဘဝ သွားရပြီဆိုရင် ကောင်းရာဘုံဘဝ မျှော်လို့မရပါဘူးဆိုတာ သတိရှိကြစေချင်ပါ၏။

ဆုတ်ကပ်ဆိုတာ မျက်မှောက်ခေတ်ကိုပြောတာ၊ ဘာတွေ ဆုတ်ယုတ်သလဲဆိုရင် ကောင်းတာမှန်သမျှ အကုန် ဆုတ်ယုတ်နေတယ်ဟု ဆိုရမှာဖြစ်၏။

မိမိသိသမျှ ထုတ်ပြပါဆိုရင် သူတော်ကောင်းစိတ်ဓာတ်၊ အသိဉာဏ်၊ သတိ၊ သဒ္ဓါ၊ စေတနာ၊ ကုသိုလ်စိတ်၊ မေတ္တာစိတ်တွေ ဆုတ်ယုတ်နေခြင်းသဘောပါ။

**“အကြင်လူ့ရွာ၊ လူတကာတို့၊ ပညာသတိ၊ ကင်းကွာဘိလျက်၊ မိမိတဏှာ၊ အဝိဇ္ဇာမျိုး၊ အိုတိုင်းတိုး၏၊ အရိုးသာရင့်၊ ဉာဏ်မပွင့်ဘူး”** မဃဒေဝမှာ မိန့်မှာထားပါ၏။

လူတွေဟာ ပညာ သတိနည်းပါးကြပြီဆိုတော့ မိမိတဏှာ, မိမိအဝိဇ္ဇာ(မသိမှုသဘော)တွေက အိုလေ တိုးပွားလေပဲတဲ့ အရိုးသာရင့်သွားမယ် အသိဉာဏ်မဖွံ့ဖြိုးကြဘူးဟု

www.burmeseclassic.com



ဆိုလိုခြင်း ဖြစ်ပါ၏။

အသက်အရွယ်ကြီးလာလေ အသိဉာဏ်၊ သတိများ ဖွံ့ဖြိုးတိုးတက်ဖို့လိုပါ၏။ နို့မို့ဆို ဟိုဟာလိုချင်၊ ဒီဟာလိုချင်၊ ကိုယ့်ဟာ မဟုတ်လည်း ကိုယ့်ဟာလုပ်ချင်၊ ကိုယ်ပိုင်မဟုတ်လည်း ကိုယ်ပိုင်လုပ်ချင်။ ဒီသဘောတရားတွေက အချိန်ပြည့် နှောင့်ယှက်နေတတ်ပါ၏။ အသိဉာဏ်ကင်းမဲ့လေ အဖြစ်များလေပါပဲ။ ဗုဒ္ဓဘာသာဝင်အများဆုံး နိုင်ငံဆိုတာ ကမ္ဘာက အသိအမှတ်ပြုခဲ့ပါ၏။ ဒါကြောင့်လည်း ဗုဒ္ဓ၏တရားတော်တွေ သိခွင့်, နာယူခွင့်ရကြပါ၏။

သို့သော် တရား၏အရသာ တရား၏အနှစ်သာရ မရကြတဲ့သူ မခံစားရတဲ့သူက များပါ၏။ မေတ္တာစွမ်းအားဘက် ကြည့်လျှင် မေတ္တာ၏အရသာ မေတ္တာ၏အနှစ်သာရ မရကြတဲ့ သူကများပါ၏။

ဘာကြောင့်လဲ?

ကိုယ်ချင်းစာစိတ် နည်းကြလို့ပဲဟုသာ ဆိုချင်ပါ၏။ မေတ္တာစိတ်မရှိကြရင် ကိုယ်ချင်းစာစိတ် ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး။ တန်ရာတန်ကြေးဆိုတာ အရာတိုင်း အချိန်တိုင်းမှာ ရှိပါ၏။

ဥပမာ ကားစီးလျှင် ကားခပေးရသလိုမျိုးပေါ့။ ထမင်းစားလျှင် ထမင်းဖိုး ပေးရသလိုမျိုးပေါ့။ ကိုယ့်ဟာ ကိုယ်ပိုင်မှ မဟုတ်တဲ့ အရာဝတ္ထုမှန်သမျှ ဒီသဘောရှိပါ၏။



ကျေးဇူးရှင်ဆိုတာ အနစ်နာခံခြင်း၊ ကူညီခြင်း၊ စောင့်ရှောက်ခြင်း၊ ထိန်းသိမ်းပေးခြင်းသဘောရှိသူကို ဆိုလိုပါ၏။

**"ပညာမဲ့ထ၊ လူ့ဗာလကို၊ မ-စကယ်မိ၊ အပြစ်ရှိခဲ့၊ မသိကျေးဇူး၊ တိမ်မြုပ်ဖျောက်ချေ၊ ကြက်သောက်ရေသို့၊ ပျောက်ကျေဆုံးဘိ၊ ကျိုးမရှိတည့်"** မဃပိုဒ် (၂၀၉)မှာ မိန့်မှာထားပါ၏။

ပညာမဲ့ထ၊ လူ့ဗာလတို့လက်ာသဘောသွားကို ကြည့်မယ်ဆိုရင် ပညာမဲ့ပြီး အသိဉာဏ်မရှိဘူးဆိုရင် လူမိုက်ပဲဟု အဓိပ္ပါယ်ရပါ၏။ အဲဒီလိုလူမျိုးကို ကူညီခဲ့မိလျှင် စောင့်ရှောက်ခဲ့မိလျှင် မိမိသာလျှင် အပြစ်ရှိပါ၏။ ကျေးဇူးမသိတတ်ဘူး၊ ကျေးဇူးကို မမြင်ဘူးပေါ့။ တိမ်တွေ, မြူတွေလိုပဲ ခေတ္တခဏသာပျောက်ကွယ်သွားမှာ၊ ဥပမာအားဖြင့် ကြက် ရေသောက်သလို သောက်ပြီးတာနဲ့ မပေါက်တော့ဘူး ပျောက်သွားတာပဲဟု ဆိုလိုပါ၏။

အောင်မြင်ရေးလမ်းကြောင်းပေါ် ရောက်နေသော "ငွေ"ဟု အစပိုင်းမှာ ရေးသားခဲ့ပါ၏။

ဆက်ပါရစေဦး၊ ငွေဆိုတာလည်း သုံးတတ်ရင်ဆေးပါ၊ မသုံးတတ်လျှင် ဘေးဖြစ်တတ်ပါ၏။ အမှားကို အမှန်လုပ်နိုင်တာကလည်း ငွေပါပဲ။ အမှုကြီးကို အမှုသေးလုပ်နိုင်တာကလည်း ငွေပဲ။ ကျန်းမာရေးဆိုရင်လည်း ငွေပါပဲ။ ငွေကို ဘယ်လောက်အားထားကြသလဲဆိုရင် နေ့စဉ်နှင့်အမျှ လူတွေ ဘာရှာနေကြသလဲ အဖြေရှာကြည့် သိနိုင်ပါ၏။ အမေ့သဘော

www.burmeseclassic.com

www.burmeseclassic.com



သက်ဝင်သွားရင်တော့ မကောင်းတော့ပါဘူး။ ဘုရား တရားက လွဲလို့ အရာရာမှာ အားကိုးလွန်းရင် မကောင်းပါဘူး။

**အတ္တာဟိ အတ္တနော နာထော**-ဟုသာ ဘုရား ဟောာရှိပါ၏။ ခေတ်အနေနဲ့ကတော့ ဘယ်လို ကြည့်ကြည့် ငွေကသာ မျက်နှာပန်းအလှဆုံးပါ။ ဒါတွေဟာ သံသရာနှင့် စာရင် ရေပွတ်ပမာလောက်သာရှိပါ၏။ အရှည်မကြည့်ခြင်း သဘောကိုဆောင်၏။ ပစ္စည်းတစ်ခုလိုပေါ့ သုံးရရုံတော့ လွယ် ပါတယ်။ ရေရှည်ခံဖို့ ရေရှည်ကြာဖို့က မလွယ်တာပါ။ ရှေးရှေး ခေတ်ကလိုမျိုးတော့ မဟုတ်တော့ဘူး။ ရှေးခေတ်တွေကဆိုရင် မေတ္တာဟာ ဆေးဖြစ်ပါ၏။ သစ္စာဟာ ဆေးဖြစ်ပါ၏။

ယနေ့ခေတ်မှာတော့ မေတ္တာတရား အသုံးနည်းပါ၏။ သို့သော် စွမ်းအားက ကျမသွားပါဘူး။ သစ္စာတရား အသုံးနည်း ပါ၏၊ သို့သော် စွမ်းအားက ကျမသွားပါဘူး။ မေတ္တာတို့ သစ္စာ တို့ကတော့ သူတော်ကောင်းမှ သုံးနိုင်တဲ့သဘောရှိပါ၏။

**"အခွင့်မဆိုင်၊ ရေးမပိုင်က၊ အနိုင်ဘယ်ခါ၊ မကျင့် ရာဘူး၊ လိမ္မာသဖြင့်၊ ရေးရာချင့်၍၊ အသင့်ဉာဏ်ရှု၊ ဆင်ခြင် ပြုလော့"**မယပိုဒ်(၂၂၁)မှာ မိန့်မှာထားပါ၏။

အခွင့်အရေးရမည်ဆိုလျှင် ကိုယ်နဲ့ မဆိုင်လည်း ဆိုင် သလို လုပ်ချင်ကြတယ်။ ကိုယ်မပိုင်လည်း ပိုင်သလို လုပ်ချင် ကြတယ်။ အနိုင်ကျင့်ခြင်းသဘောပါပဲ။ ဖြစ်နိုင် မဖြစ်နိုင် အသိဉာဏ်သုံးပြီး ဆင်ခြင်စဉ်းစားပါဟု ဆိုလိုပါ၏။



ငွေသုံးပြီး အဖြေထုတ်လျှင် အဖြေမှားသာ ဖြစ်ဖို့များ ပါ၏။ ပြဿနာကို ငွေနဲ့ရှင်းရင် လွဲမှာများပါ၏။ အခက်အခဲကို ငွေနဲ့သုံးရင် လွဲမှာများပါ၏။

ဥပမာ- အမှုတစ်ခု ငွေသုံး ငွေအားကိုး ဖြေရှင်းတာမျိုး ပေါ့။ အနိုင်အရှုံး ငွေသုံးတာမျိုးကို ဆိုလိုပါ၏။ တောင်းပန်၍ မေတ္တာသုံးပြီး ဖြေရှင်းနိုင်လျှင် နှစ်ဦးနှစ်ဖက် ကျေနပ်လက်ခံ နိုင်စရာ ပြေလည်စရာအကြောင်းရှိပါ၏။

မြတ်ဗုဒ္ဓက အရာအားလုံးမှာ မေတ္တာလက်နက်သုံးပြီး ဖြေရှင်းလေ့ရှိပါ၏။

ယနေ့ခေတ်မှာလည်း မေတ္တာသုတ်၊ မေတ္တာပို့ရွတ်ဖတ် နေကြတာ ကြားရ, သိရပါ၏။ တကယ် အရေးကြုံပြီဆိုရင် မေတ္တာမသုံးကြတော့ဘူး၊ သူတင်, ကိုယ်တင် တွယ်ချင်တဲ့ ဒေါသ စိတ်ကဂိတ်ကုန်ပဲ။ မသိလေ, ပိုဆိုးလေ အသိဉာဏ်နည်းလေ ပိုဆိုးလေပါပဲ။ ဒါကြောင့် လူတိုင်း ကိုယ်စီကိုယ်င မေတ္တာတရား ထားနိုင်ကြတဲ့ လူတော် လူကောင်းဖြစ်အောင် ကြိုးစားနိုင်ကြ ပါစေ. . တိုးပွားနိုင်ကြပါစေဟု ဆုတောင်းရင်း **"မေတ္တာစွမ်း အား"** ခေါင်းစဉ်ကို နိဂုံးကမွတ် အဆုံးသတ်လိုက်ပါသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

# သံယောဇဉ်ဟူသည်

**သံယောဇေန္တိ ဗန္ဓန္တီတိ သံယောဇနာနိ။** [ဘာဋီ-၄၈]

သံယောဇေန္တိ ဗန္ဓန္တိ၊ နှောင်ဖွဲ့တတ်ကုန်၏။ ဣတိ၊ ဤအကြောင်းကြောင့်။ သံယောဇနာနိ၊ သံယောဇဉ်မည်ကုန်၏။ နှောင်ဖွဲ့တတ်သောသဘောကြောင့် သံယောဇဉ်မည်တယ်ပေါ့။ ကြိုးတော့ကြိုးပဲ ဒါပေမဲ့ မမြင်ရတဲ့ကြိုးလို့ ဆိုရမှာဖြစ်၏။

တစ်နည်းအားဖြင့် ကြည့်လျှင် ကျော့ကွင်းနှင့်လည်း ဥပမာတူ၏။ နောက်တစ်နည်း သွေးကြောများနှင့်လည်း ဥပမာတူ၏။ သံယောဇဉ်ဆိုတာ သူတော်ကောင်း အရိယာတို့၏ အသိအမြင်ကတော့ ကြောက်စရာသဘောရှိပါ၏။

ဘာကြောင့် ကြောက်လဲဆိုရင် ဒီသံယောဇဉ်ကြောင့် ဒုက္ခဆိုတာ မရှာဘဲနဲ့ ရရှိနေသောကြောင့်ဖြစ်၏။

လူတိုင်း ဒုက္ခဆိုတာ ကြောက်ကြပါ၏။ တကယ် ကြောက်သလား မကြောက်သလားတော့မသိဘူး။ သက်ရှိ သတ္တဝါတိုင်း (သို့မဟုတ်) လူတိုင်းပေါ့။ ဒုက္ခက တစ်နေ့မဟုတ် တစ်နေ့ ရနေ, ရောက်နေကြတာတော့ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခကို အကြောင်းရှာလျှင် သံယောဇဉ်ကြောင့်ပါဟု စာရေးသူ ဆိုချင်ပါ၏။ သံယောဇဉ်ဟာ ရေကမ်းစပ် ရေထဲ ပေါက်နေတဲ့ မာလောပင်၊ မာလောနွယ်နှင့် တူပါ၏။ မာလောပင် မာလောနွယ်များဟာ နီးစပ်ရာသစ်ပင်ကို ဆွဲပြီး ရစ်ပတ်လေ့ ရှိပါ၏။ သံယောဇဉ်ကိုလည်း ထိုနည်းတူစွာ မှတ်သင့်ပါ၏။

သို့သော် အသက်အရွယ် ငယ်သေးရင် မသိသာသေးပါဘူး။ အသက်အရွယ်ရလာလေ သံယောဇဉ်ဆိုတဲ့ သဘောတရားတွေက ကြီးထွားလေလေပါပဲ။ မြင်ရတဲ့အရာမျိုးတော့ မဟုတ်ပါဘူး။ ဉာဏ်မျက်လုံး သုံးရပါ၏။ ဉာဏ်မျက်လုံးရှိသူ သုံးနိုင်သူများသာ မြင်ရသိရမည်ဖြစ်၏။

ယနေ့ခေတ်မှာ ဉာဏ်အားနည်းတဲ့ခေတ် ရောက်မှန်း မသိ ရောက်နေပြီဟု ပြောရင် အားလုံးတော့ လက်ခံနိုင်ကြမှာ မဟုတ်ပါဘူး။ သိပ္ပံခေတ် ဖြစ်နေသည့်အတွက် ပြန်ပြီး စောဒက တက်ဘွယ်ရှိ၏။ သိပ္ပံဟာ အနှစ်ကျန်တဲ့သဘောမရှိပါဘူး။ သိပ္ပံဟာ အဖြစ်အပျက်ထဲပါနေလျက်ပါ။ သိပ္ပံဟာ ပညာရှင်များ ဖန်တီးထားတဲ့အတွက် ပညာရှင်များ၏ အသုံးအဆောင် ပစ္စည်းဖြစ်၏။ ပညာရှင်ပစ္စည်းများ ပညာမဲ့တဲ့သူ သုံးတဲ့အတွက် ဘဝဆုံးတဲ့သူတွေ အများကြီးပါ။

ခေတ်က ဖန်တီးတာဆိုပေမည့် လူတစ်ဦးတစ်ယောက်ရဲ့ ကိလေသာက ဖန်တီးချက် တစ်ခုပါဟု ကောက်ချက်ချလို့ ရပါ၏။



**"သံယောဇဉ်ဟု၊ ဆယ်စဉ်ဓမ္မ၊ ဤပါပကား၊ နတ်၊ လူထိုထို၊ ဖြစ်တိုင်းကိုယ်နှင့်၊ ပုဂ္ဂိုလ်ဇန္တု၊ များအထုတို့၊ ဝဋ်အစုတွင်း၊ ကျင်လည်ခြင်းဖြင့်၊ ဝဋ်ကင်းငြိမ်းရာ၊ မသွားသာခဲ့"** မဃပိုဒ်(၁၂၁)မှာ မိန့်မှာထားပါ၏။

သံယောဇဉ်ဟုသာ လူသိများပါ၏။ ချစ်တာလည်း သံယောဇဉ်၊ မုန်းတာလည်း သံယောဇဉ်ပါပဲ။ ပဋိဃသံယောဇဉ်ကို ထောက်ဆပါ၏။ ဘဝင်မြင့်တာလည်း သံယောဇဉ်ပါပဲ၊ မာနသံယောဇဉ်ကို ထောက်ဆပါ၏။ မနာလိုခြင်း ဝန်တိုနှမြောခြင်းတို့ဟာလည်း သံယောဇဉ်ပါပဲ။ ဣဿာ, မစ္ဆရိယ သံယောဇဉ်ကို ထောက်ဆပါ၏။

သံသယစိတ်ဖြစ်တယ်ဆိုတာလည်း သံယောဇဉ်ပါပဲ။ ဝိစိကိစ္ဆာသံယောဇဉ်ကို ထောက်ဆပါ၏။ အတ္တစွဲ ငါစွဲကြီးတာလည်း သံယောဇဉ်ပါပဲ၊ ဒိဋ္ဌိသံယောဇဉ်ကို ထောက်ဆပါ၏။ သာမန်ပုထုဇဉ်လူတွေ နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေတဲ့ စိတ်သဘောတရားများဟာ သံယောဇဉ်နဲ့ မလွတ်ကင်းကြပါဘူး။

တစ်နည်းကြည့်လျှင် သတ္တဝါရယ်, လူရယ်လို့ဖြစ်ကတည်းက ဝဋ်ကြွေးဆပ်ဖို့ ယူဖို့ပါပဲ၊ လောကကြီးမှာ ကြွေးပေးသူနှင့် ကြွေးယူသူ နှစ်ယောက်သာ ရှိပါ၏။ ဉာဏ်မျက်စိနှင့် အကျဉ်းချုံးပြီး ကြည့်လိုက်ပါ။ နောက်တစ်မျိုးရှာကြည့်လျှင် အရှင်နဲ့ ကျွန် နှစ်ယောက်သာရှိပါ၏။

မသိလျှင် မဟုတ်တာလုပ်ဖို့ မခဲယဉ်းပါဘူး။ မသိလျှင် မှားဖို့ လွဲဖို့ မခဲယဉ်းပါဘူး။ ခဲယဉ်းတာက ဘာလဲ၊ သိအောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဖို့ ခဲယဉ်းတယ်။ မြင်အောင်ကြည့်တတ်ဖို့ ခဲယဉ်းတယ်။ ဓမ္မသဘောသွားတွေက ဉာဏ်မျက်စိ အလင်းရှိမှ မြင်နိုင် သိနိုင်ပါ၏။

သံယောဇဉ်ဆိုတာ ရှိတာလည်း ဟုတ်ပါတယ်။ မသိ မမြင်ကြတာလည်း ဟုတ်ပါတယ်။ စိတ်ပျံ့လွင့်ခြင်းသဘော ဟာလည်း သံယောဇဉ်ပါပဲ။ ဥဒ္ဓစ္စသံယောဇဉ်ကို ထောက်ဆ ပါ၏။ မသိမမြင်ခြင်း သဘောဟာလည်း သံယောဇဉ်ပါပဲ။ အဝိဇ္ဇာသံယောဇဉ်ကို ထောက်ဆပါ၏။

သတ္တဝါမှန်သမျှဟာ သံယောဇဉ်မှ မလွတ်ကြပါဘူး။ တစ်ခါ သံယောဇဉ်မှ မလွတ်ကြလို့လည်း သတ္တဝါဆိုတာ ဖြစ် လိုက်, ပျက်လိုက်ဖြစ်နေကြတာပါ။

**"ကာမရာဂ၊ ဘဝစသည်၊ လူတို့ပြည်ဝယ်၊ နှလုံး သား၌၊ ဖွဲ့ထသိမ်မွေ့၊ ချည်နှောင်လေ့လျက်၊ မရွေ့စအား၊ သားမယားနှင့်၊ တိုင်းကားပြည်ရွာ၊ မကွာစနိုင်၊ သက်ဆုံး တိုင်၏"**မယပိုဒ်(၁၂၁)မှာမိန့်မှာခဲ့ပါ၏။

ကာမရာဂသံယောဇဉ်, ဘဝရာဂသံယောဇဉ်စတာ တွေက လူ့ပြည်, လူ့ဘဝ, လူ့လောက, လူ့နှလုံးသားမှာ မမြင်ရ တဲ့ကြိုး ချည်နှောင်ထားတယ်။ မဖြေအားကြဘူး။ သားတွေ, မယားတွေ, အသုံးအဆောင်ပစ္စည်းတွေ, တိုင်းပြည် မြို့ရွာတွေ မခွဲနိုင်, မခွာနိုင်ဘဲ နေချင်ကြတာ သေတဲ့ထိအောင်ပါပဲဟု ဆိုလိုပါ၏။ မခွဲမခွာ နေချင်ကြတာ။ သံယောဇဉ်သဘောတရား ကြောင့်သာ ဖြစ်၏။ သတိမထားကြတော့ အသိဉာဏ်က မသွား



ကြတော့ဘူး၊ မဖွံ့ဖြိုးခြင်းကို ဆိုလိုတာပါ။

မသိကြတော့လည်း ဒုက္ခပေးမည့် ခန္ဓာကြီးကို ခြယ်ကြ သကြတာ ဂိတ်ကုန်ပါပဲ။ ပွဲလမ်းသဘင်တွေ ပိုဆိုးပါသေးတယ်၊ ပျိုတယ်ဆိုတာ အိုဖို့ပါပဲ၊ ရှင်တယ်ဆိုတာ သေဖို့ပါပဲ။ အသက် ရှင်တဲ့ နေရာမှာလည်း ဒုက္ခသုက္ခက ထက်ကြပ်မကွာ ကပ်ပါ လျက်ပါ။

ဒုက္ခကို ဂရုမစိုက်ကြဘူး၊ သာယာမှု, ပျော်ရွှင်မှုတွေ သာ ဂရုစိုက်ကြတာ များပါ၏။ မိမိခန္ဓာကြီးမှာ ထွက်ပေါက် ပိတ်သွားရင်လည်း ဒုက္ခ၊ ပွင့်လွန်းရင်လည်း ဒုက္ခ၊ ပြုပြင်ပေး ရတာကတော့ အချိန်နှင့်အမျှပါပဲ။ ဒီသဘောတရားတွေဟာ ဉာဏ်မျက်စိ ဉာဏ်မျက်လုံးသုံးမှ မြင်ရသိရပါ၏။ ဉာဏ်မသုံး သမျှတော့ ကံ-မတုံးပါဘူး။ သတ္တဝါဆိုတာ မိမိပြုခဲ့ဖူးသော ကံ၏အစွမ်းသတ္တိကြောင့် ရနေကြဦးမည်သာ ဖြစ်၏။

သတ္တဝါဖြစ်လာတာနဲ့ သံယောဇဉ်သဘောတရားတွေက အလိုလိုပါပြီးသား ဖြစ်၏။ သံယောဇဉ်က လက်ရှိဘဝ, လက်ရှိ ခန္ဓာကို ခြယ်လှယ်၏။ ဆုံးမတာ မဟုတ်ဘူးနော်၊ သံယောဇဉ် က အသုံးချနေတာ၊ သို့သော် သံယောဇဉ်က ငါ့ကို အသုံးချနေ ပါလား၊ ငါ့ကို ညှဉ်းပန်း နှိပ်စက်နေပါလားဆိုတာ သိတဲ့သူ ခပ်ရှားရှား ခပ်ပါးပါးပဲနော်။

ချစ်ပြန်သော်လည်း သံယောဇဉ်က ငါ့ကို အသုံးချနေ ပြီ၊ မုန်းပြန်သော်လည်း သံယောဇဉ်က ငါ့ကို အသုံးချနေပြီ၊ ဘဝင်မာနဖြစ်ပြန်သော်လည်း သံယောဇဉ်ကတော့ အသုံးချ

www.burmeseclassic.com

www.burmeseclassic.com



လျက်ပါပဲ၊ မသိသလိုလို နေပြန်သော်လည်း သံယောဇဉ်က အသုံးချလျက်ပါပဲဟူ၍ မှတ်သင့်ပါ၏။

A-ပိုး, B-ပိုး, C-ပိုး, ကင်ဆာရောဂါ ကင်ဆာပိုး ရှိတယ်တဲ့လို့သိရင် ရှိတဲ့သူလည်း ကြောက်စိတ်တော့ ဝင်မိတော့တာပဲ။ အနီးနားရှိတဲ့သူများလည်း လန့်တော့တာပါပဲ။ သံယောဇဉ်ပိုးလောက် ကြောက်စရာမကောင်းပါဘူး။ သံယောဇဉ်ပိုးကသာ ဘဝများစွာ မချမ်းသာအောင် ဆင်းရဲဒုက္ခရောက်အောင် သို့မဟုတ် ငရဲအပါယ်ရောက်အောင် ပို့ဆောင်ပေးလျက်ပါ။ ပို့တဲ့နေရာမှာ မကောင်းမှုအကုသိုလ် အပြုများရင် မကောင်းတဲ့မျိုးစေ့ ဖြစ်တာပေါ့။ မကောင်းကျိုးပေးရာ ရောက်ကြရတဲ့သဘောပါ။

ဂရုဂါရဝနည်းပါးတဲ့ခေတ်ဆိုတာ သတိပြုစေချင်ပါ၏။ အရွယ်ရလာတာနဲ့ မိဘကိုပြန်လှန်ပြောကြပြီ၊ ပြန်ခံတွယ်ကြပြီ၊ သူတို့လုပ်နိုင် ရှာနိုင်လာတော့ ခြေရာချင်း တိုင်းလာကြပြီ။

သို့သော် မိဘဟာ မိဘပါပဲ။ ကျေးဇူးရှိသူဟာ ကျေးဇူးရှိသူပါပဲ။ ကျေးဇူးရှိရင် ကျေးဇူးစွပ်ချင်ကြတာ မဟာမိုက်မဲစိတ်ကြောင့်ပါ။ ဒါတွေက အဝိဇ္ဇာသံယောဇဉ်ရဲ့ အစွမ်းသတ္တိထူးကြောင့်ပါဟုဆိုရင် မမှားလောက်ပါဘူး။

**"လက်ကိုင်မမိ၊ မျက်စိမထင်၊ ကြိုးဆယ်မျှင်ဖြင့်၊ သို့စဉ်မပြတ်၊ ဆယ်ခွေပတ်ပြီး၊ မလွတ်နိုင်ကြ၊ ကိုးဘဝဝယ်၊ ကျွက်ကျွက်ဆူနှင့်၊ ပြုံပြုံစူစူ၊ ဟိန်းဟဲဦး၍၊ ကသီလင်တ၊ မဆုံးရအောင်၊ ဒုက္ခလွန်ကဲ၊ ချည်နှောင်မြဲတည့်"** မဃပိုဒ်



(၁၂၁)မိန့်မှာခဲ့ပါ၏။

လက်နဲ့လည်း ကိုင်လို့မရဘူး၊ မျက်စိနဲ့လည်း ဘယ်လိုကြည့်ကြည့် မမြင်နိုင်တဲ့ကြိုး (၁၀)မျှင်ဟာ ဆယ်ခွေပတ်ပြီး ချီထားတဲ့ အတွက်ကြောင့် ဘဝကိုးမျိုးထဲ လွတ်မသွားနိုင်ကြဘူး။

ဆူဆူညံညံနဲ့တစ်မျိုး၊ ပြုံစူစောင်းမြောင်းခြင်းနဲ့တစ်ဖုံ၊ မာန်မူ, ရန်မူနဲ့တစ်လှည့်၊ ကသီလင်တဘဝများကို မဆုံးရလောက်အောင် ဒုက္ခများ လွန်ကဲစွာ ခံစားရလေအောင် ချည်နှောင်ထားတဲ့ကြိုး (၁၀)မျိုးရှိပါ၏ဟု ဆိုလို၏။

ရုပ်ခန္ဓာမှာ ဖြစ်ပေါ်လာတဲ့ရောဂါဆို ကြောက်ကြပြီး နောက်မကျအောင် ဆေးရုံပြေး၊ ဆေးခန်းပြေးပါပဲ။ ရုပ်ခန္ဓာမှာ ဖြစ်တဲ့ရောဂါက ငရဲအပါယ်ပို့နိုင်စွမ်းမရှိပါဘူး။ မိမိစိတ်မှာ ဖြစ်ပေါ်လာတဲ့ သံယောဇဉ် ရောဂါမျိုးကသာ ကြောက်စရာပါပဲဟု ဆိုချင်ပါ၏။ ကြောက်စရာကို မကြောက်တာလည်း မိုက်မဲမှုတစ်မျိုးပဲ။

ယခုခေတ်ထဲမှာက ရောထွေးကုန်ပြီ၊ စီးပွားရေးရော လူမှုရေးရော, ဘာသာရေးရောပေါ့။ ရောလာတော့ ဘာဖြစ်လဲ? ရှုပ်လာတာပေါ့။ ရှုပ်တော့ ဘာဖြစ်လဲ ပြဿနာတက် အငြင်းအခုံဖြစ်ကြတာပေါ့။ ဒါဟာ ရောခြင်း၏ ရလဒ်ပဲဟု ပြောလို့ရပါ၏။ သည်းခံမှုက နည်းပါးကြ၊ စိတ်ရှည်မှုက နည်းပါးကြပါ၏။ သည်းခံမှုသည် အောင်မြင်ခြင်း၏ ရလဒ်အတွက်ဖြစ်၏။ စိတ်မရှည်ခြင်းသည် ဆုံးရှုံးမှုဘက်သို့ ဦးတည်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



လောကမှာ အများဆုံးတွေ့နေရတာက ပြောရင် မကြိုက်ချင်ဘူး။ ပြင်လျှင် မကြိုက်ချင်ဘူး။ စည်းကမ်းကို လက်မခံလိုဘူး။ ဆုံးမရင်လည်း လျှံထွက်ကြတာများပါ၏။ တရားဟောရင်လည်း စိတ်ကတခြား ဟိုသွား ဒီပြေးပေ့ါ။ လောကမှာ အများဆုံး အဖြစ်အပျက်ပဲ **မာဝိဂ္ဂဿန္တု ကမ္မသကာ**-ဟုသာ နှလုံးသွင်းရမည်ဖြစ်၏။ ပြောမရ ပြင်မရရင် ပစ်သာချလိုက်။ အဲဒါ အကောင်းဆုံး နည်းလမ်းပဲ။ သားသမီး, ဇနီးမယား, ဆွေမျိုး, မိတ်ဆွေစသည်ပေ့ါ။

ဒါတွေဟာ အပူလား အအေးလား မေးခဲ့ရင် စာရေးသူအဖြေကတော့ အပူတွေပါ။ (တစ်နည်း) သံယောဇဉ်မီးဟု ဆိုရမည်ဖြစ်၏။ ဒီမီးက လူကြီးဖြစ်လာလေ လောင်လေပဲ လူကြီးမဖြစ်ခင်မှာ လုံးဝသိသာမှု မရှိဘူး။

**"ဘယ်ချိန်ဘယ်ခါ၊ ဘယ်ဆရာ၏၊ ရသဓမ္မ၊ သြဝါဒကို၊ နားဝခံလျက်၊ နားမရွက်ဘဲ၊ မနှစ်သက်လို၊ မကြည်ညိုတတ်၊ ပဋိဃနှင့်၊ မြိုန်မြတ်မသိ၊ ပီတိအရှင်း၊ ကောင်းကျိုးကင်း၏"** မဃပိုဒ်(၁၁၉)မှာ မိန့်မှာခဲ့ပါ၏။

ငါဘယ်အချိန်မှာ တရားရှာမယ်။ ဘယ်ဆရာတော်၏ ဆိုဆုံးမမှုကို လေးစားလိုက်နာမယ် မရှိကြဘူးတဲ့။ မကြည်ညို မလေးစားတော့ မနှစ်သက်ခြင်း သဘောပါပဲ။

ဘာကြောင့်လဲ? ပဋိဃသံယောဇဉ်ကြောင့် ပီတိကင်းကွာပြီး ကောင်းကျိုးဗလာဖြစ်မည်ဟုဆိုလိုပါ၏။ သံယောဇဉ်ဆိုတာ ဖြစ်ဖို့လွယ်သလောက် ဖြတ်ဖို့ခက်ပါတယ်။



စိတ်ဆိုတာလည်း စဉ်းစားကြည့်ရင် တိတ်တိတ် ကော်တို့လိုပါပဲ၊ နှစ်သက်စရာအာရုံ သက်ရှိသက်မဲ့အားလုံးပေ့ါ။ ကြည့်မိတာနဲ့ ငြိတော့တာပဲ သွားမရတော့ဘူး၊ ကာမရာဂ သံယောဇဉ်၏ အစွမ်းပင်တည်း။ တစ်ခါ ခွာလို့ရပြန်တော့ နောက်တစ်အာရုံသွားငြိပြန်ရော။

ဒါကြောင့် စိတ်ဆိုတာ အာရုံကိုမှီ၍ တည်နေခြင်း သဘောရှိပါ၏။ သာမန်ပုထုဇဉ်များ၏ သဘောသဘာဝကို ဝေဖန်ခြင်း ဖြစ်ပါ၏။

စာရေးသူ သတိထားမိတာကတော့ ဘဝအကြောင်း ကံအကြောင်း စာရေးသားတိုင်း ပါကောင်း ပါနေပါ၏။ လူတစ်ဦးတစ်ယောက် မိမိဘဝ မိမိကံအကြောင်း ကောင်းမကောင်း နားလည်စေချင် သိစေချင်တဲ့ သဘောကြောင့် ဖြစ်၏ဟု မှတ်ပါက မမှားနိုင်ပါ။

ယနေ့ခေတ်မှာ ဓာတုဗေဒဆေးတွေ သတိပေးနေတာ မကြာမကြာ ကြားသိရပါ၏။ ဓာတုဗေဒသည် အကောင်း,အဆိုး ဒွန်တွဲလျက်ပါ။ ထိုနည်းတူစွာ သံယောဇဉ်ဟာလည်း အတိုင်းအတာထက်လွန်ရင် ဘေးဖြစ်တတ်ပါ၏။ ဆေးဖြစ်တာတော့ နည်းမည်ထင်ပါ၏။

ယနေ့ခေတ်က စာဖတ်နည်းကြတယ်ဆိုတာ အများအားဖြင့် လက်ခံနိုင်ကြမှာပါ။ ဖုန်းခေတ်, အင်တာနက်ခေတ်, တီဗွီခေတ်, စလောင်းခေတ်, လူငယ်လူကြီးအကုန်ရှိ အကုန်သုံးနေကြတာကိုး။ ဖုန်းစသည်တို့က လူတိုင်းရဲ့ဘဝမှာ နေရာအရ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးပစ္စည်းတွေ ဖြစ်နေကြပြီ။

မှန်တာ, မှားတာသိချင်ရင်၊ မြင်ချင်ရင် မိမိခန္ဓာကို ဉာဏ်မျက်စိနဲ့ ကြည့်ရမှာပါ။ မိမိ၏စိတ်ကို ဉာဏ်မျက်လုံးကို သုံးပြီးကြည့်ရမှာပါ။ ဉာဏ်မျက်လုံးကြတော့ ဘယ်သူမှ သုံးရမည်ဆိုတာ သိတဲ့သူခက်ရှားရှားပါပဲ။

ဒါကြောင့်လည်း နေရာတကာမှာ မှားနေကြပါ၏။ မယုံရင် ရုံးကန်ကလနားတို့, ဆေးရုံဆေးခန်းတို့, အုပ်ချုပ်ရေးရုံးတို့ လေ့လာကြည့်က သိနိုင်ပါ၏။ လာတဲ့သူတွေကလည်း ငါအမှန်, သူအမှန်ပဲ။ မှားတဲ့သူ ဘယ်မှမရှိဘူး။ ဒီလိုအတွေးနဲ့ပဲ အဲဒီအချိန်မှာ ကိုယ့်အမှားကို ဘယ်သူမှမကြည့်ဘူး။ သူ့အမှား သူ့အပြစ်ကိုပဲ ထောက်ဖို့, နှိပ်ဖို့ကြည့်နေကြတာ မှားပြီးရင်း မှားတော့မှာ သေချာသလောက်ပါ။ ဒါတခဏအမှားကို သာဓကထားပြီး ရေးလိုက်ရခြင်း ဖြစ်၏။ သံသရာအမှားဆိုတာ ရှိနေဦးမည်သာ။

ဥပမာ လူဘဝကနေ အပါယ်ဘဝရောက်ကြတာမျိုးကြတော့ သံသရာအမှားပေါ့၊ ခဏအမှားလေးတောင် သည်းမခံနိုင်ရင် သံသရာအမှားဆိုတာ ဖြစ်နေကြဦးမှာ အဖြေရှာကြည့် သေချာ၏။

မှားတယ်ဆိုတဲ့နေရာမှာ မရှိလို့လည်း မှားတတ်ပါတယ်။ မသိလို့လည်း မှားတတ်ပါတယ်။ ဒီနှစ်ခုပဲ ရှိတယ်။

ဒါကြောင့် **"မရှိတာထက်၊ မသိတာခက်၏။ မသိတာထက်၊ မလုပ်တာခက်၏"**ပေါ်ရာဏဆရာတို့ ဆိုရိုးပြုခဲ့၏။



စည်းကမ်းဟူသည် လူ၏တန်ဖိုးဟု ဆိုရိုးပြုခဲ့ကြသေး၏။ စည်းကမ်းရှိမှ တန်ဖိုးရှိမည်ဟုဆိုလို၏။ များသောအားဖြင့်ပေါ့။ စည်းကမ်းမဲ့ကြပါ၏။ မသိလို့ စည်းကမ်းမဲ့ခြင်းသဘောပါ။ ငါ့ပစ္စည်းအသုံးအဆောင် မဟုတ်ရင် စည်းမဲ့ကမ်းမဲ့လုပ်ချင်ကြ၏။ သူ့ပစ္စည်း အသုံးအဆောင်လည်း ကိုယ်သုံးစွဲခွင့်ရလျှင်၊ ကိုယ့်ပစ္စည်း အသုံးအဆောင်ပါပဲ။

ဒါပေမဲ့ လူတိုင်း မသိကြ နားမလည်ကြပါဘူး။ အများသုံးပစ္စည်း အသုံးအဆောင်၊ အဆောက်အဦများဆိုရင် ပို၍သိသာပါ၏။ သူ့ပစ္စည်းအသုံးအဆောင်၊ ကိုယ့်ကြောင့် ပျက်စီးသွားခဲ့လျှင် ကိုယ့်မှာတာဝန်ရှိ၏။ အပြစ်ရှိ၏။ ဒီလိုသိ ဒီလိုမြင်လာမှ လူတော်လူကောင်းလက္ခဏာ သက်ဝင်လာမှာဖြစ်၏။

ယနေ့ခေတ်မှာက သာယာမှု ပျော်ရွှင်ရေးကို ဦးစားပေးလွန်းကြ၏။ ကာမရာဂသံယောဇဉ်၏ အစွမ်းပင်တည်း။ မိမိ၏ခန္ဓာ, မိမိ၏ရုပ်သဘောဟာ နေ့စဉ်နှင့်အမျှ အိုလိုက်နေပါ၏။ သို့မဟုတ် နာလိုက်နေပါ၏။ နာလိုက်ဟူသည် နာဘေးကို ဆိုလို၏။ မိမိက ကောင်းနေသခိုက် ကောင်းတာတွေ ကုသိုလ်တရားတွေရဖို့ ယူတတ်ဖို့ လိုပါ၏။ ရှိတာ, မရှိတာထက် သိဖို့က အရေးကြီးပါ၏။ သိလျှင်မရှိလည်း နေ့စဉ်နှင့်အမျှ ကောင်းတာတွေ ကုသိုလ်တွေ ဖြစ်နိုင်ပါ၏။

**"မဖောက်မပြန်၊ ကျွန်ရိုးမှန်၍၊ နိရန္တရ ကိုယ့်ကိစ္စကို၊ စိတ်ကဘယ်ရွှေ့ မအောက်မေ့သား၊ ကျွန်လေ့ကျင့်လာ၊ ကျွန်မူရာနှင့်၊ တဏှာလိုစု၊ အရှင်မှု၍၊ မပြုမရ၊ မရချေ**

www.burmeseclassic.com

www.burmeseclassic.com



**တည့်၊ သေသော်မြေတွင်း၊ မှုတင်းလင်းနှင့်၊ ဆင်းရသည်သာ၊ လက်မကွာရှင့်”**မဃပိုဒ် (၁၁၉)မှာ မိန့်မှာခဲ့ပါ၏။

မိမိ၏ခန္ဓာကြီးကို ရေချိုးပေးရ၊ အစားအမျိုးမျိုးကျွေးပေးရ၊ သုတ်သင်ပေးရ ရှင်းလင်းပေးရ၊ ဒါပေမဲ့ ပင်ပန်းလိုက်တာလို့ ဘယ်သူမှ မငြီးကြဘူး။ ဘာပြုလို့လဲ ကျွန်ဖြစ်နေလို့ပေါ့။ တဏှာရာဂအုပ်စုက ခိုင်းလေသမျှ လုပ်ပေးရတဲ့ သတ္တဝါတွေလူတွေချည်းပဲ၊ အချို့ကြ အမှုကတန်းလန်း အကြွေးကတန်းလန်း သေစခန်းသို့ သွားနေကြရသည်ဟု ဆိုလိုပါ၏။

သံယောဇဉ်ဆိုတာ ကောင်းကျိုးထက် ဆိုးကျိုးက အဆများစွာ သာပါ၏။ သံယောဇဉ်ကြောင့် ဒုက္ခရောက်သလို သံယောဇဉ်ကြောင့် ဘဝမှောက်ကြတာများပါ၏။ ဉာဏ်မျက်လုံးကို အသုံးပြုက သိနိုင်ပါ၏။ ယနေ့ခေတ်မှာ ဉာဏ်ကတော့ ရှိကြတာများပါ၏။ ဘာဉာဏ်လဲဆိုရင် မိစ္ဆာဉာဏ်သမားတွေပါ၊ သို့သော် မိစ္ဆာဉာဏ်ဟာ ကောင်းကျိုးမပေးပါဘူးဟု သတိပေးလိုပါ၏။

မြင်မြင်သမျှ သင်္ခါရဟူသော ဆိုရိုးစကားအတိုင်း ယူတတ်ကြမယ်ဆိုရင် နေ့စဉ်နှင့်အမျှ မြင်ရတွေ့ရတဲ့ အရာဝတ္ထုသဘောတရားတွေဟာ သင်္ခန်းစာတွေပါပဲ။ သို့မဟုတ် သံဝေဂရစရာတွေပါပဲဟု ဆိုချင်ပါ၏။

နေ့စဉ်နှင့်အမျှ သွားရင်း၊ လာရင်း၊ လှုပ်ရှားရင်း သံဝေဂဉာဏ်ရှိလျှင် သင်္ခန်းစာ သတိရရှိကြမည်ဖြစ်၏။



သို့သော် လောဘ၊ ဒေါသတွေက အားကြီးလွန်းကြပါ၏။ တဏှာရာဂတွေက အားကြီးလွန်းကြပါ၏။ သာယာမှု၊ ပျော်ရွှင်မှုတွေက အားကြီးလွန်းကြပါ၏။

ဘရိတ်မမိ, ဘရိတ်မရှိဖြစ်နေကြတော့ မြင်သင့်တာကို မမြင် သိသင့်တာကို မသိ ဖြစ်နေကြပါ၏။

ဥပမာ ကား ဆိုင်ကယ် စသည်ပေါ့။ ဒါတွေတောင် ဘရိတ်ရှိသေးတာ။ ဘရိတ်မပါ, ဘရိတ် မမိရင်လည်း လိုရာမရောက်ဖြစ်တတ်သလို၊ မိမိစိတ်မှာလည်း အသိတို့ သတိတို့ဟာ စိတ်၏ ဘရိတ်တွေပါပဲ။ ဘရိတ်ကို မသုံးကြတော့ ဘေးဒုက္ခရောက်ကြတဲ့အဆင့် ဖြစ်ကုန်ကြတာပေါ့။

အသက်အရွယ်ရလာလေ ဒေါသက ပိုကြီးလာလေ၊ ရာဂတဏှာက ပိုကြီးလာလေစသည်ပေါ့။ အသိ၊ သတိနဲ့မှ တားမထားရင် ဘဝတွေ မှောက်ကုန်ကြတာ မျက်မြင်အားဖြင့် ကြည့်လျှင်သိနိုင်ပါ၏။ အရာရာမှာ အတိုင်းအတာဆိုတာ ရှိပြီးသာပါ။

ထိုနည်းတူစွာ မိမိ၏စိတ်ကိုလည်း အသိဉာဏ်, သတိပေတံနှင့် မထောက်ဘဲ မတိုင်းတာဘဲ ခံစားနေမယ်ဆိုရင် လောဘတဏှာက ဆုံးသွားမှာ မဟုတ်ဘူး။ အသက်သာလျှင် ဆုံးသွားဖို့ရှိပါ၏။

ယနေ့ခေတ်မှာက သက်ရှိရော သက်မဲ့ရော တပ်မက်ဖွယ်, သာယာဖွယ်ဖြစ်အောင် လုပ်ဆောင်လျက်ရှိပါ၏။ ဆေးပညာသမားကလည်း ဆေးပညာအမြင်နဲ့၊ ဒီဇိုင်းပညာရှင်က

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒီဇိုင်းပညာအမြင်နဲ့၊ စီးပွားရေးသမားကြီးတွေကလည်း စီးပွားရေး ပညာအမြင်နဲ့ပေါ့လေ၊ ကောက်ချက်ချကြည့်လိုက်တော့ အရောင်းသွက်အောင် ငွေရှင်အောင် လုပ်ဆောင်ကြတာပါပဲ။

တစ်နည်းအားဖြင့် သုံးဆောင်ခံစားချင်တော့ သုံးဆောင်ခံစားနိုင်အောင် လုပ်ဆောင်ကြတဲ့ သဘောပါ။ ငွေရှာတဲ့နေရာမှာလည်း လူတိုင်းဘရိတ်မဲ့ဖြစ်ကုန်ကြပြီ။ တရားသဖြင့်ဆိုတဲ့ အသိ, သတိမဝင်တော့၊ မတရားတဲ့ မိစ္ဆာဉာဏ်တွေက အမြဲတမ်း လွှမ်းမိုးလျက် ဖြစ်ကုန်ကြပြီ။

ဘာသာရေးအသိ ဘာသာရေးအမြင် နည်းပါးလာကြရင် မတရားအသိ, မတရားအမြင်၊ (တစ်နည်း) မိစ္ဆာဉာဏ်လွှမ်းမိုးသွားမှာ သေချာပါ၏။ မိစ္ဆာဉာဏ်လွှမ်းမိုးခံရရင် မိစ္ဆာဉာဏ်၏အကျိုးကျေးဇူးဟာ မခေါ်ဘဲနဲ့ ရောက်လာလျက်ပါ။ မိစ္ဆာဉာဏ်ဖြစ်ပြီဆိုလျှင် မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါယာမ၊ မကောင်းတဲ့အကြံ, မကောင်းတဲ့ အားထုတ်မှုတို့က အရိပ်သဖွယ် လိုက်နေလျက်ပါ။

လောဘ၊ ရာဂ၊ တဏှာဆိုတာ သံယောဇဉ် ရှုထောင့်ကကြည့်လျှင် ကာမရာဂသံယောဇဉ်ပါပဲ။ ရှာကြဖွေကြ နေ့စဉ်နဲ့အမျှပေါ့။ ကာမရာဂသံယောဇဉ်၏ အစွမ်းအားတွေကြောင့်ပါ။ လှူတာ တန်းတာ, ပေးတာ ကမ်းတာတော့ ရှိကြပါ၏။ စာမဖွဲ့လောက်ပါဘူး။ ဒေါသကလည်း လူတိုင်းမှာ ဖြစ်ပေါ်လျက်ပါ။ သံယောဇဉ် ရှုထောင့်ကကြည့်လျှင် ပဋိဃသံယောဇဉ်ဟု



မှတ်သင့်ပါ၏။ ဒေါသကြောင့်သာလျှင် သေကြ ကျေကြ၊ ကျိုးကြပဲ့ကြ၊ ဘဝဆုံးရှုံးကြ၊ ထောင်ထဲရောက်ကြ ရုံးရောက်, အချုပ်ရောက်ပေါ့လေ။

လူတိုင်းဆိုးကျိုး ဖြစ်ချင်သလားမေးရင် မဖြစ်ချင်ဘူးဟုသာ အဖြေပေးကြမည်ဖြစ်၏။

ဘာကြောင့် မဖြစ်ချင်တာ ဖြစ်နေသလဲ? မိမိ၏စိတ်ကို အသိ, သတိဘရိတ် မသုံးလို့ဘဲ၊ လူတိုင်းမှာ မာနစိတ် ဘဝင်မြင့်စိတ်ဆိုတာ ဖြစ်တတ်ကြစမြဲပါ။

သံယောဇဉ်ရှုထောင့်ကကြည့်လျှင် မာနသံယောဇဉ်ဟု မှတ်သင့်ပါ၏။ ဆရာတော်, သမားတော်, ကျေးဇူးရှင် မိဘ, ဆရာများအပေါ် မာနစိတ်နဲ့ ဆက်ဆံမယ် ပြောဆိုမယ်ဆိုရင် ဘယ်လိုလုပ်ပြီး ကောင်းတော့မှာလဲ?

ဣဿာ, မစ္ဆရိယ လူတိုင်းဖြစ်တတ်ကြပါ၏။ သံယောဇဉ်ရှုထောင့်ကကြည့်လျှင် ဣဿာ, မစ္ဆရိယ သံယောဇဉ်ဟု မှတ်သင့်ပါ၏။ အကူအညီ တစ်ခါလောက် တောင်းမရတော့ခဲ့ရင် ကျေးဇူးရှင်ရော, မိဘရော, ဆရာရော, မရှောင်တော့ဘူး။ ဣဿာ, မစ္ဆရိယပွားကြတော့တာပဲ။

အလုပ်ခိုင်းရင် မသိဘူး မလုပ်တတ်ဘူးဟု ဆိုတတ်ကြပါ၏၊ အဝိဇ္ဇာသံယောဇဉ်၏အစွမ်းပင်တည်း။

သံယောဇဉ်ဆိုတာ သင်ယူစရာ မလိုဘူး။ နည်းနာခံယူစရာ မလိုဘူး၊ ဝယ်ယူထားတဲ့ အရာမျိုး မဟုတ်ဘူး။ မွေးက

www.burmeseclassic.com

www.burmeseclassic.com



တည်းက ပါပြီးသား။ အသက်အရွယ်ရလာလေ သံယောဇဉ်က လည်း အားကောင်းလာလေပဲ။

ဒါကြောင့် သံယောဇဉ်တရားများကို မိမိ၏ အသိဉာဏ်, သတိဘာရိတ်နဲ့ ထိန်းအုပ်နိုင်ကြတဲ့ လူတော် လူကောင်းများ ဖြစ်ကြပါစေဟု ဆုတောင်းရင်း **"သံယောဇဉ်ဟူသည်"** ခေါင်းစဉ် ဆောင်းပါးကို အဆုံးသတ်လိုက်ပါသတည်း။

■

# အနိစ္စလူသား

**ဟုတွာ အဘာဝဋ္ဌေန, န နိစ္စန္တိ အနိစ္စံ။**

(ဏီ၊ ၄ ။ ၃၆၅)

ဟုတွာ၊ အကြောင်းအားလျော်စွာဖြစ်၍။ အဘာဝဋ္ဌေန၊ အစဉ်မတည် ပျက်ခြင်းသဘောအားဖြင့်။ နိစ္စံ၊ မြဲသည်။ န၊ မဟုတ်။ ဣတိ၊ ဤအကြောင်းကြောင့်။ အနိစ္စံ၊ အနိစ္စမည်၏။

အနိစ္စဟူသည် မမြဲသောသဘောရှိ၏။ မမြဲတဲ့အတွက်ကြောင့် ဒုက္ခဆိုတာ ဖြစ်နေလျက်ပါ။ ဘာကြောင့်ဒုက္ခဖြစ်လဲ မမြဲလို့ပေါ့။ တစ်နည်းကြည့်လျှင် အနတ္တဖြစ်နေလို့ပဲ။

အချိုးမကျဘူး အချိုးမပြေဘူး ပုံစံကိုကဟု ပြောလေ့ပြောထရှိကြပါ၏။ သို့သော် အနတ္တလက္ခဏာကို သူကပြနေတာပါ။ ကိုယ်က အနတ္တကိုမမြင်တော့ မကြည်မဖြူငြူစူနေခြင်းသဘောပါ။ ပြောချင်တာက လက္ခဏာရေးသုံးပါးဟာ တခုနှင့်တခု ဆက်စပ်နေပါတယ်။ အနိစ္စကိုမြင်ရင် ဒုက္ခကိုလည်း မမြင်နိုင်စရာ အကြောင်းမရှိဘူး။ ဒုက္ခကိုမြင်ရင်လည်း အနတ္တကို မမြင်နိုင်စရာ အကြောင်းမရှိဘူးဟု သိစေချင်တာပါ။ မမြဲတဲ့သဘောကိုမြင်လျှင် ဘာကြောင့်မမြဲလဲ ဆင်းရဲဖို့အကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ဖန်လာခြင်းသဘောပြနေ၏။ တခါဆင်းရဲခြင်း၏သဘောကို ရှုကြည့်ပြန်တော့ အနတ္တသဘောကို တွေ့မြင်ရမည်ဖြစ်၏။ အချိုးမကျ အချိုးမပြေ ဆင်းရဲအစုတွေပဲ ကောင်းကောင်းကို မနေရဘူး။

မနက်မိုးလင်း အိပ်ရာက ထပြီဆိုတာနဲ့ ပိုက်ဆံရှိရှိ မရှိရှိ၊ ရာထူးအာဏာရှိရှိ မရှိရှိ၊ ကောင်းကောင်းနေရတယ် ဘယ်ရှိလို့တုံး၊ အနိစ္စခန္ဓာဆိုတော့ စိတ်မချရဘူးလေ။ မလုပ်ဘဲ မစားဘဲနေရင် သေသွားမှာ။ အဲ့ဒီတော့ မလုပ်ချင်လဲ လုပ်ရတာပေါ့။ မစားချင်လည်း စားရတာပေါ့။ မသွားချင်လည်း သွားရတာပေါ့။ မပြောချင်လည်း ပြောရတာပေါ့။

လူတိုင်းဟာ အဝိဇ္ဇာ တဏှာ၏အစွမ်းတွေကြောင့် နေကောင်းတယ်၊ ကျန်းမာတယ်လို့ထင်ရပေမဲ့ အစာလည်း ဆေး၊ ဆေးလည်းအစာဟု ဆိုရိုးပြုခဲ့ကြသည့်အတိုင်းပါပဲ။

စာရေးသူရဲ့ မိတ်ဆွေတစ်ယောက် ကျန်းမာရေး အရမ်းမကောင်းတော့ဘူး သွားကြည့်တော့ လူနာစောင့်က အသက်ကယ် ဆေးထိုးထားတယ်ဟုပြောပါ၏။ အသက်ကယ်ဆေး အသက်ကယ်ဆေး အဖန်ဖန် စဉ်းစားကြည့်တော့ အစားအသောက်တွေကလည်း အသက်ကယ်ဆေးမဟုတ်လို့ ဘာတွေလဲ။ ကျန်းမာတယ် ကျန်းမာတယ်ဆိုတာ အသက်ကယ်စာတွေ စားနေကြတဲ့သူတွေပါ။ အော်-- နေ့တိုင်း အသက်ကယ်နေကြရတဲ့သူတွေပါလားဟု သိမြင်လာပါ၏။



စပ်မိစပ်ရာ မှတ်သားစရာလေးတစ်ခု တင်ပြပါရစေ။

စာရေးသူ မိတ်ဆွေရဲ့ မယ်တော်ကြီးဆုံးလို့ မန္တလေး ဆေးရုံကြီးသို့ အသုဘရှု လိုက်သွားပါ၏။ ဟိုရောက်တော့ အဆင်သင့်မဖြစ်ဘူး အလှည့်ကျစောင့်ရပါ၏။ ရှေ့မှာ နာရေးတစ်ခုပေါ့၊ နာရေးကားထွက်သွားတော့ ကားကိုဆွဲထားပြီး အော်ငိုပါ၏။ အကြောင်းကို မေးကြည့်လိုက်တော့ နယ်က ကျောင်းတက်တဲ့ကျောင်းသား ဆိုင်ကယ်မှောက်ပြီး ဆုံးသွားတာဟု သိရပါ၏။

စာရေးသူ အဖြစ်အပျက်လေး အပြန်အလှန် တွေးဆသောအခါ "ဆိုင်ကယ် ဆိုင်ကယ် သေမင်းသဖွယ်ပါလား"ဟု သိမြင်ခွင့်ရခဲ့ပါ၏။

နောက်တစ်ခုသတိပြုစရာလေး တင်ပြပါရစေ။

စာရေးသူ ဆွမ်းဘုဉ်းပေးခိုက် ဒကာကြီးတစ်ယောက်က နေကောင်းလားဘုရားဟု နှုတ်ခွန်းဆက်စကားဆိုပါ၏။ ကောင်းတော့ကောင်းတယ် ဒကာကြီး၊ ဒါပေမဲ့ ကြီးလေကြာလေ ဘာမှ ကောင်းတာမတွေ့ရဘူး၊ ကြီးလေ ကြာလေ ကောင်းတာတော့ တရားပဲတွေ့ရပါ၏ဟု ပြန်ဖြေခဲ့ပါ၏။

ဘယ်ဟာတွေက အနိစ္စတွေလဲဆိုရင် သက်ရှိသက်မဲ့ အားလုံးဟာ အနိစ္စတွေပဲ။ ဘယ်သူ့တော့ စိတ်မချဘူး။ ဘယ်သွားရင် စိတ်မချဘူး။ အိမ်ကို စိတ်မချဘူး။ အတွင်းပစ္စည်း စိတ်မချဘူး။ မိမိခန္ဓာကိုယ်တော့ စိတ်ချရပါရဲ့လား? မိမိ၏ စိတ်ကိုရော စိတ်ချရပါရဲ့လား? ဟိုဟာ ငါပိုင်ပစ္စည်း၊ ဒီဟာ

www.burmeseclassic.com

www.burmeseclassic.com



ငါပိုင်ပစ္စည်း ဟုတ်သလားဆိုရင် ဟုတ်သယောင်ယောင်ပဲ။

မိမိခန္ဓာနဲ့ စိတ်ကိုငါပိုင်လားမေးကြည့်စမ်းပါ။ လူတွေက မေးသင့်တာကို မမေးတော့ အဖြေမှန် သဘောမှန် ဘယ်တွေ့ကြမလဲ၊ ငါ့စိတ် ငါပိုင်တယ်ဆိုရင် လောဘမဖြစ်ဖို့ ဒေါသမဖြစ်ဖို့ တဏှာရာဂမဖြစ်ဖို့ တားကြည့်ပါလား။ မသွားချင်ဘူး၊ မလုပ်ချင်ဘူး၊ မစားချင်ဘူးဆိုတာတွေ ရချင်ရမယ်၊ ငါ၏ခန္ဓာငါပိုင်ဟုတ်ခဲ့ရင် မည်းတဲ့အသား ဖြူအောင်လုပ်ကြည့်စမ်းပါ။ အရပ်ပုတဲ့သူ ရှည်အောင်လုပ်ကြည့်စမ်းပါ။ အနာရောဂါ မဖြစ်အောင် လုပ်ကြည့်စမ်းပါ။ နေ့စဉ်နှင့်အမျှ အိုလိုက်နေတဲ့ခန္ဓာမအိုအောင်လုပ်ကြည့်စမ်းပါ။ မြင်သင့် သိသင့်တဲ့ သဘောတရားများကို မမြင်ဘဲ ကျော်ခွသွားနေကြတာ လူတိုင်းလိုလိုပါပဲဟု စာရေးသူ ဆိုချင်ပါ၏။

**"ဥပါဒ်,ဌီ,ဘင်၊ ချုပ်ပျက်လျင်သည့်၊ ဤလျှင်အနိစ္စ၊ သင်္ခါရတည့်၊ ခဏခဏ၊ ဖျက်ဖျက်ကျရှင့်၊ ကာလမကြာ၊ လွန်နည်းစွာခဲ့၊ ဓမ္မတာစက်၊ ထိုဖြစ်ပျက်ကို၊ စစ်မက်ဆိုင်ကာ၊ မပြိုင်သာဘူး"** မယပိုဒ်(၈၉) မှာမိန့်မှာခဲ့ပါ၏။

ဥပါဒ်၊ ဌီ၊ ဘင်ကတော့ သမာဓိအားကောင်းမှ မြင်ရသိရမည်ဖြစ်၏။ ဖြစ်လိုက် ပျက်လိုက် သဘောတရားတွေကိုပဲ အနိစ္စတရား သင်္ခါရတရားတွေပါဟု ဆိုလိုခြင်းဖြစ်၏။ ခဏခဏဖြစ်ပြီး ခဏခဏပျက်ပြယ်သွားတာ အချိန်အကြာကြီးမနေဘူး။ ဒါကို ဓမ္မသဘောတရားဟုဆိုခြင်း ဖြစ်၏။



အဲဒီအဖြစ်အပျက်ကို စစ်ပွဲလိုဆင်နွှဲပြီး ပြိုင်လို့မရဘူးဟု ဆိုလိုပါ၏။

**ခယတ္တေန အနိစ္စာ၊ ဘယတ္တေန ဒုက္ခာ၊ အသာရကတ္တေန အနတ္တာ**-ဟု ဟောကြားတော်မူခဲ့ပါ၏။

ခယတ္တေန၊ ခဏခဏကုန်ခမ်းခြင်းအနက်သဘောကြောင့်။ အနိစ္စာ၊ အနိစ္စတို့ပါတကား။ ကုန်ခမ်းဟူသည် မမြဲခြင်းဟု အဓိပ္ပါယ်ယူပါ။

ဘယတ္တေန၊ ရတက်မအေး ကြောက်မက်ဖွယ်ဘေးဟူသော အနက်သဘောကြောင့်။ ဒုက္ခာ၊ ဒုက္ခမည်တို့ပါတကား။ အသာရကတ္တေန၊ အနှစ်သာရဘာတစ်ခုမှ ရှာမရသောအနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တတို့ပါတကား။ ဒီလောက်ဆိုသဘောပေါက်လောက်ပါပြီ။

စာဖတ်တဲ့နေရာမှာ ဟင်းအိုးယောက်မ မွှေသလိုမျိုးမဖြစ်စေရဘူး။ ထမင်းစားသလို အရသာခံပြီး ဖတ်ရပါ၏ဟု အထူးသတိပေးလိုပါ၏။

လူတွေက လောဘဇောတွေ အားကြီးလွန်းတယ်၊ အနိစ္စသဘောကို မမြင်တော့ဘူး။ ဒေါသဇောတွေ အားကြီးလွန်းတယ်၊ အနိစ္စသဘောကို မမြင်တော့ဘူး စသည်စသည်ပေါ့။

ဇောဟူသည် လျင်မြန်လွန်းခြင်းသဘောကို ဆိုလို၏။ မိမိခန္ဓာဆိုလည်း ဉာဏ်နဲ့စစ်ဆေးဖို့ နေနေသာသာ မြှပြင်လိုက်ကြတာ စီးပွားရေးဈေးကွက်ထဲကို ရောက်ကုန်ရော၊ လု

www.burmeseclassic.com

www.burmeseclassic.com



ချင်လိုက်တာလည်း လွန်ပါရော၊ ပိုက်ဆံအကုန်ခံပြီးကို အလှအပပြုလုပ်ကြပါ၏။ တဏှာရာဂ၏ စွမ်းရည်သတ္တိတွေကြောင့်ဖြစ်၏။ ရှိနေတာက အနိစ္စလူသား၊ အနိစ္စသတ္တဝါ၊ ဒုက္ခလူသား ဒုက္ခသတ္တဝါ၊ အနတ္တလူသား အနတ္တသတ္တဝါပါ၊ ဘယ်သူမှ ငြင်းချက်မထုတ်နိုင်ပါဘူး။ အပြုအမူတွေက အနိစ္စကို ဥပေက္ခာပြုလျက်ပါ။ သူဘယ်လောက်ပြင်ပြင် အနိစ္စဟာ အနိစ္စပါပဲ။ ပြဿနာဖြစ်တာလည်း မပြောနဲ့ လူတိုင်းလူတိုင်းက တရားလွတ်ပဲလေ၊ တရားလွတ်ရင် အမှားဖြစ်ဖို့မခဲယဉ်းဘူး။ ဘာသာရေးကို ပထမဆုံး ယုံကြည်မှုရှိဖို့ လိုအပ်ပါ၏။ ယုံကြည်ရင် လေးစားလာမယ်။ လေးစားမှုရှိလာရင် ရိုသေမှုဆိုတာဖြစ်ကြတာပါ။

အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောများဟာ မြတ်ဗုဒ္ဓဟောကြားတော်မူခဲ့လို့ သိမြင်ခွင့် ရကြသည်မဟုတ်ပါလော။ ဒါဟာ ရုပ်ပဲ၊ ဒါဟာ စိတ်ပဲ၊ ဒါဟာ ကောင်းတာပဲ၊ ဒါဟာ မကောင်းတာဘဲ၊ ဒါဟာ အကြောင်းပဲ၊ ဒါဟာ အကျိုးပဲ စသည်ပေါ့။

နောက်တစ်ချက် ဒါဟာ အကုသိုလ်မကောင်းမှုဘဲ၊ ဒါဟာ ကုသိုလ်ကောင်းမှုပဲ စသည်စသည် အကောင်း-အဆိုး တလောကလုံး အစအဆုံး အကုန်အစင် ဝေဘန်ပိုင်းခြားပြနိုင်တာ ဗုဒ္ဓပဲမဟုတ်ပါလား။

စာရေးသူ အမြင်ကတော့ ဒုက္ခရှိမှ တရားမြင်မှာ၊ သုခရှိနေရင် တရားမြင်တာ ရှိတော့ရှိမည် ရှားမည်ဟုဆိုချင်ပါ၏။



တစ်နည်းအားဖြင့်ကြည့်လျှင် မိမိခန္ဓာမှာ ကိလေသာဓာတ်အားကောင်းနေလျှင် ဒုက္ခတွေလည်း သုခထင်မှတ်နေမှာ။ အနိစ္စတရားတွေလည်း အနိစ္စဟုမြင်နိုင်စွမ်းရှိမည်မဟုတ်ပေ။

**"တအော်လဲလဲ၊ သေမစဲနှင့်၊ ပျော်ပွဲခံရာ၊ လူတို့ရွာတွင်၊ သတ္တဝါများ၊ သမီးသားက၊ မယားနှင့်လင်၊ တရှင်ရှင်ဖြင့်၊ မထင်သေဘေး၊ အရေးမပြု၊ ပျော်မှုနှင့်သာ၊ သူထက်ငါတည့်"** မယပိုဒ်(၁၀၀)မှာ မိန့်မှာထားပါ၏။

နေ့စဉ်နှင့်အမျှ သေခြင်းသဘောဟာ မစဲကြပါဘူး။ လူ့ပြည်လောက လူ့ဘဝမှာ ဖြစ်နေကြတာက သားသမီး ဇနီးမယား လင် တရှင်ရှင်တပြုံးပြုံးပဲတဲ့ သေဘေးကို အရေးမထားကြဘူး၊ ပျော်ရွှင်မှုကို သူ့ထက်ငါ ရှာနေကြသည်ဟုဆိုလိုပါ၏။ သူတို့ဖြစ်ချင်တာ လုပ်ချင်တာကြတော့ ဒါ လောကသဘာဝပဲဟု ပြောဆိုလေ့ရှိကြပါ၏။

ဒုက္ခဖြစ်ကြပြီဆိုရင် ငြီးငြူကြ အကူညီတောင်းကြ၊ ချေးကြငှါးကြ၊ မပေးရင် မငှါးရင် အဲ့ဒီလူအပေါ် မကြည်ဖြူတော့ဘူး။ လိမ်ကြ ညာကြ လှည့်ကြ ပတ်ကြနဲ့ပေါ့၊ ကောက်ချက်ချကြည့်ရင် ဒုက္ခကို အခက်အခဲကို ဆိုးညစ်တဲ့သဘောတရားနဲ့ အဖြေထုတ်ကြတာပါပဲ။ သည်းခံမယ်၊ ခြိုးခြံချွေတာမယ်ဆိုတဲ့ စိတ်ဖြစ်ပေါ်မည့်သူ နည်းပါးကြပါ၏။ အနိစ္စကို မသိမမြင်သမျှ မတရားစိတ် မမျှတတဲ့စိတ် အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစားစိတ်က အတောမသတ်နိုင်ဖြစ်နေကြဦးမှာ သေချာပါ၏။

www.burmeseclassic.com

www.burmeseclassic.com



**“မမွှသဘော၊ ဘယ်လိုဟောလည်း၊ လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်နဲ့၊ ပျော်တပြုံးပြုံး၊ မော်မဆုံးဘဲ၊ နှလုံးမယဉ်၊ ဉာဏ်မယှဉ်တည့်”** မယပိုဒ် (၁၀၈)မှာ မိန့်မှာခဲ့ပါ၏။

တရားသဘောတွေ ဘယ်လိုပြောပြော၊ ဘယ်လို ဟောဟော လိပ်ကျောကုန်း ကြောင်ကုတ်သလိုဖြစ်နေကြမှာ၊ ပျော်မဆုံး မော်မဆုံး အပြုံးမပျက် စိတ်နှလုံးကလည်း ယဉ်ကျေးလာမှာ မဟုတ်ဘူး၊ အသိဉာဏ်ကလည်း မရှိပြီးရင်း မရှိဖြစ်နေကြမည်ဟု ဆိုလိုပါ၏။ ဒါလည်းပဲ သဘာဝကျပါ၏။ မိမိခန္ဓာမှ အမြဲရွေ့လျားနေတာ မဟုတ်ပါဘူး။ လောကသဘာဝကလည်း အမြဲတမ်း မနားတမ်း ရွေ့လျားနေတာပါပဲ။ ဤသည်ပင်လျှင် အနိစ္စမဟုတ်ပါလော၊ ဒုက္ခမဟုတ်ပါလော၊ အနတ္တမဟုတ်ပါလော။

ပျက်စီးမှု ဆုံးရှုံးမှုဆိုတာတွေဟာ မဖြစ်ချင်လည်း ဖြစ်နေကြရဦးမှာ ဤသည်ပင်လျှင် အနိစ္စမဟုတ်ပါလော။ ဒုက္ခမဟုတ်ပါလော။ အနတ္တမဟုတ်ပါလော။ အနိစ္စလောကကြီးဝယ် အနိစ္စလူသားဟု သဘောမထားနိုင်ရင် မိမိမှာ သဘောသဘာဝကိုမမြင်တဲ့သူဆိုတာ သေချာသလောက်ပါပဲ။ သဘာဝကို မမြင်နိုင်တာ ဘာကြောင့်လဲဆိုရင် ကိလေသာခေါ်တဲ့ လောဘတဏှာ၏အမိန့်ကို ကြောက်ရလွန်းရင်တော့ သဘာဝကို မြင်မှာလည်း မဟုတ်ဘူး။ သိမှာလည်း မဟုတ်ဘူး။



**“ရအံ့နိုးနိုး၊ လောဘမျိုး၊ အကျိုးယုတ်လှပြီ။**
**ပိုးပရန်မျိုး၊ မီးကိုတိုး၊ ကိုယ်ကျိုးနဲလှပြီ”**ဟု ထွင့်ခေါင်ဆရာတော်ကြီး၏ မိန့်မှာစကားနဲ့တော့ တထပ်တည်းဖြစ်နေကြဦးမှာ လောဘဆိုတဲ့ သဘောမျိုးက မနက်လင်းပြီဆိုတာနဲ့ ရအံ့နိုးနိုး ရအံ့နိုးနိုးနဲ့ တမိုးချုပ်အောင် ရှာတတ်တဲ့သဘောပါ။ ဒီထဲ ရှာရင်းရှာရင်း ရှုံးကြတာလည်းရှိသေးတယ်။ ရှာလည်း ရှာကြပါရဲ့ ရှိလည်းမရှိကြဘူး။ ရှာတော့ရှာကြပါရဲ့ ဗလာချည်း အိမ်ပြန်ရတဲ့ရက် ရှိကြဦးမှာပါ။ ရှာပြီးမလောက်မင ဖြစ်ကြတာလည်း ဒုနဲ့ဒေးပါပဲ။ ဒါကို ဆရာတော်ကြီးက အကျိုးယုတ်လှပြီဟု လင်္ကာစပ်ဆိုခဲ့ခြင်း ဖြစ်၏။

**“တံငါနားနီး တံငါ၊ မုဆိုးနားနီး မုဆိုးဆိုသလို”** သူတော်ကောင်း စိတ်ဓာတ်လိုချင်လျှင် သူတော်ကောင်းနားကပ်ကြရမှာ၊ သူတော်ကောင်းစကား ကြားချင်လျှင် သူတော်ကောင်းနားကပ်ကြရမှာ။ ရနေတဲ့လူ့ဘဝ စားကာ၊ သောက်ကာနဲ့ ပြန်သွားကြလျှင် ဘာပါသွားကြမှာလဲ။ ဘာမှမပါတဲ့လူ ဘယ်သူက ကြည်ဖြူမလဲ စဉ်းစားကြဖို့ သတိပေးလိုပါ၏။

**“အမြဲကာလ၊ ယိုစီးကျလျက်၊ အဝကိုးဒွါ၊ ဝမ်းတွင်းပါသည့်၊ အနာကိုယ်ဆိုး၊ ပုပ်မျိုးညစ်ကျူ၊ အပုပ်စုကို၊ တုတုပပ၊ တသသဖြင့်၊ နေ့ညမပြတ်၊ သုဘမှတ်၍၊ လိမ်းသက်ရောင်တင်၊ အသစ်ထင်၏”** မယပိုဒ်(၁၁၃)မှာ မိန့်မှာခဲ့ပါ၏။

အပုပ်စုကို အဟုတ်အန်တုပြီး နေ့ညမအား သူ့လိုက်ကြတာ ပြုပြင်လိုက်ကြတာ ယနေ့ခေတ် ပိုဆိုးမှာပေါ့၊ ဆံပင်

www.burmeseclassic.com

www.burmeseclassic.com



ကအစ ဈေးကွက်ထဲ ရောက်အောင်ပါပဲ။ သဘာဝသဘော တရားတွေကို ဉာဏ်ရှိသလောက် ဖျောက်ကြဖျက်ဆီးကြပဲ၊ ရကော ရကြရဲ့လား ရလည်းခဏပေါ့။ လှချင်ကြတာ ပချင်ကြတာ ကိလေသာ မာတ်သဘော၏ စွမ်းအားတွေပါ။ ဖြစ်ချင်ကြတာ မဖြစ်ရရင် စိတ်ညစ်ကြပြီ၊ လုပ်ချင်တာ မလုပ်ရရင် စိတ်ရှုပ်ကြပြီ။ အနိစ္စသဘောတရားတွေဆိုတာ ဖျောက်ချင်သလောက် ဖျောက်၊ လူသာပျောက်သွားမယ်၊ အနိစ္စသဘော တရားကတော့ မပျောက်ဘူးဟူ၍မှတ်ပါ။

**"အနိစ္စတာ၊ လက္ခဏာကို၊ အာကာမိုးပြင်၊ နေလသွင်သို့၊ အထင်အရှား၊ အမြင်သားလျက်၊ တရားမယူ၊ ရေးမဟူခဲ့"** မဃပိုဒ် (၁၁၀) အနိစ္စလက္ခဏာဆိုတာ၊ ကောင်းကင်၊ နေ၊ လအသွင်လို အထင်အရှား ရှိပါ၏။ မြင်ဖို့သိဖို့ ကောင်းပါ၏။ သို့သော် အလေးတမူ အရေးမယူကြဘူးဟု ဆိုလိုပါ၏။

စားဝတ်နေရေး ဦးစားပေးကြသလို တရားရှာရေး ဦးစားပေးရင် အားလုံးလူတွေကော သတ္တဝါတွေပါ ကျွန်းမာချမ်းသာကြမှာ အမှန်ပါပဲ။ တရားကျ မေ့ထားကြ၊ အနိစ္စကျ မေ့ထားကြတဲ့လူတွေချည်းပဲ။ မရှိတဲ့သူတွေလည်း မေ့၊ ရှိတဲ့သူတွေလည်း မေ့၊ ယောကျ်ားလည်း မေ့၊ မိန်းမလည်း မေ့၊ သေရမှာတော့ သိကြတဲ့သူတွေချည်းပါ။ သို့သော် သေဘို့ကျ ပြင်မထားတဲ့သူက များပါ၏။

ခရီးသွားတော့မယ်၊ ပွဲလမ်းသဘင် သွားတော့မယ်ဆိုရင် မိမိကိုယ်ကို ပြုပြင်လိုက်ကြတာ သုံးဖို့စွဲဖို့ကလည်း



ဘာပြောကောင်းမလဲ၊ လမ်းမှာ စားကြ သောက်ကြတာလည်း မကောင်း မစားတော့ဘူး။ သေခြင်းတရားကိုကျ သတိတောင် ရမည်မထင်ဘူး။ ငါ အနိစ္စလူသားပါလားဆိုတာ သေသာ သေသွားမယ်၊ စက္ကန့်ပိုင်းလေးတောင် အသိ သတိ ဝင်မိကြမှာ မဟုတ်ဘူး။

မနက်မိုးလင်းလာတာနဲ့ ခန္ဓာကို လုပ်ကျွေးမယ်၊ ကျန်တာကို လုပ်ကျွေးမယ် ခန္ဓာကို စစ်ဆေးဘို့ ဘယ်သူမှ သတိမရကြပါဘူး။ ခန္ဓာကို စစ်ဆေးရင်လည်း ရောဂါရှိ မရှိ စစ်ဆေးဖို့ပဲ သိကြမှာ။ ငါ၏ခန္ဓာသည် မြဲတဲ့သဘောရှိလား မမြဲတဲ့သဘောရှိလား၊ ဆင်းရဲတဲ့သဘောရှိလား၊ ချမ်းသာတဲ့သဘောရှိလား၊ ကောင်းတဲ့သဘောရှိလား၊ မကောင်းတဲ့သဘောရှိလား၊ စစ်ဆေးမှုပြုကြတဲ့သူ နည်းပါးကြပါ၏။

စာရေးသူ သတိပေးလိုတာက ခန္ဓာရှိနေတော့ ရှာလည်း ရှာ၊ အချိန်တိုင်းမှာ အသိ သတိလေးကပ်ထားပါဟု အထူး သတိပေးလိုပါ၏။

အိုဘေးနဲ့ အချိန်ပြည့် ဆက်စပ်မှုရှိနေတယ်၊ နာဘေးနဲ့ အချိန်ပြည့် ဆက်စပ်မှုရှိနေတယ်၊ သေဘေးနဲ့ အချိန်ပြည့် ဆက်စပ်မှုရှိနေလို့ပါပဲ။ ကိုယ်ကောင်းမှ သူတစ်ပါးကို ကူညီနိုင်မှာ၊ ကိုယ် မကောင်းတော့ဘူးဆိုရင် သူတပါးဆီက အကူအညီတောင်းကြရပြီ။ လူငယ်တွေပိုပြီး သတိရှိစေချင်ပါ၏။

လူငယ်ဆိုတာ အိုးအိမ်စည်းစိမ်ရှိတာ မဟုတ်ပါဘူး။ မိဘဆရာ မှီနေကြတဲ့သူတွေပါ။ ယနေ့ခေတ် လူငယ်တွေ ပို၍

www.burmeseclassic.com

www.burmeseclassic.com



ကအစ ဈေးကွက်ထဲ ရောက်အောင်ပါပဲ။ သဘာဝသဘော တရားတွေကို ဉာဏ်ရှိသလောက် ဖျောက်ကြဖျက်ဆီးကြပဲ၊ ရ ကော ရကြရဲ့လား ရလည်းခဏပေါ့။ လှချင်ကြတာ ပချင်ကြ တာ ကိလေသာ ဓာတ်သဘော၏ စွမ်းအားတွေပါ။ ဖြစ်ချင် ကြတာ မဖြစ်ရရင် စိတ်ညစ်ကြပြီ၊ လုပ်ချင်တာ မလုပ်ရရင် စိတ်ရှုပ်ကြပြီ။ အနိစ္စသဘောတရားတွေဆိုတာ ဖျောက်ချင်သ လောက် ဖျောက်၊ လူသာပျောက်သွားမယ်၊ အနိစ္စသဘော တရားကတော့ မပျောက်ဘူးဟူ၍ မှတ်ပါ။

**"အနိစ္စတာ၊ လက္ခဏာကို၊ အာကာမိုးပြင်၊ နေလ သွင်သို့၊ အထင်အရှား၊ အမြင်သားလျက်၊ တရားမယူ၊ ရေး မဟူခဲ့"** မဃပိုဒ် (၁၁၀) အနိစ္စလက္ခဏာဆိုတာ၊ ကောင်းကင်၊ နေ၊ လအသွင်လို အထင်အရှား ရှိပါ၏။ မြင်ဖို့သိဖို့ ကောင်း ပါ၏။ သို့သော် အလေးတမူ အရေးမယူကြဘူးဟု ဆိုလိုပါ၏။

စားဝတ်နေရေး ဦးစားပေးကြသလို တရားရှာရေး ဦးစား ပေးရင် အားလုံးလူတွေကော သတ္တဝါတွေပါ ကျန်းမာချမ်းသာ ကြမှာ အမှန်ပါပဲ။ တရားကျ မေ့ထားကြ၊ အနိစ္စကျ မေ့ထား ကြတဲ့လူတွေချည်းပဲ။ မရှိတဲ့သူတွေလည်း မေ့၊ ရှိတဲ့သူတွေ လည်း မေ့၊ ယောကျ်ားလည်း မေ့၊ မိန်းမလည်း မေ့၊ သေရမှာ တော့ သိကြတဲ့သူတွေချည်းပါ။ သို့သော် သေဘို့ကျ ပြင်မထား တဲ့သူက များပါ၏။

ခရီးသွားတော့မယ်၊ ပွဲလမ်းသဘင် သွားတော့မယ် ဆိုရင် မိမိကိုယ်ကို ပြုပြင်လိုက်ကြတာ သုံးဖို့စွဲဖို့ကလည်း



ဘာပြောကောင်းမလဲ၊ လမ်းမှာ စားကြ သောက်ကြတာလည်း မကောင်း မစားတော့ဘူး။ သေခြင်းတရားကိုကျ သတိတောင် ရမည်မထင်ဘူး။ ငါ အနိစ္စလူသားပါလားဆိုတာ သေသာ သေသွားမယ်၊ စက္ကန့်ပိုင်းလေးတောင် အသိ သတိ ဝင်မိကြမှာ မဟုတ်ဘူး။

မနက်မိုးလင်းလာတာနဲ့ ခန္ဓာကို လုပ်ကျွေးမယ်၊ ကျန် တာကို လုပ်ကျွေးမယ် ခန္ဓာကို စစ်ဆေးဘို့ ဘယ်သူမှ သတိ မရကြပါဘူး။ ခန္ဓာကို စစ်ဆေးရင်လည်း ရောဂါရှိ မရှိ စစ်ဆေး ဖို့ပဲ သိကြမှာ။ ငါ၏ခန္ဓာသည် မြဲတဲ့သဘောရှိလား မမြဲတဲ့ သဘောရှိလား၊ ဆင်းရဲတဲ့သဘောရှိလား၊ ချမ်းသာတဲ့သဘော ရှိလား၊ ကောင်းတဲ့သဘောရှိလား၊ မကောင်းတဲ့သဘောရှိ လား၊ စစ်ဆေးမှုပြုကြတဲ့သူ နည်းပါးကြပါ၏။

စာရေးသူ သတိပေးလိုတာက ခန္ဓာရှိနေတော့ ရှာ လည်း ရှာ၊ အချိန်တိုင်းမှာ အသိ သတိလေးကပ်ထားပါဟု အထူး သတိပေးလိုပါ၏။

အိုဘေးနဲ့ အချိန်ပြည့် ဆက်စပ်မှုရှိနေတယ်၊ နာဘေးနဲ့ အချိန်ပြည့် ဆက်စပ်မှုရှိနေတယ်၊ သေဘေးနဲ့ အချိန်ပြည့် ဆက်စပ်မှုရှိနေလို့ပါပဲ။ ကိုယ်ကောင်းမှ သူတစ်ပါးကို ကူညီနိုင် မှာ၊ ကိုယ် မကောင်းတော့ဘူးဆိုရင် သူတပါးဆီက အကူအညီ တောင်းကြရပြီ။ လူငယ်တွေပိုပြီး သတိရှိစေချင်ပါ၏။

လူငယ်ဆိုတာ အိုးအိမ်စည်းစိမ်ရှိတာ မဟုတ်ပါဘူး။ မိဘဆရာ မှီနေကြတဲ့သူတွေပါ။ ယနေ့ခေတ် လူငယ်တွေ ပို၍

www.burmeseclassic.com

www.burmeseclassic.com



ဆိုးပါ၏။ မိဘကို မှီနေပေမဲ့ မိဘကို အကူအညီမပေးချင်ဘူး။ ဆရာကို မှီနေပေမဲ့ ဆရာကို အကူအညီမပေးချင်ဘူး၊ အကူအညီဆိုတာ လူတိုင်း ကြီးကြီးငယ်ငယ် လိုအပ်တဲ့သူတွေပါ။ ကိုယ့်ကူညီရင် သူ့ကိုလည်း ပြန်ပြီးကူညီရမယ်။ ကိုယ့်စောင့်ရှောက်ရင် သူ့ကိုလည်း ပြန်ပြီး စောင့်ရှောက်ရမယ်။ ဒါဟာသဘာဝ အကျဆုံးပဲ။ ကိုယ်လိုအပ်ရင် တစ်မျိုး၊ သူ အကုအညီတောင်းရင် တစ်မျိုး၊ ဒါဟာ မရိုးသားတဲ့သဘောပါ။ လောကမှာရိုးတဲ့သူက ခပ်ရှားရှား၊ ယုတ်တဲ့သူက ခပ်များများပဲ၊ သိရင်အသာလိုချင်ကြတာ။ မရှိရင် အနာမခံချင်ဘူး။ အတ္တစိတ်လွန်ကဲလျှင် ကြည့်တာမြင်တာကိုက ကိုယ့်ဘက်ကပဲ သူ့ဘက်ဆိုတာမရှိတော့ဘူး။ တရားဝေးရင် မတရားတဲ့ဘေးတွေကမိမိကို ဒုက္ခပေးနိုင်ပါ၏။

သတ္တဝါတွေဟာ ရုပ်သေးတွေလိုပါပဲ၊ အာရုံငါးပါးကြိုးဆွဲရာ ကနေကြရတဲ့သူတွေပါ။ တနေ့တင် မဟုတ်ပါဘူး။ နေ့စဉ်နှင့်အမျှ သေတဲ့ထိအောင်ပါပဲ။ သို့သော် မိမိတို့ယ်ကိုဘဝရုပ်သေးဖြစ်နေကြပါလားဟု သိသူက ခပ်ရှားရှား၍၊ မသိသူက ခပ်များများပါဟု စာရေးသူ မှတ်ချက်ပြုလိုပါ၏၊ အနိစ္စလူသားဟုပြောရင် မလွဲသလို၊ ဘဝရုပ်သေးဟု အမည်ပေးလျှင်လက်ခံနိုင်ကြမှာပါ။

**"မြတ်ယုတ်မျိုးနွယ်၊ ကြီးငယ်ပုရွ၊ လူထို့ကား၊ နေ့ညမခြား၊ အားပါးထုတ်မှု၊ ဆည်းပူးပြုသည့်၊ ပေါင်းစုရာရာ၊ ထိုဥစ္စာကား၊ စားကာသောက်တုံ၊ ကြံပုံဖျက်ရှုံး၊**



**ကုန်ခြင်းဆုံး၏"** မယပိုဒ်(၁၀၆) ပစ္စည်းရှိသူ၊ မရှိသူ ကြီးကြီးငယ်ငယ် ပုပုရွရွ ဆိုက်စုံလူများ နေ့မအား ညမနား ရှာဖွေကြပါသော်လည်း စားကာသောက်ကာ အကြံထုတ်ကာနဲ့ပဲ ပျက်စီးဆုံးရှုံးကုန်ကြသည်ဟု ဆိုလိုပါ၏။

လောကအမြင်အားဖြင့်ကြည့်လျှင် ယနေ့ခေတ်မှာ ကြီးသူရော ငယ်သူပါမကျန် ရှာကြဖွေကြပါပဲ။ ရှိလည်းမလောက်၊ ရှာလည်းမလောက်၊ ဒီလိုနဲ့ပဲ တစ်ဘဝ,တစ်ဘဝ ခဝါချသွားကြတဲ့သူတွေ အများကြီးပါ၊ သာသနာနဲ့ကြုံခိုက် သာသနာတော်ရဲ့ကျေးဇူး၊ သာသနာ၏မေတ္တာ၊ သိရှိခံစားခွင့်ရကြတဲ့သူ နဲနဲပါးပါးပါပဲ၊ အနိစ္စကို ဘာနဲ့ရှာရမလဲ ။

**သဗ္ဗေ သင်္ခါရာ အနိစ္စာ ယဒါ ပညာယ ပဿတိ**။ ဓမ္မပဒပုဒ် (၂၇၇) အလုံးစုံသော သင်္ခါရတရားမှန်သမျှ မမြဲကြကုန်ဟု ဝိပဿနာဉာဏ်ပညာဖြင့် မြင်တတ်ကြကုန်၏ဟု ဟောတော်မူထားပါ၏။ အနိစ္စက လွယ်လွယ်နဲ့ မြင်ရမည့် သဘောမရှိဘူး။ ပညာယဆိုတဲ့ပုဒ်က ပြနေတယ်။ ဝိပဿနာဉာဏ်ပညာဖြင့်လို့ ဆိုထားပါ၏။ ဝိပဿနာပညာ ဝိပဿနာအသိဆည်းပူးနိုင် အားထုတ်နိုင်မှ မြင်နိုင် သိနိုင်မည်ဖြစ်၏။

ဗုဒ္ဓ၏တရားတော်တွေက သာမန်လူများ သိနိုင်မြင်နိုင်ဖို့ မလွယ်ကူပါဘူး။ လောကီအလုပ်တောင် သာမန်ဖွဲ့ သာမန်လုံ့လ ဝီရိယနဲ့ မလွယ်ကူပါ။ မယုံရင် စမ်းကြည့်နိုင်ပါ၏၊ ဗုဒ္ဓကိုပဲကြည့်လေ ဘဝပေါင်းများစွာ အပင်ပန်းခံ အနစ်နာခံ ဒုက္ခခံပြီးမှ ဗုဒ္ဓ၏ဘဝ ရခဲ့တာ ရောက်ခဲ့တာမို့လား။

www.burmeseclassic.com

www.burmeseclassic.com



ယခုခေတ်လူတွေ ကိုယ်စားဖို့လုပ်တာတောင် အမလေး ပင်ပန်းလိုက်တာ၊ ဟိုက ကိုက်လိုက်တာ ဒီက နာလိုက်တာ၊ နေပူလိုက်တာစသည် ငြီးတွားကြပါ၏။ ဘယ်လိုလုပ်ပြီး သူတော်ကောင်း သူမြတ်လောင်းအဆင့် ကူးနိုင်ကြတော့မှာလဲ။

သူတော်ကောင်း သူမြတ်လောင်းဆိုတာလဲ သာမန်အဆင့်ကနေ အသိဉာဏ်ကွန့်ပြီး တဖြည်းတဖြည်း ရကြရောက်ကြတာပါ။ ယနေ့ခေတ်လူတွေက သာမန်အဆင့်ကနေ တက်ဖို့ မမြင်လို့ ပြောရခြင်းဖြစ်ပါ၏။ သာမန်ဘဝကိုပဲ သာယာပျော်ရွှင်နေရင်တော့ မပြောတတ်တော့ဘူးလေ။

**သဗ္ဗေ သင်္ခါရာ ဒုက္ခာ၊ သဗ္ဗေ သင်္ခါရာ အနတ္တာ၊ ယဒါ ပညာယ ပဿတိ**။ ဒါလေးတွေ ဆင်ခြင်မိရင်ကိုပဲ တော်တော် အကျိုးရှိမှာ။

ဗုဒ္ဓရော ဗုဒ္ဓ၏တရားတော်တွေရော အားကိုးလောက်တဲ့ စွမ်းရည်ရှိပါ၏။ ဘုရားစာ တရားစာဆိုရင် ကြောက်ကြပြီ။ ဘုရားစာဆို မဖတ်ချင်ကြတော့ဘူး။ တရားစာဆို မကြည့်ချင်ကြတော့ဘူး။ မအားကြတော့ဘူး။ ဘဝရုပ်သေးဆိုတော့ ဘဝပေးအလုပ်ကိုပဲ လုပ်ချင်ကြတာတွေများပါ၏။

**"အတွေ့ခံစား၊ အောက်ရပ်သားတို့၊ ကျွဲနွားသိုးဆိတ်၊ အဟိတ်ပမာ၊ ဆိုးယုတ်မာခဲ့၊ ဟီနာစာရ၊ လေ့လာကြ၍၊ တပ်လောဘစိတ်၊ မောဟဟိတ်နှင့်၊ ပိတ်မှုမသိ၊ ညစ်ညှုးဘိ၏"** မဃပိုဒ် (၁၀၈) အပါယ်ဘုံ အပါယ်သားများဖြစ်တဲ့ ကျွဲ



နွား၊ သိုး၊ ဆိတ် စသည်များ အတွေ့ခံစားကြသလို ယုတ်မာသောစိတ် ယုတ်မာသောအကျင့် အလေ့အလာများကြပြီး လောဘက ကြီး၊ မသိမှုက များ၊ ငြီးငြူရတဲ့ အဖြစ်အပျက်တွေက ပွားများကြ၏ဟုဆိုလိုပါ၏။

ခေတ်အနေနဲ့ကြည့်ရင် ဆရာတော်ကြီးတွေ ရေးသားသွားတာ မှားတာတစ်ခုမှ မတွေ့ရဘူး။ အားကိုးလောက်စရာ မှီခိုလောက်စရာပါပဲ။ ပစ္စည်းဥစ္စာဆိုတာ ဘုံဆိုင်ပါ၊ ထိုက်သူစံရမည်။ ဒါန၊ သီလ၊ ဘာဝနာဆိုတာ ကိုယ်ပိုင်ပါ၊ သွားရာပါလိမ့်မည်။ ပေါရာဏဆရာတို့ ရေးစပ်သွားခဲ့ပါ၏။

လူတွေက ပစ္စည်းဥစ္စာဆို ကိုယ်ပိုင်ထင်နေကြတာ များပါ၏။ ဒါန၊ သီလ၊ ဘာဝနာ ကိုယ်နဲ့မဆိုင်ဟု ထင်နေကြတာများပါ၏။

**အသာရေ သာရမတိနော၊**
**သာရေ စာသာရဒဿိနော။**
**တေ သာရံ နာဓိဂစ္ဆန္တိ၊**
**မိစ္ဆာသင်္ကပ္ပဂေါစရာ။** [ဓမ္မပဒ-၁၁]

**အဓိပ္ပါယ်အကျဉ်းချုပ်-**

အနှစ်မရှိတဲ့အရာကို အနှစ်ရှိတယ်လို့ ထင်နေကြ၏။ အနှစ်ရှိသောအရာကို အနှစ်မရှိဟု ထင်နေကြ၏၊ မှားယွင်းတဲ့အမြင် မှားယွင်းတဲ့ အယူရှိကြကုန်သော သူတို့သည် သီလစသော အနှစ်သာရကို ဒီဘဝရကြတော့မှာ မဟုတ်တော့ဘူးဟု

www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုပါ၏။

သာမန်စိတ်ဓာတ် သာမန်အဆင့် သာမန်ဘဝက လွတ်မြောက်ကြမှာ မဟုတ်ပါဘူး။ ဆိုလိုတာက လူတိုင်း ကောင်းတာဆို လိုချင်တဲ့သူချည်းပါပဲ။ ကောင်းတာလုပ်ဖို့ ကုသိုလ်လုပ်ဖို့ ကူညီဖို့ အနစ်နာခံဖို့ကြတော့ အင်ကုန်ကြပြီ၊ သဘာဝမကျတာကို မြင်စေသိစေချင်လို့ပါ။ သဘာဝဆိုတာ သဘာဝအတိုင်းပဲဖြစ်မှာ။

ဒကာမကြီးတစ်ယောက် လျှောက်ထားတယ်။ အရှင်ဘုရား-- တချို့အသက် (၂၀)လောက်အရွယ်ကို လေဖြတ်ကြတယ်ဘုရားတဲ့။

ဒကာမကြီး- လူငယ်တွေက သာယာစိတ် လှပလိုစိတ်တွေက အားကြီးလွန်းတယ်။ ဆင်ခြင်မှုနည်းပါးတယ်။ အပြင်သွားတော့မယ်ဆို ရေချိုးချင်ကြတာ။ မိမိခန္ဓာက လက်ခံနိုင်သလား မခံနိုင်သလားဆိုတာ မစဉ်းစားတော့ဘူး။ သင့် မသင့် မချင့်ချိန်ကြဘူးပေါ့၊ လုပ်ချင်သလိုလုပ်တော့ ဖြစ်ချင်သလို ဖြစ်သွားတဲ့သဘောပါဟု စာရေးသူမှ ရှင်းပြလိုက်ပါ၏။

နေထိုင်စားသောက်သွားလာ ပြောဆိုနေကြတာကိုက သေမင်း ကြားမှာပါ။ သေမင်းဆိုတာ မိမိခန္ဓာကို တင်စား၍ ခေါ်ဝေါ်ခြင်းဖြစ်၏။ အတွင်းအန္တရာယ်နဲ့ အပြင်အန္တရာယ်၊ အတွင်းအန္တရာယ် ဒုက္ခပေးလာရင် ဘယ်ပြေးပြေး မလွတ်တော့ဘူး။



ဥပမာ- အတွင်းသူခိုးနဲ့ အပြင်သူခိုး၊ ဘယ်က ပိုကြောက်စရာကောင်းလဲ၊ စဉ်းစားကြည့်ရင် အတွင်းသူခိုး အတွင်းလူက ပို၍ကြောက်စရာကောင်းပါ၏ဟု အားလုံးအဖြေထုတ်ကြမည် ဖြစ်၏။ သေမင်းဆိုတာ မိမိ၏ခန္ဓာပါပဲ။ အပြင်ရှာ အပြင်ကြည့်နေလို့ မိမိခန္ဓာကိုယ် အဖြစ်အပျက် သဘော သဘာဝ မြင်ရမှာ မဟုတ်ဘူး။ အတူတူနေ၊ အတူတူစား၊ အတူတူသွား၊ အတူတူပျော်နေတာ ဒီမင်းသုံးပါးနဲ့ပါပဲ။ သေချာကြည့်ပါ စဉ်းစားကြည့်ပါ။ အနိစ္စကို အနိစ္စလို့ မမြင်နိုင်တာ မိမိခန္ဓာတွင်းမှာရှိနေတဲ့ ကိလေသာဆိုးများကြောင့် ဖြစ်၏။ အသက်အရွယ်ရလာလေ ကိလေသာကလည်း သေးမသွားဘူး ကြီးလိုက်လာလေပဲ။ ဒီကိလေသာများကို ဖယ်ရှားနိုင်မှ အနိစ္စလူသား၊ အနိစ္စခန္ဓာ၊ လက်ခံယုံကြည်လာကြမည် ဖြစ်၏။ သတိထား၍ ကြိုးစားကြပါဟု ပြောကြားရင်း **"အနိစ္စလူသား"** ဆောင်းပါးကို အဆုံးသတ်လိုက်ပါသတည်း။

■

www.burmeseclassic.com

www.burmeseclassic.com

## အကြံအမြင်နှင့် အမှန်အကန်

၁။ မုသာဝါဒ - လိမ်ညာပြောဆိုခြင်းသဘော

၂။ ပိသုဏဝါစာ - ကုန်းတိုက်, ကုန်းထိုးခြင်းသဘော

၃။ ဖရုသဝါစာ - အာကြမ်းလျှာကြမ်း ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောဆိုခြင်းသဘော

၄။ သမ္ဖပ္ပလာပ - အကျိုးမရှိသောစကား (ဥပမာ) ဇာတ်ကားကြည့်ပြီး ဇာတ်ကားကြောင်း ပြောဆိုခြင်း စသည်တို့ကို ဆိုလိုသည်။

ဖော်ပြပါ စကားရပ်တို့သည် ဝစီကံ(၄)ပါးဟု ပါဠိလို ရှင်တော်ဗုဒ္ဓ ဟောကြားခြင်း ဖြစ်၏။ ပါဠိ၏ သဘောသွားများပါ သိလွယ်အောင် ခေတ်အားလျော်စွာ မြန်မာပြန်၍ တိုက်ဆိုင်ထားခြင်း ဖြစ်ပါသည်။

**မိစ္ဆာ ပဿတီတိ မိစ္ဆာဒိဋ္ဌိ။**

အင်္ဂုတ္တိုရ်-နှာ ၁၄၄၊ ၂၉၀၊ ၂၉၄တို့၌ မြတ်ဗုဒ္ဓသည် အကျယ်တဝင့် ဟောကြားထားသည်ကို တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်ပြန်ကြည့်ရင် မှားသောအမြင် မှားသောအယူဟု သဒ္ဒါစာပေအရ မြန်မာပြန်ကြသော်လည်း ခေတ်စကားလုံးများနှင့် မြန်မာပြန်ကြည့်ရင် လိမ်ညာခြင်း၊ အကြံအဖန်ထုခြင်း၊ ခွင်(ဂွင်)ရှာခြင်းသည်ပင် ပါဠိလို မိစ္ဆာဒိဋ္ဌိဟု ခေါ်ပါသည်။

## မိစ္ဆာဒိဋ္ဌိ၏ အမှတ်အသားလေးမျိုး

၁။ အယောနိသော အဘိနိဝေသလက္ခဏာ- မသင့်မတင့်သော အကြောင်းကြောင့် မမှန်သော မှားသောအားဖြင့် နှလုံးသွင်းခြင်း။

၂။ ပရာမာသရသာ- အမှားကို အမှန်၊ အမှန်ကို အမှားသဘောထား၍ သုံးသပ်ဆင်ခြင်လေ့ရှိခြင်း။

၃။ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ - သဘောမှန်ကို ဖောက်ပြန်၍ ယူသောအားဖြင့် အမှားကို နှလုံးသွင်းခြင်းလျှင် ဉာဏ်အားရှေ့ရှုထင်ခြင်း။

၄။ အရိယာနံ အဒဿနကာမတာဒိပဒဋ္ဌာနာ- ဘုရားအစရှိသော အရိယာသူတော်ကောင်းများကို မဖူးမြင်လို မတွေ့လိုခြင်းစသည်လျှင် နီးစွာသော အကြောင်းရှိခြင်း၊ မိစ္ဆာဒိဋ္ဌိစိတ်ဝယ်ရှိသူ၏သန္တာန်၌ ဖော်ပြပါလက္ခဏာ ၄-ပါးသည် အလိုလိုဖြစ်နေ ပြည့်စုံနေတော့၏။

**"ပရမံ ဝဇ္ဇန္တိ ဒဋ္ဌွာ"**ဟု ဒေသနာ လာသည့်အတိုင်း မိစ္ဆာဒိဋ္ဌိအမြင်ရှိသူသည် မကောင်းမှု အကုသိုလ်အပြစ်



တို့သည် တစ်နေ့တစ်ခြား အလွန်များကုန် တိုးပွားကုန်၏ဟု မှတ်သင့်ပေသည်။

## အမှားများစွာ ဒိဋ္ဌိသာ

အမြင်အားဖြင့် မှားခြင်း၊ အတွေးအားဖြင့် မှားခြင်း၊ အကြံအားဖြင့် မှားခြင်း၊ အယူအဆအားဖြင့် မှားခြင်းဆိုတဲ့ သဘောတရားများ မိမိစိတ်မှာ ဖြစ်ပေါ်နေလျှင် အပြောအဆို၊ အလုပ်အကိုင်များလည်း မမှန်နိုင်တော့ပါ။ အဲဒါသည်ပင် ပါဠိစကားအရ 'မိစ္ဆာဒိဋ္ဌိ'ဟု ခေါ်လေသည်။

စားဝတ်နေရေး အဆင်ပြေအောင် လုပ်ဆောင်နေကြတာ ကြည့်မယ်ဆိုရင် ရှာဖွေလုပ်ကိုင်နေကြတာလည်း အမှန်အကန်က နည်းကြပါတယ်။ အကြံအဖန်က များကြပါတယ်။ စကားပြောတာကအစ မုသားပါမှ ချိုကြတယ် မဟုတ်လား။

ရိုးသားမှုစိတ်ဓါတ်၊ မှန်ကန်မှုစိတ်ဓာတ်တွေဟာ ရှိတော့ရှိတယ်၊ ရှားကုန်ပြီဟု စာရေးသူ ဆိုချင်ပါသည်။

ဒီရိုးသားမှု၊ မှန်ကန်မှု နည်းပါးခြင်းကို ထောက်ဆသောအားဖြင့် မရိုးသားခြင်း၊ မမှန်ကန်ခြင်းက များနေပြီဆိုတာ အပြန်အားဖြင့်ကြည့်ရင် သိနိုင်မြင်နိုင်ကြပါလိမ့်မည်။ ဒီမရိုးသားခြင်း၊ မမှန်ကန်ခြင်းသည်ပင် အကြံအဖန်ထုခြင်း၊ လိမ်ညာခြင်း၊ ဂွင်ရိုက်ခြင်းဘဲ မဟုတ်ပါလား။ ဒီအကြံအဖန်များနေသူ၏ သန္တာန်မှာ သစ္စာ(အမှန်အကန်)၊ စေတနာတို့ဆိုတာ အသိုလို ပါးထွက်နေပြီဟု ဉာဏ်ဖြင့်ရှုလျှင် သိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူတိုင်းလူတိုင်းဟာ အမြောက်ကြိုက်ကြသလို၊ နေရာတိုင်းမှာလည်း အောက်ဆိုက်ဆိုတာ ရှိနေကြတယ်။ ဒါ. . . ဘာကြောင့်လဲဆိုရင် မသိမသာ လောဘဇောက မိမိသန္တာန်မှာ ဝင်ရောက်နေတာပဲ မဟုတ်ပါလား။

အကြံအဖန်က ဆိုဒ်စုံ,နေရာစုံ ရောက်နေပြီဆိုတော့ အမှန်အကန်ကလည်း ဆိုဒ်စုံ,နေရာစုံ ပျောက်ကွယ်နေပြီဆိုတာ သတိမထား အသိဉာဏ်ပါးသူတို့ မြင်နိုင်ကြလိမ့်မည် မဟုတ်ပါ။ တချို့တွေ့ရတာတွေက အဆင်ပြေအောင်ဆိုပြီး ကောင်းကောင်း ဆိုးဆိုး ရောနှောသမှု ပြုကြတာတွေ့ရပါတယ်။ ဘယ်လို ပေါင်းပေါင်း အမြဲတမ်း အဆင်မပြေနိုင်ပါဘူး။

ဘာကြောင့်လဲဆိုရင် သက်ရှိသက်မဲ့တိုင်းဟာ ပျက်စီးခြင်းသဘော၊ ပြုပြင်ပေးနေရခြင်းသဘော ရှိနေသောကြောင့် ဟု စာရေးသူ ဆိုချင်ပါသည်။

**သမ္ဘာ ကရိယတီတိ သင်္ခတော။ သံကရိယတီတိ သင်္ခါရော**-ဟု ရှင်တော်ဗုဒ္ဓ မိန့်ဟတော်မူခဲ့ပါသည်။ သင်္ခတနှင့် သင်္ခါရတို့သည် သဒ္ဒါစာပေအရ ကွဲပြားကြသော်လည်း အနက်အဓိပ္ပါယ်အားဖြင့် တူကြပါသည်။ ကောင်းစွာပြုပြင် ပေးအပ်သောကြောင့် သင်္ခတ(တစ်နည်း) သင်္ခါရဟု ခေါ်ပါသည်။

မိမိခန္ဓာကိုယ်ကို ကြည့်လိုက်ပါ၊ အဝတ်အမျိုးမျိုး ဆင်ပေးရ၊ အစားအမျိုးမျိုး မရိုးအောင် ကျွေးပါသော်လည်း အို, နာ, သေတည်းဟူသော သူ့သဘောသာလျှင် သူကတော့ အမြဲတမ်း တာဝန်ကျေအောင် ထမ်းဆောင်နေတာပဲ မဟုတ်လား။



ရှင်တော်ဗုဒ္ဓသည် ဓမ္မပဒပါဠိတော် ပုဒ်ရေ၂၀၁-မှာ **“နတ္ထိ ခန္ဓသမာ ဒုက္ခာ”**လို့ ဟောတော်မူခဲ့ပါသည်။

အဓိပ္ပါယ်ကတော့ ခန္ဓာနှင့်တူသော ဆင်းရဲမည်သည် မရှိတဲ့။ ဟုတ်, မဟုတ် မိမိခန္ဓာကိုယ်ကို ဉာဏ်နှင့် စစ်တမ်းထုတ်ကြည့်ပါ။ တစ်နည်းလှည့်ပြီး စဉ်းစားကြည့်မယ်ဆိုရင် ဟိုဟာ ငါ့ဟာ၊ ဒီဟာ ငါ့ဟာ၊ ဟိုဟာ ငါ့ပစ္စည်း၊ ဒီဟာ ငါ့ပစ္စည်း၊ ဟုတ်လည်း ဟုတ်ပါတယ်၊ ပြောလို့လည်း ရပါတယ်၊ မိမိ၏ ခန္ဓာဟာ ငါ့ဟာလား ငါ့ပစ္စည်းလား ငါဖြစ်ချင်သလို ပြုပြင်လို့ ရရဲ့လား။

စဉ်းစားမယ်ဆိုရင် ငါ့ဟာမဟုတ်သော ခန္ဓာနှင့် ကျန်သော သက်ရှိသက်မဲ့ ပစ္စည်းဥစ္စာတွေကို ငါ့ဟာလုပ်နေကြတာ တွေ့ရပါလိမ့်မည်။ လူတွေက ခေတ်အားလျော်စွာ ခေတ်အားလျော်စွာဟု ဆင်ခြေများတတ်ကြပါသည်။ ဒီခေတ် ဒီကာလသည် ကောင်းကျိုးဆီသို့ ပို့ဆောင်နေသလား။ ဆိုးကျိုးဆီသို့ ပို့ဆောင်နေသလား၊ မစဉ်းစားမိသူက များပါတယ်။

အမှန်ကို အမှန်အတိုင်း မမြင်လေ၊ အကြံအဖန် လုပ်ချင်လေ ဖြစ်တတ်ပါသည်။ ဒီအကြံအဖန်က မိမိအတွက် အဆင်ပြေနေရင် နောက်တစ်ခါ နောက်တစ်ခါ လုပ်ရင်းလုပ်ရင်း မြုပ်သွားကြတာ ဘယ်သူမှ မသိသလို မိမိလည်း သိမည်မဟုတ်ပေ။

လူတွေဟာ အမှန်အကန်လုပ်ခြင်း၊ ပြောခြင်း၊ ကြံစည်ခြင်း၊ တွေးခေါ်ခြင်း နည်းပါးကြသည်။ အကြောင်းရှာသော် စီးပွားဥစ္စာချို့တဲ့ခြင်းကြောင့်လည်းကောင်း၊ သုံးဆောင်စားလို

www.burmeseclassic.com

www.burmeseclassic.com



ခြင်း လောဘကြောင့်လည်းကောင်း၊ ကောင်းမှု, ဆိုးမှု မသိခြင်းကြောင့်လည်းကောင်း၊ အလွဲအမှားဆီသို့ ဆွဲခေါ်ခြင်း ခံကြရသည်။

တစ်နည်းစဉ်းစားကြည့်လျှင် တရားသောနည်းလမ်းဖြင့် ရခြင်း၊ မတရားသောနည်းလမ်းဖြင့် ရခြင်း၊ ယူသင့် မယူသင့် ထိုးထွင်း၍ မသိနိုင်သောကြောင့်လည်းကောင်း၊ ငါရဖို့ ငါအဆင်ပြေဖို့ဟု ဆိုအပ်သော ဖို့တစ်ဖို့သာ ကြည့်တတ်သောကြောင့်လည်းကောင်း ခေတ်စကားအရ ဂွင်သမား၏သန္တာန်၌ သစ္စာ (အမှန်အကန်)သည် တည်နိုင်စွမ်းမရှိတော့ပေ။

မဟုတ်တာ, မမှန်တာ မလုပ်နိုင် မပြောနိုင်ဟူသော စကားသည် ပါဠိလို သစ္စာ၊ မြန်မာလို အမှန်အကန်ဟူသော သဘောကို ပြနေခြင်း ဖြစ်သည်။ အမှန်အကန်ကို လိုလားနှစ်သက်သော စိတ်ရှိသူသည် မှန်တာကို လုပ်ရဲ၊ မှန်တာကို ပြောရဲသော သဘောတရားများသာ အလိုလို ထိုသူ၏သန္တာန်၌ လိုက်ပါသွားတော့သည်။ ဤကား မနောပုဗ္ဗင်္ဂမာဓမ္မာ၊ မနော-သေဋ္ဌာ၊ မနောမယာ အစချီသော သာသနာတော်ကို ထောက်ဆ၍ ဆိုလိုက်ပါသည်။

အကြံအဖန်နှင့် အမှန်အကန်သည် ဆန့်ကျင်ဘက်သဘောများ ဖြစ်၏။ အကြံအဖန်နှင့် ခွင်ရိုက်ခြင်းသည် မှားသောလမ်း၊ ဆိုးညစ်သောလမ်း၊ အမှောင်လမ်းသို့ လိုက်နေခြင်းသဘော ရှိ၏။ အကုသိုလ်တရားများ တိုးပွားနေခြင်း ဖြစ်၏။



အမှန်အကန် ကြံစည်ပြောဆို လုပ်ကိုင်ခြင်းသည် ကောင်းသောလမ်း၊ အမှန်လမ်းသို့ သွားနေခြင်းသဘောရှိ၏။ ကုသိုလ်တရားများ တိုးပွားနေခြင်း၊ တိုးပွားအောင် ကြိုးစားနေသူများဖြစ်၏ဟု တထစ်ချ မှတ်ယူပါ။ အမှန်အကန်လမ်းသို့ မြန်မြန်လေး လိုက်နိုင်ကြပါစေကုန်သတည်း။

## အသိဉာဏ်လင်းစေဖို့

ငယ်သောသူတို့သည် အဝိဇ္ဇာခေတ် မကင်းလတ်၍ ကြောင်းကျိုးမမြင် ဆင်ခြင်မရှိ မိုက်ကြလေကုန်၏။ မိုက်ပြန်လျှင်လည်း ကောင်းသည်၊ ပျော်သည်ဟု မှတ်ထင်ကြသည်။ အမှန်ကို ဖျက်ဆီးလျက် ရှိပေသည်။

လူငယ်များသည် ရုပ်တရား၏ ပြောင်းလဲပြုပြင်မှုကို မမြင်၊ စိမ်း, ဖြူ, ဝါ, ပြာစသော အရောင်တို့သည် အသိမရှိ သတိမမူသော လူငယ်များကို မြှောက်ထိုးပင့်ကော်၊ ပျော်ချင်အောင် ပျက်ချင်အောင် လုပ်ပေးနေကြသည်။

မိန်းမ၏အမူအရာ၊ ယောကျ်ား၏ဟန်ပန်များသည် အပြန်အလှန် ထင်ယောင်ထင်မှား စိတ်ကစားစေလျက် သွေးပျက် သားပျက်ဖြစ်အောင် ထိုးနှက်လေကြ၏။

အသိမပွား သတိမထားနိုင်သော လူငယ်များသည် သက်ရှိသက်မဲ့အာရုံ အဖုံဖုံကြောင့် မိဂုဏ်၊ ဖဂုဏ်၊ ဆရာ့ဂုဏ်ကို အသိမကြွယ်သေး၍ မျက်ကွယ်ပြုကာ မိုက်ချင်တိုင်းမိုက်၍ မှားချင်တိုင်းမှားနေကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအပြုအမူများသည် အပါယ်လမ်းကို ဖြောင့်တန်းစေပါသည်။ လူ့ပြည်နတ်ရပ် အထပ်ထပ်သို့ ရောက်စေနိုင်သောလမ်းကို မှေးမှိန်စေသည်။ အသက်အရွယ်ကြီးပြင်းလာမှ ရသော နောင်တသည် ဆက်၍မရသော ကျောက်ဖျာ၊ ကြေမွသော ဖန်ခွက်၊ အဆံမထွက်သော စပါးကဲ့သို့ အလကားဖြစ်သွားလေပြီ။ ဘဝတစ်ခုသည် အချိန်ကို အရေးထားလေးစားဖို့ လိုပါသည်။

တစ်နည်းပြောရသော် အချိန်သည် စည်းကမ်းတစ်ခုဖြစ်၏။ စည်းကမ်းရှိမှ နည်းလမ်းသည် ဖြစ်ပေါ်လာနိုင်၏။ စည်းကမ်း, နည်းလမ်းတို့သည်လည်း စည်းကမ်းနည်းလမ်းရှိသော မိဘ၊ ဆရာသမားတို့နှင့် ပေါင်းဆုံဖို့ အလွန့်အလွန့် အရေးကြီးပါသည်။ ထို့ထက် အရေးကြီးသည်ကား မိမိ၏ ပင်ကိုယ်ဉာဏ်နှင့် ဓာတ်ခံပေတည်း။ **ပါရမီနကို မရှိဆိုက၊ ကုသိုလ်စရိုက်၊ မဟောထိုက်တည့်** (မဃ)ကို ထောက်ဆသိနိုင်ပါသည်။

ဥပမာ- သစ်ပင်တစ်ပင်သည် သီးချိန်တန်က သီးမှကောင်း၏။ ပွင့်ချိန်တန်လျှင်လည်း ပွင့်ပေါ်လာမှ ကောင်း၏။ သဘာဝကျ၏။

ဥပမေယျ- ထို့အတူ လူငယ်တို့သည် အသိဉာဏ် ရသင့်သောအချိန်၌ ရမှကောင်း၏။ ချမ်းသာ၏။ အသိဉာဏ်ရသင့်သော အချိန်၌ မရလျှင်ကား မကောင်းတော့ မတတ်တော့၊ မသိတော့။



ထို့ကြောင့် ဗုဒ္ဓသည် **"အန္ဓိဘူတော အယံ လောကော"** ဟု ဓမ္မပဒ၌ ဟောတော်မူ၏။

ဘာမှ မသိသူတို့သည် အသိဉာဏ်ရှိသူတို့ကို မှီဝဲသင့်ဆည်းကပ်သင့်ပါ၏။ ထိုသို့ မှီဝဲခွင့်၊ ဆည်းကပ်ခွင့်မရခဲ့သော် မာန-ဒိဋ္ဌိစသော တရားတို့၏ နင်းချေ ဖျက်ဆီးခြင်းကို ခံရလိမ့်မည်။ ဘဝသည် ကြီးလေစီးလေ ဖြစ်၏။ လောကနှင့် တွေ့ထိလေ အထိနာလေ အသုံးမဝင်လေ ဖြစ်တတ်၏။ ဤကား မိမိ၏ အမှားပင်တည်း။

ရတုန်းကြုံကြိုက်၊ လူဖြစ်ခိုက်မှာ ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာတရားကို သိပါ, ရပါမှ လူဖြစ်တော်မည်။ လူဖြစ်ရကျိုးနပ်မည်။ ပေါ့ပေါ့နေ ပေါ့ပေါ့စားလျှင်ကား လူကြီးသော်လည်း အချိန်မစီး ဖြစ်တတ်သည်။ (အသုံးမဝင်သူဟုဆိုလိုသည်)

ဘဝသည် အနာခံမှ အဓိပ္ပါယ်ရှိ၏။ အသာစံရုံကား တစ်ခဏသာ ဖြစ်မည်။ အနာခံမှ တစ်သံသရာလုံးအတွက် ကောင်းကျိုးရှိမည်။ ဘဝဟူသည် အဓိပ္ပါယ်အမျိုးမျိုး ပြသော်လည်း စာရေးသူသည် ရုန်းကန်ခြင်းအဓိပ္ပါယ်ကို အကြိုက်ဆုံး အနှစ်သက်ဆုံးဖြစ်၏။

ရှင်းလင်းအံ့၊ သံသရာမှာ ကျင်လည်သူများသည် အခြေအနေအလိုက် ရုန်းကန်သွားလာ လှုပ်ရှားနေကြရသည်။ မဂ်ဖိုလ်ရမှ၊ ရောက်မှ ရုန်းကန်ခြင်းတို့သည် ပြီးဆုံးမှာ အမှန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝ လူ့ချမ်းသာသည် သံသရာနှင့်ကြည့်က ရေပွက်ပမာ မမက်စရာဟု ပညာရှင်တို့ မြင်ကြမည်သာ ဖြစ်ပေသည်။ အသိဉာဏ်မဲ့သူတို့သည် လောကကို ခင်မင်တွယ်တာ သလောက်၊ ပညာရှင်တို့က လောကကို မခင်ကြ၊ မတွယ်တာကြ၊ မုန်းရှာကြ၏။ အသိဉာဏ်မဲ့သူတို့၏သန္တာန်မှာ တဏှာ၊ မောဟ အရင်းခံ၍ ပညာရှင်တို့ သန္တာန်မှာ ပညာသာ အရင်းခံရှိပေ၏ဟု ပညာရှင်တို့ ဆုံးဖြတ်ကြမည်။

**ပဿတိ ပဿော ပဿန္တံ၊**
**အပဿန္တဉ္စ ပဿတိ။**
**အပဿန္တံ အပဿန္တော၊**
**ပဿန္တဉ္စ န ပဿတိ**-ဟု ထေရအပဒါန်၌ လာ၏။

ဗုဒ္ဓ၏ဒေသနာတော်တွေဟာ အသိဉာဏ် ဆာလောင်နေသူတို့အဖို့ လောကမှာရှိနေ မြင်နေတဲ့ ရတနာ ရွှေ ငွေထက် အဆအရာမက တန်ဖိုးရှိပေလိမ့်မည်။ လောကအာရုံ ခင်မင်သူတွေအတွက် စိတ်ပျက်စရာ၊ မကြည့်လို၊ မမြင်လိုစရာ ဖြစ်ပေလိမ့်မည်။

ဥပမာပြရလျှင် ဗုဒ္ဓဒေသနာတော်တွေဟာ လမ်းမ လမ်းဆုံက ရေအိုးစင်နှင့် တူပေ၏။ ရေအိုးစင်ရှိ ရေကို သောက်လိုသောသူ သောက်နိုင်၏၊ မသောက်လိုသောသူကို အပြစ်မမြင်လိုပါ။



ထို့အတူပါပဲ ဗုဒ္ဓ၏ဒေသနာတော်တည်းဟူသော ရေသည် အသိပညာဝတ်သောသူတို့ မဂ်ဖိုလ်နိဗ္ဗာန်လိုသောသူတို့ သောက်နိုင်၊ ချိုးနိုင်၊ သုံးဆောင်နိုင်သလို လောကတစ်ခွင် ခုံမင်နှစ်သက်သူတို့ကို ဗုဒ္ဓကလည်းကောင်း၊ ဒေသနာက လည်းကောင်း အပြစ်ပြောမည် မဟုတ်၊ ချစ်မည်လည်း မဟုတ်၊ မုန်းမည်လည်း မဟုတ်၊ အဘယ်ကြောင့်နည်းဆိုသော် ဓမ္မကို (ဝါ) သဘောကို ပိုင်နိုင်စွာ သိမြင်နေသောကြောင့် ဖြစ်ပေ၏။

ပဿတိ ပဿော-စသော ဂါထာဒေသနာတော်၏ ဆိုလိုရင်းကတော့ ဥပမာနှင့်ဖွင့်မှ လင်းမည်ထင်၍ ဥပမာဖြင့် ပြလိုက်ပါသည်။

မျက်စိအမြင်ရှိသောသူသည် မိမိမှတစ်ပါး အခြားကန်းသောသူကိုလည်းကောင်း၊ မကန်းသောသူကိုလည်းကောင်း၊ သိနိုင် မြင်နိုင်သကဲ့သို့ အသိဉာဏ်ရှိသောသူသည်လည်း ထိုနည်းတူစွာ မိမိမှတစ်ပါးသော အသိဉာဏ်ရှိသောသူကိုလည်းကောင်း မရှိသောသူကိုလည်းကောင်း မြင်နိုင်ပေ၏။

**အသာတံ သာတရူပေန၊**
**ပိယရူပေန အပ္ပိယံ။**
**ဒုက္ခံ သုခဿ ရူပေန၊**
**ပမတ္တမတိဝတ္တတိ။** (ဥဒါန်ပါဠိ)၌ လာ၏။

ဗုဒ္ဓ၏ဒေသနာတော်များသည် အသိဉာဏ်ကို ပွင့်လင်းစေပါသည်။ ပင်ကိုယ်ဓာတ်ခံ ပင်ကိုယ်ဉာဏ်ရှိသူတို့ကား ဆိုဖွယ်ရာ မရှိတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



လောကကို လှည့်စားနေသောတရားများ၊ မသာယာအပ်သော သဘောတရားများသည် သာယာအပ်သောသဘော၊ အတုအယောင်ဖြင့် အသိဉာဏ်မဲ့ လူငနဲတွေကို အစဉ်တစိုက်လိုက်၍ ဖျက်ဆီးနေ၏။ မချစ်အပ်သော သဘောတရားသည် ချစ်အပ်သောသဘော၏ အတုအယောင်ဖြင့် အသိဉာဏ်မဲ့ လူကနဲတွေကို အစဉ်လိုက်၍ ဖျက်ဆီးနေ၏။

ဆင်းရဲသည် ချမ်းသာခြင်း၏ အတုအယောင်ဖြင့် အသိဉာဏ်မဲ့ လူငနဲတွေကို အစဉ်တစိုက်လိုက်၍ ဖျက်ဆီးနေ၏။ အဖျက်ဆီးခံနေရသောသူတို့သည် အမှန်တရား မမြင်ကြ၍သာ ဖြစ်ပေ၏။

လောကမှာ အမှန်ရှာမှ အမှားတွေ့၊ အမှားသိမှ အမှန်ရ ဆိုသလို အမှားသည် တွေ့မြဲဓမ္မတာဖြစ်၏။ ဓမ္မတာကို အဖန်ဖန် အခါခါ စဉ်းစားပါမှ အမှန်တရားကို မြင်နိုင်၏။

အမှန်တရားသည် ကိုယ်တွင်းကိုယ်ပ နှစ်ဌာနတို့၌ ပြည့်နှက်၍နေ၏။ မသိမမြင်ခြင်းကား **"ပညာသတိ မရှိသသူ အပြစ်ထူ၏"**ဟု မန်လည်ဆရာတော် မိန့်မှာခဲ့သည့်အတိုင်း ပညာမရှိ သတိမမူသောကြောင့် ဖြစ်ပေ၏။ သိမြင်ခြင်းကား ပညာရှိ သတိမူသောကြောင့် အပြန်အားဖြင့် သိနိုင်ပေ၏။

ထို့ကြောင့် ပညာသတိတရားဖြင့် အမှားခေတ်ကို ဖြိုခွင်း တွန်းလှန်နိုင်ပါစေသတည်းဟု ပတ္ထနာပြုကာ နိဂုံးအုပ်လိုက်ပေပြီ။

■

## ကံအကြောင်း သိကောင်းစရာ

ကမ္မဒါယာဒေါ ကမ္မယောနိ-ဟု ဘုရားဟောရှိသည့်အားလျော်စွာ သတ္တဝါတွေဟာ ကံ၏ အမွေခံ၊ ကံသာလျှင် အကြောင်းအရင်းခံရှိတယ်လို့ ဟောထားတော်မူခဲ့ပါတယ်။

ဒီတော့ "ကံ"ဆိုတာ ဘာလဲ၊ ဘယ်ကဖြစ်လာသလဲ ဆိုတာ မေးခွန်းထုတ်စရာပါ။ ဒီမေးခွန်းကို လူတိုင်းအဖြေရှာသင့်ပါတယ်၊ (သို့မဟုတ်) လူတိုင်း ဖြေကြည့်သင့်ပါတယ်။ ဘာပြုလို့လဲဆိုရင် လူတိုင်း သိသင့် သိထိုက်၊ လိုက်နာသင့် လိုက်နာထိုက်လို့ပဲပေါ့။ အကယ်၍ ဒီအဖြေကို လူတိုင်းမသိခဲ့ရင် မရှာနိုင်ခဲ့ရင် မရှာခဲ့ရင် "ကံ"၏ အမွေခံဆိုတာ ပိုင်ပိုင်နိုင်နိုင် ရှင်းရှင်းလင်းလင်း ကွဲကွဲပြားပြား မသိနိုင်ကြပါဘူး။

"ကံ"ဆိုတာ ဘာလဲ၊ ဘယ်ဟာကို ခေါ်သလဲဆိုတဲ့ မေးခွန်း၏အဖြေ **"စေတနာဟံ, ဘိက္ခဝေ, ကမ္မံ ဝဒါမိ။ စေတယိတွာ ကမ္မံ ကရောတိ- ကာယေန ဝါစာယ မနသာတိ"**

[ပါ-၃၊ နှာ -၄၅]

မိမိ၏ စိတ်မှာ ဖြစ်ပေါ်လာတဲ့ စေတနာ (စေ့ဆော်တိုက်တွန်းခြင်းသဘောလေးကို) **"ကံ"**လို့ ခေါ်ပါသတဲ့။ ပို၍ရှင်းအောင် ဥပမာဖြင့် ကြည့်ကြပါစို့။

www.burmeseclassic.com

www.burmeseclassic.com



ကလေးတစ်ယောက်ဖြစ်ပေါ်လာလျှင် နာမည်ပေးရသလို ထိုကလေးသင်္ကန်းဝတ်လျှင် ဘွဲ့နာမည် ပေးရသလို၊ ထိုနည်းတူစွာ ဘုရားရှင်က စေတနာ= စေ့ဆော်တိုက်တွန်းခြင်းသဘောလေးကို "ကံ"လို့ အမည်ပေးပြီး ဟောကြားတော်မူခြင်းဖြစ်ပါတယ်။ ဘယ်က ဖြစ်လာသလဲဆိုတဲ့ မေးခွန်း၏အဖြေ မိမိ၏ ကိုယ်,နှုတ်,စိတ် သုံးပါးတို့တွင် တစ်ပါးပါးမှ ဖြစ်ပေါ်လာသည်ဟု အဖြေပေးရမှာပါ။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်တို့ မိဘ,ဆရာများ ကန်တော့ကြသည့်အခါ ကာယကံ,ဝစီကံ, မနောကံသုံးပါးသောကံတို့တွင် တစ်ပါးပါးသောကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါစသည် ကန်တော့ကြတာကို အများ မြင်လွယ် သိလွယ်အောင် အထောက်အထား ပြလိုက်ပါသည်။ အထောက်အထား သက်သေသာဓကတို့ဆိုတာ ယုံကြည်မှုကို ရယူခြင်းသဘော ဆောင်လေသည်။

**"တရားမရှု၊ ကောင်းပြုမမူ၊ မိုက်သွေးထူသည့်၊ လူမလိမ္မာ၊ ဟူသည်မှာကား၊ ချမ်းသာနည်းပါး၊ ဒုက္ခများ၏၊ ကောင်းစားဆိုးစား၊ ဤနှစ်ပါးကား၊ အခြားနတ်လူ၊ မည်သူမပြု၊ မိမိမှုတည်း။** (မဃ-ပိုဒ် ၂၄၂)မှာ ကံ၏အကျိုးတရား၊ ကံ၏ အကျိုးဆက်ကို မန်လည်ဆရာတော်ကြီးက ရေးစပ်တော်မူခဲ့ပါ သည်။

**ကောင်းစားဟူသည်-** ကျန်းမာ,ချမ်းသာပြီး အစစအရာရာ ပြည့်စုံခြင်းကို ဆိုလိုပါသည်။



**ဆိုးစားဟူသည်-** ကျန်းမာရေး ချို့တဲ့ခြင်း၊ ပစ္စည်းဥစ္စာ မပြည့်စုံခြင်း၊ အစစအရာရာ မပြည့်စုံခြင်း၊ လိုအပ်ချက် မပြည့်စုံခြင်းကို ဆိုလိုပါသည်။

လူတစ်ဦးတစ်ယောက် ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ ဘယ်ဗြဟ္မာ၊ ဘယ်သကြား၊ ဘယ်နတ်များကမှ လုပ်ပေးတာ၊ ဖန်ဆင်းပေးတာ မဟုတ်ဘူး၊ မိမိ၏ ပြုလုပ်ခဲ့ပြီးသော ကံ (အတိတ်ကံ) ဘဝါဘဝများက ပြုလုပ်ခဲ့ပြီးတဲ့ "ကံ"၏ အကျိုးဆက်ပဲ။ ဒါကို အခြားနတ်လူ ဘယ်သူမပြု မိမိမှုတည်းဟု စကားဝှက် ရေးစပ်ထားခြင်းဖြစ်သည်။

"ကံ"သည် ကုသိုလ်ကံ, အကုသိုလ်ကံဟူ၍ နှစ်မျိုးနှစ်စားရှိသည်ဟု မှတ်ပါ။ ခေတ်စကားအရ ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံ။

ကောင်းတာလုပ်တာ၊ ပြောတာ၊ ကြံစည်တာ ကောင်းတဲ့ ကံ-ကုသိုလ်ကံ၊ မကောင်းတာ လုပ်တာ ပြောတာ, ကြံစည်တာ မကောင်းတဲ့ ကံ-အကုသိုလ်ကံဟု နားလည်သင့်သည်၊ သဘောပေါက်သင့်သည်။

ဘာပြုလို့ ဒီလိုလုပ်ကြသလဲဆိုလျှင် အကြောင်းအကျိုး မသိလို့၊ မမြင်လို့၊ အကောင်းအဆိုး မသိလို့ မမြင်လို့ ဒီလိုပဲ အဖြေမှန် ထုတ်ယူရပါလိမ့်မည်။ ဒီအဖြေဟာ မိမိသဘောနဲ့ အဖြေမှန် ထုတ်ထားခြင်း မဟုတ်ပါ။ ဘုရားဟောစာပေ တရားဒေသနာများကို လေ့လာအားထုတ်လျက် အာရုံပြု စဉ်းစားပြီး အဖြေထုတ်ခြင်း ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ ခန္ဓာ၊ မိမိတို့၏အသိဉာဏ်ဟာ အားမကိုးလောက်ပါဘူး၊ ဗုဒ္ဓ၏ဉာဏ်တော် ဗုဒ္ဓ၏ တရားတော်များကို အားကိုးပြီး အမှီပြုပြီး ဤဆောင်းပါးကို ရေးသားပြုစုရခြင်း ဖြစ်ပါတယ်။ သတ္တဝါတိုင်း လူတိုင်း ကံကို အရင်းခံပြီး ဖြစ်ကြတာပါ၊ ဘာကြောင့်လဲဆိုရင် (ဏီ-နှာ ၁၀၈)မှာ-

**ကမ္မုနာ ဝတ္တတေ လောကော၊**

**ကမ္မုနာ ဝတ္တတေ ပဇာ။**

**ကမ္မနိဗန္ဓနာ သတ္တာ၊**

**ရထဿာဏီဝ ယာယတော။** ဟု ဖွင့်ပြထားပါတယ်၊

မြန်မာလို ပြောပြရရင် သတ္တဝါတွေဟာ လူတွေဟာ ကုသိုလ်ကံ, အကုသိုလ်ကံ၊ ကောင်းတဲ့ကံ, မကောင်းတဲ့ကံတို့၏ အစွမ်းသတ္တိကြောင့် ဖြစ်လာကြ အသက် ရှင်သန်နေကြတာပါ။

ဒီဒေသနာတော်ကို မိမိဉာဏ်စွမ်းရှိသမျှ အကျယ်ချဲ့ပြရရင် "ကံ"ဆိုတာ လုပ်ယူနေစရာ မလိုဘူး၊ အသက်ရှင်နေသမျှ ရှိနေသမျှ နေ့စဉ်နှင့်အမျှ သတ္တဝါတွေဟာ "ကံ"ဖြစ်နေကြတာပဲ။

ဖြစ်ပုံကို စဉ်းစားကြည့်ကြစို့၊ မိမိတို့၏ ကိုယ်, နှုတ်, စိတ် သုံးပါးတို့တွင် ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ နှုတ်ဖြင့်ပြောဆိုခြင်း၊ စိတ်ဖြင့် ကြံစည်ခြင်းဟာ နေ့တိုင်း အချိန်တိုင်း ဖြစ်မနေကြဘူလား၊ တစ်ခုမဟုတ် တစ်ခုတော့ ဖြစ်နေကြတာပါပဲ၊ ဒါကြောင့် "ကံ" ဟာ လုပ်ယူနေစရာမလိုဘူးဟု ဆိုလိုက်ခြင်း ဖြစ်သည်။



ကုသိုလ်ကံလား၊ အကုသိုလ်ကံလား၊ ကောင်းတဲ့ကံလား၊ မကောင်းတဲ့ကံလား ဒီနှစ်မျိုးပဲ ကွဲပြားသွားမှာပါ၊ အသိဉာဏ်ရှိတဲ့သူ (သို့မဟုတ်) အကြောင်းအကျိုး သိတဲ့သူဆိုရင် ကောင်းတဲ့ကံ ကုသိုလ်ကံဖြစ်အောင် ကြိုးစားအားထုတ်မှာပါ၊ ဘာကြောင့်လဲ အသိဉာဏ်ရှိလို့ (သို့မဟုတ်) သက်ရှိသတ္တဝါတိုင်း၊ နေ့စဉ်နှင့်အမျှ နာရီမလပ် အချိန်မအား တွေကြုံပြီး ချမ်းသာ,ဆင်းရဲ ခံစားနေခြင်းသဘောတရားတွေဟာ သတ္တဝါ တစ်ဦးတစ်ယောက်ရဲ့ "ကံ"ပါပဲ။

ကုသိုလ်၏သဘောကို စာပေအရဆိုရသော် အနဝဇ္ဇသုခဝိပါကလက္ခဏာ- အပြစ်မရှိခြင်း၊ ဖြူစင်သောအကျိုးပေးခြင်းသဘောရှိ၏၊ အပြစ်မရှိချင်လျှင် ဖြူစင်သောအကျိုးကို ပေးလိုလျှင် ကောင်းသောအကျိုးကို ပေးလိုလျှင် (တစ်နည်း) လိုချင်လျှင် ရချင်လျှင်ပေါ့ ကုသိုလ်ကို ပြုလုပ်ကြပါ၊ ကောင်းတာကို ပြုလုပ်ကြပါဟု ပြောလိုပါတယ်။

လုပ်ကြပါဆိုတဲ့နေရာမှာ ကုသိုလ်မျိုးစုံ ကောင်းတာမျိုးစုံ လုပ်ကြပါမှ ကောင်းတဲ့ကံ အကျိုးမျိုးစုံအောင် ရကြမှာဆိုတာ စာဖတ်မိသူအားလုံး သိစေချင် မြင်စေချင် လုပ်စေချင်ပါတယ်။

ကုသိုလ်ကောင်းတာနှင့်ပတ်သက်လို့ (ဏီ-နှာ၊ ၈၁-)မှာ အမျိုးမျိုး ဖွင့်ပြတာ တွေ့ရပါတယ်။ ကောက်ချက် ချကြည့်လျှင် ကောင်းတာအကျိုးရှိတာ မှန်သမျှ အချိန်မီ သိပြီး၊ အချိန်မီ ပြုလုပ်ကြဘို့ အရေးကြီးပါတယ်။ ဒီထက် အရေးကြီးတာ မရှိပြီဟူ၍ မှတ်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ ခန္ဓာ၊ မိမိတို့၏အသိဉာဏ်ဟာ အားမကိုးလောက်ပါဘူး၊ ဗုဒ္ဓ၏ဉာဏ်တော် ဗုဒ္ဓ၏ တရားတော်များကို အားကိုးပြီး အမှီပြုပြီး ဤဆောင်းပါးကို ရေးသားပြုစုရခြင်း ဖြစ်ပါတယ်။ သတ္တဝါတိုင်း လူတိုင်း ကံကို အရင်းခံပြီး ဖြစ်ကြတာပါ၊ ဘာကြောင့်လဲဆိုရင် (ဏီ-နှာ ၁၀၈)မှာ-

**ကမ္မုနာ ဝတ္တတေ လောကော၊**

**ကမ္မုနာ ဝတ္တတေ ပဇာ။**

**ကမ္မနိဗန္ဓနာ သတ္တာ၊**

**ရထဿာဏီဝ ယာယတော။** ဟု ဖွင့်ပြထားပါတယ်၊

မြန်မာလို ပြောပြရရင် သတ္တဝါတွေဟာ လူတွေဟာ ကုသိုလ်ကံ, အကုသိုလ်ကံ၊ ကောင်းတဲ့ကံ, မကောင်းတဲ့ကံတို့၏ အစွမ်းသတ္တိကြောင့် ဖြစ်လာကြ အသက် ရှင်သန်နေကြတာပါ။

ဒီဒေသနာတော်ကို မိမိဉာဏ်စွမ်းရှိသမျှ အကျယ်ချဲ့ပြရရင် "ကံ"ဆိုတာ လုပ်ယူနေစရာ မလိုဘူး၊ အသက်ရှင်နေသမျှ ရှိနေသမျှ နေ့စဉ်နှင့်အမျှ သတ္တဝါတွေဟာ "ကံ"ဖြစ်နေကြတာပဲ။

ဖြစ်ပုံကို စဉ်းစားကြည့်ကြစို့၊ မိမိတို့၏ ကိုယ်, နှုတ်, စိတ် သုံးပါးတို့တွင် ကိုယ်ဖြင့်ပြုလုပ်ခြင်း၊ နှုတ်ဖြင့်ပြောဆိုခြင်း၊ စိတ်ဖြင့် ကြံစည်ခြင်းဟာ နေ့တိုင်း အချိန်တိုင်း ဖြစ်မနေကြဘူလား၊ တစ်ခုမဟုတ် တစ်ခုတော့ ဖြစ်နေကြတာပါပဲ၊ ဒါကြောင့် "ကံ" ဟာ လုပ်ယူနေစရာမလိုဘူးဟု ဆိုလိုက်ခြင်း ဖြစ်သည်။



ကုသိုလ်ကံလား၊ အကုသိုလ်ကံလား၊ ကောင်းတဲ့ကံလား၊ မကောင်းတဲ့ကံလား ဒီနှစ်မျိုးပဲ ကွဲပြားသွားမှာပါ၊ အသိဉာဏ်ရှိတဲ့သူ (သို့မဟုတ်) အကြောင်းအကျိုး သိတဲ့သူဆိုရင် ကောင်းတဲ့ကံ ကုသိုလ်ကံဖြစ်အောင် ကြိုးစားအားထုတ်မှာပါ၊ ဘာကြောင့်လဲ အသိဉာဏ်ရှိလို့ (သို့မဟုတ်) သက်ရှိသတ္တဝါတိုင်း၊ နေ့စဉ်နှင့်အမျှ နာရီမလပ် အချိန်မအား တွေကြုံပြီး ချမ်းသာ,ဆင်းရဲ ခံစားနေခြင်းသဘောတရားတွေဟာ သတ္တဝါတစ်ဦးတစ်ယောက်ရဲ့ "ကံ"ပါပဲ။

ကုသိုလ်၏သဘောကို စာပေအရဆိုရသော် အနဝဇ္ဇသုခဝိပါကလက္ခဏာ- အပြစ်မရှိခြင်း၊ ဖြူစင်သောအကျိုးပေးခြင်းသဘောရှိ၏၊ အပြစ်မရှိချင်လျှင် ဖြူစင်သောအကျိုးကို ပေးလိုလျှင် ကောင်းသောအကျိုးကို ပေးလိုလျှင် (တစ်နည်း) လိုချင်လျှင် ရချင်လျှင်ပေါ့ ကုသိုလ်ကို ပြုလုပ်ကြပါ၊ ကောင်းတာကို ပြုလုပ်ကြပါဟု ပြောလိုပါတယ်။

လုပ်ကြပါဆိုတဲ့နေရာမှာ ကုသိုလ်မျိုးစုံ ကောင်းတာမျိုးစုံ လုပ်ကြပါမှ ကောင်းတဲ့ကံ အကျိုးမျိုးစုံအောင် ရကြမှာဆိုတာ စာဖတ်မိသူအားလုံး သိစေချင် မြင်စေချင် လုပ်စေချင်ပါတယ်။

ကုသိုလ်ကောင်းတာနှင့်ပတ်သက်လို့ (ဏီ-နှာ၊ ၈၁-)မှာ အမျိုးမျိုး ဖွင့်ပြတာ တွေ့ရပါတယ်။ ကောက်ချက် ချကြည့်လျှင် ကောင်းတာအကျိုးရှိတာ မှန်သမျှ အချိန်မီ သိပြီး၊ အချိန်မီ ပြုလုပ်ကြဘို့ အရေးကြီးပါတယ်။ ဒီထက် အရေးကြီးတာ မရှိပြီဟူ၍ မှတ်ပါလေ။

www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်ကံ ကုသိုလ်ကျိုး ပိုင်ပိုင်နိုင်နိုင် သိပြီဆိုလျှင် အကုသိုလ်ကံ အကုသိုလ်အကျိုး၊ မကောင်းတဲ့ကံ မကောင်းတဲ့ကံ၏ အကျိုးများကိုလည်း အပြန်အားဖြင့် သိနိုင်မြင်နိုင်လောက်ပြီးသား ဖြစ်ပါလိမ့်မည်။ မဖြစ်သေးရင်လည်း မိမိလေ့လာမှု ဆည်းပူးမှု နည်းပါးသေးလို့ပါ၊ ကြိုးစားပါဦးဟု စာရေးသူက တိုက်တွန်းနှိုးဆော်လိုက်ပါရစေ။

ယနေ့ခေတ်ဟာ အကြံအဖန်များတဲ့ခေတ်ပါ၊ အပြန်အားဖြင့် ကြည့်တတ်မယ်ဆိုလျှင် အမှန်အကန်ပါးတဲ့ခေတ်၊ အတုအယောင်ကလည်း ပေါ၊ အမှုဆောင်ကလည်း ပေါများနေတော့ ကုသိုလ်ကောင်းတာတွေတောင် အကြံအဖန်ထုလို့ရရင် ထုကြမှာပါ။ အတုအယောင်လုပ်လို့ရရင် လုပ်ကြမှာပါ။

အကြောင်းအကျိုးမသိလို့ဘဲဟု အဖြေမှန်ထုတ်ကြည့်တတ်ရမယ်၊ မသိတတ်သူ - အသိဉာဏ်ကင်းမဲ့တဲ့သူ အသိဉာဏ်မရှိတဲ့သူများကြတော့ အကောင်းအဆိုး အကြောင်းအကျိုး မစဉ်းစားတတ်ဘူး၊ မစဉ်းစားနိုင်ဘူး၊ အသိဉာဏ်ရှိတဲ့သူ ပြောလည်း လက်ခံလိုစိတ် နာခံလိုစိတ် မရှိနိုင်ဘူး၊ မိမိလုပ်တာပြောတာ စိတ်ကူးပေါ်တာမှ ဟုတ်တယ်ထင်နေတာကိုး၊ အဲ့ဒီလိုလူမျိုးဟာ ရစရာရှိရင် ဘယ်လိုရရ၊ လိမ်လို့ရရ၊ ခိုးလို့ရရ၊ ခွင်ထုလို့ရရ၊ သူ ချတော့မယ်၊ စားဝတ်နေရေးအဆင်ပြေဖို့ အဓိကထားပြီး သူ ဒီလိုပဲလုပ်တော့မယ်။

ဒါကို မန်လည်ဆရာတော်ဘုရားကြီးက **"မဲ့ထပညာ၊ အလိမ္မာကင်း၊ လူခပင်းကား၊ မြေ,တွင်း,မီး,ရေ၊ မှီနေရုက္ခ၊**



**စားထအစာ၊ ကိုးကွယ်ရာမှ၊ မှန်စွာမချွတ်၊ ဘေးဖြစ်တတ်၏"**ဟု အဆုံးအမ ပေးခဲ့ပါတယ်။

အဓိပ္ပာယ်ကတော့ အသိဉာဏ်မရှိတဲ့သူ၊ ရှိသေမှုလေးစားမှုမှအစ လိမ္မာရေးခြားနည်းပါးသူ၊ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ကြမ်းတမ်းသူ၊ ရိုင်းစိုင်းသူများသည် မြေ,တွင်း,မီး,ရေ, သစ်ပင် (အိမ်) အစားအစာ ကိုးကွယ်ရာ ဘာသာများမှ ဧကန် ဘေးအန္တရာယ်ဖြစ်တတ်သည်၊ ဖြစ်လိမ့်မည်ဟု ဆိုလိုရင်းဖြစ်ပါသည်။

ဘေးအန္တရာယ်ဆိုတာ လူမိုက် အသိဉာဏ်မရှိတဲ့သူကြောင့်ဖြစ်တာ၊ လူလိမ္မာ သူတော်ကောင်းကြောင့် မဖြစ်ဘူးဟု တစ်နည်း မှတ်သင့်ပါသည်။

**ကမ္မေန ကိတ္တိံ လဘတေ ပသံသံ။** (ဏီနွာ-၁၀၈)

**ကမ္မေန-** ကံကြောင့်၊ **ကိတ္တိံ-** ကျော်စောခြင်းကို၊ **လဘတေ-** ရ၏၊ **ပသံသံ-** ချီးမွမ်းခြင်းကို၊ **လဘတေ-**ရ၏တဲ့။ နာမည်ကြီးတယ် နာမည်ကျော်တယ် ထင်ထင်ပေါ်ပေါ် ဖြစ်ကြတာလည်း ကံကြောင့်ပါပဲ၊ ချီးကျူးခံရတယ်၊ ချီးမွမ်းခံရတယ် ဆိုတာလည်း ကံကြောင့်ပါပဲ။

**"ကမ္မံ သတ္တေ ဝိဘဇတိ"** လို့ ထပ်ပြီးပြပါသေးတယ်၊ **သတ္တေ-** သတ္တဝါတို့ကို၊ **ကမ္မံ-** ကံသည်။ **ဝိဘဇတိ-** ဝေဘန်၏၊ ခွဲခြား၏တဲ့။

သတ္တဝါတွေကို လူတွေကို ကံက ခွဲခြားဝေဘန်သမှု ပြု

www.burmeseclassic.com

www.burmeseclassic.com



ပေးနေတာလို့ ပြောနေတာ၊ ဒီနေရာမှာ မိမိ သိ,မသိ ပြုလုပ်ခဲ့ဘူးတဲ့ကံလို့ နားလည်သဘောပေါက်စေချင်ပါတယ်။

**"ကမ္မေန ဇာနိဉ္စ ဝဓဉ္စ ဗန္ဓံ"**လို့ ထပ်ပြီး တွေ့ရ ပြန်ပါသေးတယ်။ **ကမ္မေန-** ကံကြောင့်၊ **ဇာနိဉ္စ-** ရှုံးခြင်းကိုလည်းကောင်း၊ **ဝဓဉ္စ-** ညှဉ်းဆဲခြင်းကိုလည်းကောင်း၊ **ဗန္ဓံ စ-** နှောင်ဖွဲ့ခြင်းကိုလည်းကောင်း၊ **လဘတေ-** ရ၏။

သတ္တဝါတွေဟာ လူတွေဟာ ကံကြောင့် ဆုံးရှုံးကြရ၊ ညှဉ်းဆဲခံကြရ နှောင်ဖွဲ့ ဖမ်းဆီးခံနေကြရပါသတဲ့၊ တလောကလုံး သတ္တဝါတွေအနေနဲ့ ကြည့်ကြည့်၊ လူတွေအနေနဲ့ ကြည့်ကြည့် ကောင်းမွေဆိုးမွေ ကောင်းကျိုးဆိုးကျိုး ခံစားနေကြသူတွေ၊ ပြုလုပ်နေကြသူတွေချည်းပါပဲဆိုတာ တွေ့မြင်ရပါလိမ့်မယ်။

ကောင်းတဲ့ကံ ကောင်းတဲ့အကျိုး အမျိုးမျိုးကို တွေ့ကြုံချင်လျှင် ခံစားချင်လျှင် အသိဉာဏ်အသုံးပြုရမှာပါ၊ လူတိုင်းလူတိုင်း အသက်အရွယ်ငယ်သေးလျှင် အသိဉာဏ်နုနယ်တာနည်းပါတာ သဘာဝပါ၊ နားမထောင်နိုင်တာက ချာလှတယ်၊ အသိဉာဏ်ဖွံ့ဖြိုးအောင် ဘာသာရေးစာပေ ဗုဒ္ဓစာပေများ လေ့လာဆည်းပူးကြဖို့ ရှာမှီးကြဖို့ အထူးပင် လိုအပ်ပါတယ်။

လူကြီးလူကောင်း၊ ထေရ်ကြီး ဝါကြီးဆရာတော်တို့ထံ နည်းခံဆည်းကပ်ကြဖို့ အထူးပင် လိုအပ်ပါတယ်။ နည်းခံတဲ့နေရာမှာ နည်းကျန်အောင် ရအောင်ယူတတ်ဖို့ သတိပေးလိုပါတယ်၊ နည်းခံပြီး နည်းမကျန်ရင်လည်း အလကားပါပဲ။



ဗုဒ္ဓစာပေ ဘာသာရေးစာပေများ လေ့လာပြီး လောကအာရုံနောက် ပြားပြားမှောက် ရောက်နေရင်လည်း အလကားပဲ၊ စာပေအရ ပြောရရင် "အဟောသိကံ" ဖြစ်သွားတယ်ဆိုတာ ဒါမျိုးကို ပြောတာ၊ ဘာသာရေး မိမိရင်ထဲမှာ တကယ်ရှိလျှင် တကယ် အာမခံပေးရပါတယ်၊ ဘာသာရေးဆိုတာလည်း တကယ်လုပ်မှ တကယ်သိတာ တကယ်သိမှ တကယ်ယုံကြည်မှု အားကိုးမှုဆိုတာ ဖြစ်ပေါ်လာမှာပါ၊ တရားတော်၏ ဂုဏ်တော် (၆)ပါးနှင့် ယှဉ်ကြည့်လျှင် သန္ဒိဋ္ဌိကဂုဏ်တော်နှင့် ပြည့်စုံပြီးသား ဖြစ်ပေါ် နေတာ တွေ့ရပါလိမ့်မယ်။

သန္ဒိဋ္ဌိကဟူသည် မျက်မှောက်ဘဝ၌ပင် ကောင်းကျိုးချမ်းသာကို ပေးတတ်သော အစွမ်းသတ္တိရှိသောကြောင့် သန္ဒိဋ္ဌိကဂုဏ်တော်မည်၏။

အကာလိကဟူသည် အခါမလင့် အချိန်မဆိုင်း အကျိုးကို ပေးတတ်သော အစွမ်းသတ္တိရှိသောကြောင့် အကာလိကဂုဏ်တော်မည်၏တဲ့။

ကြားညှပ်ပြီး သိမှတ်စရာလေးတစ်ခု ရေးလိုက်ပါရစေ၊ သူတော်ကောင်းတို့ လူလိမ္မာတို့ဆိုတာ အပြစ်ပြုပြီး ဆုံးမတာ ပြောပြတာ လက်ခံနိုင်စွမ်းရှိတယ်၊ ပြုပြင်နိုင်စွမ်းရှိတယ်၊ လူမိုက်တို့ မယဉ်ကျေးတဲ့သူ၊ ကြမ်းတမ်းတဲ့သူတို့ဟာ အပြစ်ပြုပြီး ဆုံးမတာ ပြောပြတာ လက်ခံနိုင်စွမ်း မရှိဘူး။ ပြုပြင်ဖို့ဆိုတာ ဝေးရော၊ ဆုံးမတာ ပြောပြတာကို ပြန်ပြီး ချေဖျက် အတွန့်တက်နေတတ်ပါသေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို မဃဒေဝ မန်လည်ဆရာတော်ကြီးက **"နားပါး မဝင်၊ သိမြင်မဲ့စွာ၊ သူယုတ်မာကား၊ ခြင်းရာကောင်းဆိုး၊ ကြောင်းကျိုးတရား၊ မဟောကြားရာ၊ ဟောမိပါက၊ အပြစ်ရ၏"**ဟု ရေးစပ်တော်မူခဲ့ပါတယ်။

နားမဝင် ပါးမဝင်၊ နားမလည် ပါးမလည်၊ အသိမဲ့ အမြင်မဲ့တဲ့သူယုတ်မာကို အကြောင်းအခြင်းအရာ အကောင်း အဆိုး သဘောတရား မပြောပါနဲ့ မဟောပါနဲ့၊ အကယ်၍ ပြောမိဟောမိခဲ့သော် မိမိကို ပြန်ပြီး အပြစ်အပြောခံရလိမ့်မည် ဟု ဆိုလိုခြင်း ဖြစ်ပါတယ်။

ယခုခေတ်မြန်မာနိုင်ငံမှာပေါ့ မေးလိုက်ရင် မင်းဘယ် ဘာသာဝင်လဲ ဗုဒ္ဓဘာသာဝင်လို့ အဖြေပေးကြမှာပါ၊ ဒီအဖြေ လောက်နဲ့ ဂိတ်ဆုံးကြတဲ့သူတွေ များပါတယ်။ ဗုဒ္ဓဘာသာကို သဘောအဓိပ္ပါယ်ရှာလျှင် ကိုးကွယ်ဆည်းကပ်ခြင်းသဘော၊ ဘာကြောင့် ကိုးကွယ်ကြ ဆည်းကပ်ကြသလဲ သဘောအဓိပ္ပါယ် ထပ်ပြီးရှာလျှင် အားကိုးခြင်းသဘော မှီခိုခြင်းသဘောအဓိပ္ပါယ် ကို ထပ်ပြီး တွေ့မြင်ရပါလိမ့်မယ်၊ အားကိုးတဲ့နေရာမှာ တကယ် အားကိုးတာလား၊ ဝါးတားတား အားကိုးတာလား၊ မိမိကိုယ်ကို ခွဲခြားကြည့်လျှင် ခွဲခြားတတ်လျှင် သိနိုင်မြင်နိုင်ပါလိမ့်မည်။

စာရေးသူအမြင်ပြောရလျှင် လူငယ်လူလတ်ပိုင်း ဗုဒ္ဓ ဘာသာဝင်များဟာ ဝါးတားတားတွေပါပဲလို့ ပြောလိုက်ချင် ပါသည်။



ဝါးတားတားဟူသည် တကယ်သိ၊ တကယ်လုပ်၊ တကယ် လိုက်နာ၊ တကယ်ကျင့်ကြံခြင်းမျိုး မဟုတ်၊ သိသယောင်ယောင် လိုက်နာသယောင်ယောင် ကျင့်ကြံသယောင်ယောင် သဘော မျိုးကို ဆိုလိုသည်။

**"ဘဝလူ့ဘောင်၊ ကံမဆောင်မူ၊ မပြောင်တတ်ခြေ၊ တပေပေတည့်၊ လှုပ်လေမြုပ်လေ၊ ငုတ်တုတ်သေ၏"**ဟု မန်လည်ဆရာတော်ကြီးကပဲ ရေးစပ်ပြီး သတိပေးသွားတာပါ။

ဘဝတစ်ခု ရလာပြီဆိုလျှင် ကောင်းတဲ့ကံ၊ ကုသိုလ်ကံ ပံ့ပိုးမှု ထောက်ပံ့ကူညီမှုရမှ စားဝတ်နေရေးကအစ ပြောင်ပြောင် ရောင်ရောင် ရှိနေကြတာပဲမို့လား၊ မကောင်းတဲ့ကံ အကုသိုလ် ကံ ပံ့ပိုးခံရလျှင် ဆင်းဆင်းရဲရဲ ငြီးငြီးငြူငြူ ရှာဖွေ စားသောက် ကြရတာပဲမို့လား၊ ကောင်းတဲ့ကံ-ကုသိုလ်ကံက မပံ့ပိုး မထောက် ပံ့ဘူးဆိုလျှင် နန်နဲလှုပ် နန်နဲမြုပ်၊ များများလှုပ် များများမြုပ်ကြ တာပဲ၊ ငုတ်တုတ် တွေတွေဝေဝေ စဉ်းစားနေခြင်းသဘောကို ငုတ်တုတ်သေ၏ဟု လင်္ကာသဘောသွားနဲ့ ရေးသားခဲ့တာပါ။

**န ဟိ ဓမ္မော အဓမ္မော စ၊**
**ဥဘော သမဝိပါကိနော။**
**အဓမ္မော နိရယံ နေတိ၊**
**ဓမ္မော ပါပေတိ သုဂ္ဂတိန္တိ။**

[ဇာ-နှာ ၈၁]

ဓမ္မော စ၊ ကျေးဇူးရှိသော ကုသိုလ်ကံသည်လည်း ကောင်း၊ အဓမ္မော စ၊ ကျေးဇူးမရှိသော အကုသိုလ်ကံသည်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ဥဘော၊ နှစ်ပါးသော ကံတို့သည်၊ သမဝိပါကိ- နော၊ တူမျှသော အကျိုးရှိကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ အဝမ္မော၊ ကျေးဇူးမရှိသော အကုသိုလ်ကံသည်၊ နိရယံ၊ ငရဲသို့ (ဝါ) အပါယ်လေးဘုံသို့၊ နေတိ၊ ဆောင်တတ်၏၊ ဓမ္မော၊ ကျေးဇူးရှိသော ကုသိုလ်ကံသည်၊ သုဂ္ဂတိံ၊ သုဂတိဘဝသို့၊ ပါပေတိ၊ ရောက်စေတတ်၏။

ကုသိုလ်ကံ, အကုသိုလ်ကံတို့ဟာ အကျိုးပေးခြင်း, ရောက်ရာဘုံဘဝချင်း မတူကြဘူး၊ အကုသိုလ်ကံများတဲ့သူဟာ ငရဲအပါယ်လေးဘုံသို့ ပို့ဆောင်ခံရတတ်တယ်။ ကုသိုလ်ကံများတဲ့သူဟာ သုဂတိ (လူ့ပြည်၊ နတ်ပြည်) ဘုံဘဝများသို့ ပို့ဆောင် ခံရတတ်တယ်လို့ ဆိုလိုခြင်း ဖြစ်ပါတယ်။ ချမ်းသာဆင်းရဲကို လည်း ကုသိုလ်ကံ အကုသိုလ်ကံက ခွဲခြားသလို သုဂတိ’ ဒုဂ္ဂတိ ဘုံဘဝများကိုလည်း ကုသိုလ်ကံ အကုသိုလ်ကံကပဲ ခွဲခြား လိုက်တာပါ။

မိမိတို့ လူ့ဘဝ ရောက်ကြတယ် ရကြတယ်ဆိုတာ ကုသိုလ်ကံ အကြောင်းရင်းခံရှိလို့ဆိုတာ ပေါ်လွင်လောက်ပါပြီ၊ ရနေတဲ့လူ့ဘဝကနေ ငရဲအပါယ်ကျမသွားအောင် ကုသိုလ်ကံ ကောင်းတဲ့ကံတွေ အများကြီးအများကြီး လူတိုင်းရှိဖို့ စုထားဖို့ လိုအပ်ပါတယ်ဆိုတာ စာရေးသူက မေတ္တာရှေ့ထားပြီး သတိ ပေးစကား ဆိုလိုက်ပါရစေ။

ကုသိုလ်ကံဆိုတာ မိမိကိုယ်ကျိုးမပါတဲ့ အရာအားလုံး ဟာ ကုသိုလ်ကံဖြစ်တာတွေချည်းပါပဲ၊ အနစ်နာခံနိုင်ဖို့ပဲ အရေး



ကြီးပါတယ်၊ လှူမှု တန်းမှု ပေးမှု ကမ်းမှု ကုသိုလ်ကံဖြစ်တာ မဟုတ်ပါဘူး၊ ကူညီခြင်း စောင့်ရှောက်ခြင်းတို့ဟာလည်း ကုသိုလ် ကံတွေချည်းပါပဲ၊ ကုသိုလ်ကံ ကုသိုလ်စိတ်ဖြစ်တာနဲ့ အကုသိုလ် ကံ အကုသိုလ်စိတ်ဖြစ်မည့်အရာတွေအားလုံး တားဆီးပြီးသား ဖြစ်သွားပြီ၊ ရနေတဲ့အချိန် ရောက်နေတဲ့နေရာမှာ ကုသိုလ်ကံ ဖြစ်ဖို့ ကြိုးစားကြပါ၊ အားထုတ်ကြပါဟု ပြုလုပ်ကြပါဟု တိုက်တွန်းရင်း နှိုးဆော်ရင်း ကံအကြောင်း သိကောင်းစရာ ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါသတည်း. . . .။

■

www.burmeseclassic.com

www.burmeseclassic.com

# မေတ္တာစွမ်းအား

မေဇ္ဇတီတိ မေတ္တာ သိနိယှတီတိ အတ္ထော။

[ဇာ၊ ဋ္ဌ။၂၃၇]

ချစ်ခင်တတ်သောကြောင့် မေတ္တာမည်၏။

## မေတ္တာ၏ စွမ်းအား (၄)ပါး

၁။ ဟိတာကာရပ္ပဝတ္တိလက္ခဏာ- သတ္တဝါတို့၏ အကျိုးစီးပွားကို ကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။

၂။ ဟိတူပသံဟာရရသာ- သတ္တဝါတို့၏ အကျိုးကို ဆောင်ခြင်းကိစ္စရှိ၏။

၃။ အာဃာတဝိနယပစ္စုပဋ္ဌာနာ- ရန်ငြိုးမထားတတ်ခြင်းသဘောကို ဆောင်၏။

၄။ သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ- သတ္တဝါတို့၏ မနာပအဖြစ်ကို ရှုသော ယောနိသောမနသိကာရလျှင် နီးစွာသော အကြောင်းရှိ၏။

## မေတ္တာနှင့် ချစ်တာ ကွာခြားချက်

မေတ္တာသည် ကူညီခြင်း၊ အနစ်နာခံခြင်း သဘောကို ဆောင်၏။ ချစ်တာသည် ရယူပိုင်ဆိုင်ခြင်း၊ နှစ်သက်မြတ်နိုးခြင်း

www.burmeseclassic.com